မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၅၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆရာနှင့်ကျောင်းသား နှစ်ဦးနှစ်ဖက်ဟန်ချက်ညီရန်လို

နေပြည်တော် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသည့် ဆရာ ဆရာမများအား စတုတ္ထအကြိမ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဖြူးမြို့အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း စပယ်ဆောင်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပြည်ထောင်စုအောင်ချက်မှာ ယခင်နှစ် အဆင့် ၁၀ မှ ယခုနှစ်အဆင့် ၇ သို့ တက်လာခဲ့ပါကြောင်း၊ ယခုလာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားစွာ တိုးတက်နိုင်ရန်ဘာသာရပ်ဆိုင်ရာအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး တာဝန်ရှိသူအဆင့်ဆင့်က တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❀

ယနေ့ မာတိကာ

သံရုံးအကြမ်းဖက်ခံရမှု အပေါ် ရုရှားစိုးရိမ် — စာ » ၄

ကျွန်တော်နဲ့မိုဘိုင်းလ်ဘဏ်စနစ် — ဆောင်းပါး — စာ » ၆

ပြည်ပမှလာရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို စိတ်အေးကြစေရန် အသိပေး — စာ » ၇

ဘာလော့တယ်လီ၏ ခေါင်းတိုက်ဂိုးကြောင့် အင်္ဂလန်အဖွင့်ပွဲ ရှုံးပွဲကြုံရ — စာ » ၁၄

ရခိုင်ပြည်နယ်တစ်ခုလုံးကို မီးလင်းစေမည့် သူ့ဌေးရေအားလျှပ်စစ်စက်ရုံနှင့် သူ့ဌေးချောင်းကို သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရခိုင်ရိုးမတောင်များကြား၌ ဤသို့တွေ့ရသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးကို မီးထိန်ထိန်လင်းစေမည့် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက် တံခါးတစ်ပေါက်ဖြစ်ပြီး တောင်ကုန်းတောင်တန်းနှင့် လျှိုမြောင်များ ထူထပ်သောကြောင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည်။ ဧရိယာအကျယ်အဝန်းမှာ တောင်ပိုင်းနှင့် မြောက်ပိုင်းပေါင်းလျှင် စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး လူဦးရေပေါင်း ၃၃၇၀၄၄၉ ဦး နေထိုင်လျက်ရှိသည်။ ပင်လယ်ကမ်းရိုးတန်းသည်လည်း မိုင်ပေါင်း ၃၆၀ ရှည်လျား၍ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ဒေသဖြစ်ပြီး မိုးများသည်၊ ရာသီဥတုကြမ်းသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များကဲ့သို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားများကို ခေတ်အဆက်ဆက် တစ်ခါမျှရရှိမှုမရှိဘဲ ဖြစ်ခဲ့ရပြီး မှောင်မိုက်သောညများအတွက် ကိုယ့်အားကိုယ်ကိုး စပါးခွံမီးစက်၊ ဒီဇယ်မီးစက်များကိုသာ အားကိုးနေရသော ပြည်နယ်တစ်ခုဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ လူမျိုးတိုင်းလူမျိုးတိုင်း တန်းတူရည်တူ အခွင့်အရေးရရှိနိုင်ရေးတို့ကို အလေးထား၍ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးပေးနိုင်ရေးအတွက် အလေးထား ကြိုးစားလျက်ရှိရာ အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇ သန်း၊ နိုင်ငံပိုင်နိုင်ငံခြားငွေ ၂၈ ဒသမ ၃၄၉ သန်း၊ CNPC SEAOP နှင့် SEAPG မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀ သန်း၊ နိုင်ငံပိုင် ပြည်တွင်းငွေကျပ် ၈၈ ဒသမ ၅၀၈ သန်းစသည့် အဆိုပါငွေများကို အသုံးပြုလျက် ဓာတ်အားလိုင်းများ မိုင်ပေါင်း ၉၁၅ ဒသမ ၇၇ မိုင်နှင့် ဓာတ်အားခွဲရုံပေါင်း ၂၀ ကို တည်ဆောက် သွယ်တန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရေအားလျှပ်စစ်စက်ရုံကိုလည်း ပေါကြွယ်လှသည့်ရေအရင်းအမြစ်များမှ ထုတ်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၁၁၁)မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရခိုင်ရိုးမတောင်တန်းများပေါ်မှ မြစ်ဖျားခံ၍ ရခိုင်ပြည်နယ် (တောင်ပိုင်း) အတွင်း

စာမျက်နှာ ၇ ကော်လံ ၁ ✻

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

> “ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးပေးနိုင်ရေးအတွက် အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇ သန်း၊ နိုင်ငံပိုင်နိုင်ငံခြား ငွေ ၂၈ဒသမ ၃၄၉ သန်း၊ CNPC SEAOP နှင့် SEAPG မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀ သန်း၊ နိုင်ငံပိုင်ပြည်တွင်းငွေကျပ် ၈၈ ဒသမ ၅၀၈ သန်းကို အသုံးပြုပြီး ရေအားလျှပ်စစ်စက်ရုံကို ထုတ်လုပ်တည်ဆောက်ပေးလျက်ရှိ”

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကလေးများနှင့် ကစားခြင်းအကျိုး

မျက်မှောက်ခေတ်တွင် မိဘများက ပညာရေးကို အပြိုင်အဆိုင်အားပေးလာကြသည့်အလျောက် ကလေးများအနေဖြင့် စာသင်ခန်းများ၌ပင် အချိန်ကုန်လွန်ကြရကုန်၏။ ကျောင်းစာသင်ခန်း၊ ပြင်ပ စာသင်ခန်း၊ စာသင်ဝိုင်း၊ စာကျက်ဝိုင်းများဖြင့်သာ တစ်နေ့တာ ကုန်လွန်ကြရကုန်၏။ တစ်နည်းအားဖြင့်ဆိုလျှင် ကလေးများ၏ ကိုယ်ပိုင်လွတ်လပ်ချိန်၊ ကစားချိန်များ ဆုံးရှုံးကြရကုန်၏။ တစ်နေ့လုံး စာဖြင့်သာ အချိန်ကုန်ကြရကုန်၏။ ဤသည်မှာ ကလေးများ ကစားခုန်စားလုပ်ခြင်းအားဖြင့် မည်သို့မည်ပုံအကျိုးရှိသည်ကို သတိမူမှု အားနည်းခြင်း၏ အကျိုးဆက်ပင်ဖြစ်ပါသည်။

ကလေးများ ပညာသင်ကြားရေး၌ ကစားခြင်းသည် စာသင်ကြားပေးခြင်းနှင့် ထပ်တူထပ်မျှ အရေးကြီးသည်ဟု ပညာရှင်တို့က သုံးသပ်ထားသည်။ ကစားခြင်းအားဖြင့် ကလေးတို့၌ ကာယဗလသာမက ဉာဏဗလပါ ဖွံ့ဖြိုးတိုးတက်နိုင်သည်။ ကစားခွင့်ရသောကလေးနှင့် ကစားခွင့်မရသောကလေးတို့မှာ ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းမှုနှင့် ဉာဏ်ရည်သွက်လက်ဖျတ်လတ်မှုခြင်း တူနိုင်မည်မဟုတ်ပါ။ မကစားရသောကလေးသည် ကျန်းမာရေး၌သော်လည်းကောင်း၊ ဉာဏ်ပညာဖွံ့ဖြိုးရေး၌သော်လည်းကောင်း ချို့တဲ့တတ်သည်။ ကစားရမည့်အရွယ်တွင် ကစားပေးမှသာ ကာယခွန်အားရော ဉာဏခွန်အားပါ တိုးတက်နိုင်ပေလိမ့်မည်။

ကျောင်းအားကစားကွင်းများ၌ ဘောလုံး၊ ထုပ်ဆီးတိုး၊ ပြေးခုန်ပစ်အစရှိသော ကစားနည်းများ ကစားလေ့ရှိပါသည်။ သို့သော် မြို့ပေါ်ကျောင်းအများစုမှာ နေရာအခက်အခဲကြောင့် ကစားနိုင်သည့် အခွင့်အရေးများဆုံးရှုံးနေကြရသည်။ ကျောင်းတွင်လည်း မကစားရ၊ အိမ်တွင်လည်း မကစားရဖြင့် ကလေးများအဖို့ ကစားရန်အခွင့်အရေးများ မရှိတော့ပါ။ အားကစားနှင့် ပညာရေးသည် ပေါင်းစပ်လုပ်ကိုင်နိုင်ပါမှ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ကလေးများကစားခြင်းသည် ကာယ၊ ဉာဏဖွံ့ဖြိုးစေရုံမက အလေ့အကျင့်ကောင်းများလည်း ရင့်ကျက်စေနိုင်ပါသည်။ အချို့သော ကလေးများသည် စိန်ပြေးတမ်း၊ သစ်ပင်တက်တမ်း၊ ကစားစရာသေနတ်၊ တုတ်၊ ဓားများကိုင်၍ စစ်တိုက်တမ်း၊ နပန်းလုံးတမ်း စသည်ဖြင့် ကစားတတ်ကြ၏။ ဤသို့ ကစားခြင်းမှာ တစ်နည်းအားဖြင့် နောင်ရေးအတွက် လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ငယ်ရွယ်စဉ်တွင် လူကြီးများပြုမူလုပ်ကိုင်သည်တို့ကို အတုယူကာ အမျိုးမျိုးအဖုံဖုံကစားခြင်းဖြင့် ကလေးတို့၌ ဉာဏ်ပွင့်လင်းခြင်း၊ မြော်မြင်တတ်ခြင်း၊ စိတ်ဓာတ်ပိုမိုခိုင်မာလာခြင်း စသော ရင့်ကျက်ခိုင်မာမှုများ ရနိုင်လေသည်။

ဤသို့ကစားခြင်းသည် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းလာပြီး စိတ်ဓာတ်လည်း ကြည်လင်ရွှင်လန်းနိုင်၏။ ကိုယ်နှင့်စိတ်သည် ဒွန်တွဲနေခြင်းကြောင့် ကိုယ်ကလှုပ်ရှားမှ တစ်ကိုယ်လုံးရှိ သွေးသားများ ကောင်းစွာလည်ပတ်နိုင်ပြီး ဦးနှောက်အလုပ်လုပ်နိုင်စွမ်းကို ကောင်းမွန်စေပါသည်။ ထို့ကြောင့် ကစားခြင်းသည် ဦးနှောက်အလုပ်ကောင်းကောင်းလုပ်နိုင်ရန်အတွက် အထူးလိုအပ်သဖြင့် ပညာသင်ကြားရေး၌ ကစားခြင်းကိုပါ ထည့်သွင်းထားသည့်အလျောက် ကလေးများကစားနိုင်အောင် အလေးအနက်ထား လုပ်ဆောင်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်း ဆောင်ရွက်ပြီးစီး

နေပြည်တော် ဇွန် ၁၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၃ လမ်းနှင့် ၇၄လမ်းကြားတွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိတ္တရမဟီအဆင့်မြင့်အိမ်ရာ တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ယခု စီမံကိန်းမှာ ကုမ္ပဏီများကို တင်ဒါဖြင့် စနစ်တကျရွေးချယ်ပြီး တာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းစီမံကိန်းဖြစ်ပြီး နောင်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အိမ်ရာစီမံကိန်းများလည်း ရှိပါကြောင်း၊ လုပ်ငန်းများကို စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းအဆင့်တိုင်း စစ်ဆေးဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့များ အနေဖြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီရေး စစ်ဆေးဆောင်ရွက်ရန် အလွန်အရေးကြီး ပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူကိုဗဟိုပြုသည့်ဝန်ဆောင်မှုလျှပ်စစ်ဝန်ထမ်းများဆောင်ရွက်

တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူး၊ မကြားဖူးခဲ့ရသော မြင်ကွင်းတစ်ရပ်ဖြစ်သည်။ ပြောင်းလဲစပြုနေသော ဒီမိုကရေစီခရီးလမ်းမှ ပုံရိပ်တစ်ခုဟုဆိုရမည်ဖြစ်သည်။

"လျှပ်စစ်သုံးစွဲသူ မိဘပြည်သူအပေါင်းခင်ဗျား လျှပ်စစ်ကေဘယ်လ်ကြိုးဘရိတ်ဒေါင်း ဖြစ်နေပါသဖြင့် လျှပ်စစ်မီးပြတ်တောက်နေခြင်းအား ခေတ္တသည်းခံစောင့်ဆိုင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။"

မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းနှစ်ဦးက မော်တော်ဆိုင်ကယ်တစ်စီးဖြင့် မီးပြတ်တောက်နေသည့် ရပ်ကွက်များသို့ လက်ကိုင်ဟွန်းငယ်လေးဖြင့် လိုက်လံအသိပေးနေခြင်း မြင်ကွင်းဖြစ်သည်။

လျှပ်စစ်မီး ပြတ်တောက်သွားသည်မှာ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်မှ ပြတ်သွားခြင်းဖြစ်ပြီး ညနေ ၄ နာရီခန့်၌ လိုက်လံမေတ္တာရပ်ခံနေခြင်းဖြစ်သည်။

ထိုဝန်ထမ်းနှစ်ဦးအား လမ်းထိပ်လက်ဖက်ရည်ဆိုင်၌ ပြန်လည်တွေ့ရ၍မေးကြည့်ရာ "ကျွန်တော်တို့အပိုင်း (ကြည့်မြင်တိုင်)ထဲက မဟုတ်ဘူးခင်ဗျ။ အလုံအပိုင်းက ဖြစ်နေတာ၊ အခုတော့ ရှာတွေ့ပါပြီ။ မီးအမြန်ဆုံးလင်းနိုင်ဖို့လည်း အစွမ်းကုန်ဆောင်ရွက်နေပါတယ်" ဟု ဝန်ထမ်းလူငယ်နှစ်ဦးက ရည်ရည်မွန်မွန် ပြန်လည်ဖြေကြားသွားခဲ့သည်။

တစ်ချိန်က လျှပ်စစ်ပြတ်တောက်မှုနှင့်ပတ်သက်၍ မီးပြတ်တိုင်း ဖုန်းဖြင့် ဆက်မေးကြည့်ဖူးသည်၊ မရိုးနိုင်သော အဖြေတစ်ခုတည်းသာ ထပ်တလဲလဲကြားခဲ့ရသည်။ "မြေအောက်ကြိုးပေါက်နေလို့ပါ" ဟု ပြန်ဖြေသည်။ ဘယ်နေရာကလဲ ထပ်မမေးနှင့် သူတို့ဘက်ကဖုန်းအရင်ချပြီးသား ဖြစ်သွားသည်။

ရက်ကြာ ဖြတ်တောက်မည်ဆိုပါက မြို့နယ်ထွေ/အုပ်သို့ စာပို့အကြောင်းကြားသည်။ ထွေ/အုပ်မှ တစ်ဆင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ စာပို့လေ့ရှိသည်။ ပြည်သူများအကြား ထင်သာမြင်သာ မရှိခဲ့ပေ။ ယနေ့ဖြင့် ထိုမြင်ကွင်းသည် ဆန်းသစ်နေဦးမည်သာ ဖြစ်သည်။ ခေတ္တစောင့်ဆိုင်း သည်းခံပေးပါဆိုသော လျှပ်စစ်မီးသည် ယင်းနေ့ ည ၁၁ နာရီသာသာ၌ ပြန်လည်လင်းလက်လာသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်

မြစ်ကြီးနား ဇွန် ၁၅

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းအား လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး Ms. Kyung Wha Kang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၃ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်နယ်အတွင်း IDP စခန်းများရှိ မိသားစုဝင်များအား ထောက်ပံ့ပေးနေမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဒေါက်တာကျော်ဦး၊ ဦးကျော်ငွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၀၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၃၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၄၀၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့်ဆရာ ဆရာမများနှင့် တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံး ပထမဆုရ ဖြူးအခြေခံပညာအထက်တန်းကျောင်းခွဲ၊ အောင်ချက်အကောင်းဆုံး ဒုတိယဆုရ ရွာလယ်အခြေခံပညာအထက်တန်းကျောင်း၊ အောင်ချက်အကောင်းဆုံး တတိယဆုရ ဝဲကြီးအခြေခံပညာအထက်တန်းကျောင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသည့် ဆရာ ဆရာမများအား စတုတ္ထအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ဖြူးမြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများကိုယ်စား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဆင့်က ဖြူးမြို့နယ်၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖြူးမြို့နယ် ဝဲကြီး အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံဆရာမ ဒေါ်မြမြလွင်က ဝဲကြီး အခြေခံပညာအထက်တန်းကျောင်း၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ ကြိုးပမ်းသင်ကြားခဲ့မှုအခြေအနေများနှင့် ကျောင်းအဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် ဖြူးမြို့နယ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့တွင် ထူးခြားနိုးကြားသည့်ဒေသတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် နိုင်ငံရေးနိုးကြားမှုအရှိဆုံး ဒေသအဖြစ်ပါဝင်ခဲ့ပါကြောင်း၊ လယ်ယာ၊ သားငါး၊ သစ်တောနှင့် လျှပ်စစ်ကဏ္ဍများကြွယ်ဝသည့် ဒေသဖြစ်သည့်အလျောက် လူမှုစီးပွားဘဝများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့မြင်လိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍကောင်းမွန်ဖွံ့ဖြိုးရန် လိုအပ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပညာရေးရန်ပုံငွေများကိုလည်း တိုးမြှင့်ချထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ရောက်ရှိရေးသည် အရေးကြီးပြီး မူလတန်းအဆင့်မှ အခြေခံပညာအထက်တန်းအဆင့်အထိ ကောင်းမွန်သည့်ပညာရေးစနစ်ဖြင့် အောင်ချက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် သင်ယူကြသည့် ကျောင်းသား ကျောင်းသူများ နှစ်ဦးနှစ်ဖက် ဟန်ချက်ညီရန် လိုပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်ဖွဲ့တည်း တစ်ယောက်တည်းဖြင့်မရနိုင်ကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပေးနိုင်မှုသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရန် တည်ဆောက်ပေးနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို မိမိတို့ရင်သွေးငယ်များအဖြစ် သဘောထားပြီး မွန်မြတ်သည့်လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်သွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ကျေးရွာအမက ကျောင်းဆောင်သစ် နှစ်ဆောင်ဆောက်လုပ်လှူဒါန်း

တောင်ငူ ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ ဦးရဲလင်း-ဒေါ်စမ်းစမ်းမြင့် (ရွှေဝါပဲဆီသန့်) မိသားစုမှ တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စု အမက (ကောင်းမှုတော်)နှင့် ကျွန်းကုန်းကျေးရွာအုပ်စု အမက(ဉသျှစ်ကုန်း) ကျောင်းတို့တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ငွေကျပ် ၅၁၂ သိန်းကျော်ကုန်၊ ပေ (၆၀× ၃၀)ရှိ အုတ်ကာသွပ်မိုး ကျောင်းဆောင်သစ်နှစ်ဆောင်နှင့် ကျောင်းပရိဘောဂများကို ပညာရေးဌာနသို့ လွှဲပြောင်းလှူဒါန်းပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းများ၌ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များလှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးတင်အောင်၊ လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဧည့်သည်တော်များ၊ အလှူရှင်မိသားစုများ၊ ကျေးရွာသူ ကျေးရွာသားများ စုံညီစွာတက်ရောက်ကြသည်။

ကျောင်းဆောင်သစ်လှူဒါန်းပွဲအထိမ်းအမှတ်အဖြစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ကျောပိုးအိတ်များ၊ ဗလာစာအုပ်များ၊ အားဆေးများလှူဒါန်းပြီး ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စုများ၊ ကျောင်းသား ကျောင်းသူများနှင့် ဧည့်သည်တော်များအတွက် ဒံပေါက်ထမင်းဘူး ၂၀၀၀ ကိုလည်း လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။ **(၁၁၅)**

ပြည်သူအများ သိရှိနိုင်ရန် ကြေညာခြင်း

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီက လွှတ်တော်သို့ တင်သွင်းထားသော **“မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း”** ကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိရာ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုပါက နေ့စဉ်ထုတ်သတင်းများတွင် ကြေညာသည့်နေ့ရက်မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း အောက်ဖော်ပြပါ လိပ်စာများကို အကြံပြုစာများ ပေးပို့နိုင်ပါသည်-

၁။	**ပြည်သူ့လွှတ်တော် ကျန်းမာရေး မြှင့်တင်မှုကော်မတီ**	လွှတ်တော်ဝင်း၊ ကော်မတီရေးရာအဆောက် အမှတ် (အိုင်-၁၁)၊ ဖုန်း/ ဖက်(စ်)-၀၆၇-၅၉၁၅၀၀
၂။	**ပြည်သူ့လွှတ်တော် Website**	http://www.pyithuhluttaw. gov.mm

ပြည်သူ့လွှတ်တော်၊ကျန်းမာရေးမြှင့်တင်မှုကော်မတီ

❊ ကျောဖုံးမှ

အသင်းမှာ အိမ်ကွင်း၌ နိုင်ပွဲဆက်ရေးအတွက် လူစုံနီးပါးအသုံးပြုခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် မကွေးတို့ ယှဉ်ပြိုင်ကစားရာ ချင်းယူနိုက်တက်က သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်သည်။ အောင်ဆန်းကွင်း၌ ဆောက်သမ်နှင့် ဇွဲကပင်တို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေဖြစ်ခဲ့သည်။

ယခုတစ်ပတ် ပွဲစဉ်များတွင် ထိပ်ဆုံးငါးသင်းထဲမှ ကမ္ဘောဇအသင်းသာ နိုင်ပွဲရခဲ့ပြီး ရတနာပုံ၊ မကွေး၊ နေပြည်တော်နှင့်ရန်ကုန်တို့ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပွဲစဉ် ၁၂ အပြီးတွင် ရတနာပုံက ၂၇ မှတ်ဖြင့် ပထမ၊ မကွေးက ၂၄ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇက ၂၄ မှတ်ဖြင့် တတိယ၊ နေပြည်တော်က ၂၂ မှတ်ဖြင့် စတုတ္ထ၊ လက်ရှိချန်ပီယံ ရန်ကုန်က ၂၁ မှတ်ဖြင့် ပဉ္စမ၊ မနောမြေက ၂၀ မှတ်ဖြင့် ဆဋ္ဌမနေရာတို့တွင် ရပ်တည်နေသည့် မကွေးနှင့်ကမ္ဘောဇမှာ အမှတ်တူနေသော်လည်း ဂိုးကွာခြားချက်ဖြင့်မကွေးက ဒုတိယနေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွက် လိုအပ်သောမီးသတ်ရေသယ်ယာဉ်၊ အပေါ့စားမီးသတ်စက်၊ အသက်ကယ်ကိရိယာ၊ ရေမှုန်ရေမွှားကိရိယာ(ကျောလွယ်)နှင့် ဆီမီးလောင်မှုသုံး အမြှုပ်ဆေးရည်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါ လုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁၆-၆-၂၀၁၄ရက်မှ စတင်၍ဝယ်ယူနိုင်ပြီး ၃၀-၆-၂၀၁၄ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၃၇၊ ဆူးလေဘုရားလမ်းတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်နှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၃၇၊ ဆူးလေဘုရားလမ်း၊ ဖုန်း-၀၁-၃၈၄၄၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ဒဂုံမြို့သစ်(တောင်ပိုင်း)(လေးထောင့်ကန်)၊ မြောက်ဥက္ကလာပ(ရွှေပေါက်ကံ)၊ ထန်းတပင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါ လုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁၆-၆-၂၀၁၄ရက်မှ စတင်၍ဝယ်ယူနိုင်ပြီး ၃၀-၆-၂၀၁၄ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၃၇၊ ဆူးလေဘုရားလမ်းတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်နှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၃၇၊ ဆူးလေဘုရားလမ်း၊ ဖုန်း-၀၁-၃၈၄၄၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမည်မှန်

ဦးသန်းဝင်း၏ သား အထက(၂) တာမွေ၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်သန့်ဇင်ထွန်း၏ အမည်မှန်မှာ မောင်သန့်စင်ထွန်း ဖြစ်ပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတကာသတင်း

အီရတ်အကျပ်အတည်းအပေါ် အမေရိကန်က စစ်သင်္ဘောသုံးစင်းစေလွှတ် ပါရှန်ပင်လယ်ကွေ့အတွင်း တိုက်ခိုက်ရန် အသင့်ဖြန့်ကြက်

ပင်တဂွန် ဇွန် ၁၅

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်နေသော စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ရန် ဆုံးဖြတ်မှုအပေါ် အထောက်အကူပြုရန် ပင်တဂွန်စစ်ဌာနချုပ်က ပါရှန်ပင်လယ်ကွေ့သို့ စစ်သင်္ဘောသုံးစင်း စေလွှတ်လိုက်ကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြထားသည်။

ဂျက်တိုက်လေယာဉ် ဒါဇင်ပေါင်းများစွာ တင်ဆောင်ထားသော USS George H.W.Bush လေယာဉ်တင်သင်္ဘောကို အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျော့ဟေဂယ်က ဇွန် ၁၄ ရက်တွင် ပါရှန်ပင်လယ်ကွေ့အတွင်း အမြန်ဆုံးဝင်ရောက်နေရာယူရန် အမိန့်ပေးလိုက်သည်။

တန်ချိန် ၁၀၃၀၀၀ ရှိ အဆိုပါ စစ်သင်္ဘောနှင့်အတူ ပဲ့ထိန်းဒုံးကျည် ပစ်ခတ်နိုင်သော USS Philippine Sea နှင့် ပဲ့ထိန်းဒုံးကျည်ဖျက်နိုင်သည့် USS Truxtun တို့လည်း ခြံရံလိုက်ပါသွားကြောင်း ပင်တဂွန်ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ စစ်သင်္ဘောသုံးစင်းသည် ပါရှန်ပင်လယ်ကွေ့အတွင်း ဇွန် ၁၄ ရက် နှောင်းပိုင်းတွင် ရောက်ရှိခဲ့သည်။ ယင်းအမိန့်ထုတ်ပြန်ချက်သည် အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားများ၊ အီရတ်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရာတွင် အထောက်အပံ့ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဇွန် ၁၃ ရက်က ပြောကြားရာတွင် အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်များ စေလွှတ်ဖွယ်မရှိကြောင်း ပြောဆိုထားသည်။ သို့သော် အီရတ်လုံခြုံရေးတပ်ကို အကူအညီပေးရန် အမျိုးသား လုံခြုံရေးတပ်က အသင့်ပြင်ဆင်ထားရေး သတိပေးပြောကြားခဲ့သည်ဟု ဆိုသည်။

ဇွန် ၁၀ ရက်တွင် အီရတ်စစ်သွေးကြွများက မိုဆူးလ်နှင့် တီကရစ်မြို့ကြီးများကို ထိန်းချုပ်ထားသည်။ ယင်းကဲ့သို့ အခြေအနေကြောင့် မိုဆူးလ် ဒေသခံပြည်သူ သန်းဝက်ခန့်သည် နေအိမ်များကို စွန့်ခွာလျက် ဘေးလွတ်ရာသို့ ထွက်ပြေးကြရသည်ဟု သိရသည်။ ISIL ဟုခေါ်သော အဆိုပါစစ်သွေးကြွများက အီရတ်မြို့များကို ဆက်လက်တိုက်ခိုက်သိမ်းပိုက်သွားမည်ဟုဆိုသည်။

(ဘီဘီစီ)

ထိုင်း၌ ရွှေ့ပြောင်းအလုပ်သမားများ ဖြိုခွင်းမည့်အခြေအနေကြောင့် ကမ္ဘောဒီးယားနိုင်ငံသားများ နယ်စပ်မှတစ်ဆင့် ထွက်ပြေးကြရ

ဗန်ကောက် ဇွန် ၁၅

ထိုင်းနိုင်ငံရှိ ထောင်ပေါင်းများစွာသော ကမ္ဘောဒီးယားနိုင်ငံသားများသည် ထိုင်းတပ်မတော်က ရွှေ့ပြောင်းအလုပ်သမားများအား ဖြိုခွင်းလိမ့်မည်ဆိုသောသတင်းများကြောင့် ထွက်ပြေးကြရသည်။

ယခုသီတင်းပတ်အတွင်း ထိုင်းနိုင်ငံဘက်မှ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ လူပေါင်း ၇၀၀၀၀ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခဲ့ကြောင်း ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့ (အိုင်အိုအမ်)က ပြောကြားသည်။

ရွှေ့ပြောင်းလုပ်သား အများစုသည် ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်လျှင် မည်သို့အရေးယူဆောင်ရွက်ခံရမည်ကိုစိုးရိမ်ကြောက်လန့်နေကြကြောင်း အဆိုပါ အေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

အချို့သောရွှေ့ပြောင်းလုပ်သားများကိုပြီးခဲ့သည့်လ ထိုင်းတပ်မတော်မှအာဏာသိမ်းပြီး ကတည်း က အလုပ်ဖြုတ်ကာ နေရပ်နိုင်ငံများသို့ ပြန်ပို့လျက်ရှိသည်။

သို့သော်လည်း ထိုင်းအာဏာပိုင်များက ယင်းမှာ ကောလာဟလသာဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်မျှ ရိုက်နှက်ခံရခြင်း၊ ပစ်သတ်ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

ကမ္ဘောဒီးယားနိုင်ငံသား အများစုသည် နယ်စပ်ဒေသများ၌ စုပြုံရောက်ရှိနေကြပြီး ထိုင်းအာဏာပိုင်များက နယ်စပ်တွင်ချထားခဲ့၍ နေရပ်ပြန်ရန် ဘတ်စ်ကားအခက်အခဲနှင့် ကြုံတွေ့နေကြရသည်။

အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများအား နေရပ်ပြန်ရေးထရပ်ကားများ၊ ဘတ်စ်ကားများနှင့် ရထားများဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း အိုင်အိုအမ်က ပြောသည်။

ထိုင်းနိုင်ငံတွင် ကမ္ဘောဒီးယားရွှေ့ပြောင်း လုပ်သား ၁၅၀၀၀၀ ခန့် အနည်းဆုံး အလုပ်လုပ်ကိုင်လျက်ရှိရာ ၈၀၀၀၀ သာလျှင် တရားဝင်လုပ်ကိုင်လျက်ရှိကြောင်း အိုင်အိုအမ်ကပြောသည်။

(ဘီဘီစီ)

သံရုံးအကြမ်းဖက်ခံရမှုအပေါ် ရုရှားစိုးရိမ်

ကီယက်ဗ် ဇွန် ၁၅

ယူကရိန်းနိုင်ငံ မြို့တော်ကီယက်ဗ်ရှိ ရုရှားသံရုံးအပြင်ဘက်၌ အကြမ်းဖက်ဆန္ဒပြမှုအပေါ် ရုရှားက စိုးရိမ် ပူပန်လျက်ရှိသည်။ အဆိုပါ သံရုံးမှ ပြတင်းပေါက်မှန်များကို ရိုက်ခွဲခြင်း၊ ရုရှားအလံကိုဖြုတ်ချခြင်းနှင့် ကားများကို မှောက်လှန်ထားခြင်းတို့ ဆန္ဒပြသူများက ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ယူကရိန်းရဲတပ်ဖွဲ့အနေဖြင့် ယင်းကို မျက်ကွယ်ပြုနေကြောင်း၊ အကြမ်းဖက်မှုကို ကြီးထွားအောင်လုပ်နေကြောင်း ရုရှားကစွပ်စွဲလိုက်သည်။

ရုရှားတင့်ကားများ ယူကရိန်းနယ်စပ်ကို ဝင်ရောက်လာသည့် ဓာတ်ပုံများကို နေတိုးအဖွဲ့က ယူကရိန်းဘက်မှ ထောက်ခံပြီး သတင်းထုတ်ပြန်ခဲ့သည်။

(ဘီဘီစီ)

ပါလက်စတိုင်းတို့ စက်သုံးဆီအကျပ်အတည်းနှင့်ရင်ဆိုင်နေရ

ဂါဇာ ဇွန် ၁၅

အစ္စရေးအခြေစိုက် ပြောင်းရွှေ့နေထိုင်သူ သုံးဦးပျောက်သွားပြီးနောက် အစ္စရေးတို့က နယ်စပ်ဖြတ်ကျော် စက်သုံးဆီဖြန့်ဖြူးပေးမှုကို ပိတ်ဆို့ခဲ့သဖြင့် ဂါဇာကမ်းမြောင်ဒေသ၌ စက်သုံးဆီအကျပ်အတည်းနှင့် ရင်ဆိုင်နေရခြင်းအပေါ် ပါလက်စတိုင်းတာဝန်ရှိသူများက သတိပေးပြောကြား လိုက်သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အရောင်းဆိုင် ၈၀ ရာခိုင်နှုန်းသည် စက်သုံးဆီမရဘဲ ဖြစ်နေကြောင်း၊ ကျန် ၂၀ ရာခိုင်နှုန်းမှာလည်း နေ့တစ်ဝက်ပင်လုံလောက်အောင် စက်သုံးဆီဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောသည်။

စက်သုံးဆီအရောင်းဆိုင် အားလုံးသည် ဒီဇယ်လုံးဝရောင်းချခြင်း မရှိတော့ကြောင်း ဒေသဆိုင်ရာ အရောင်းဆိုင်ပိုင်ရှင် မိုဟာမက်ရှောဝါက ပြောသည်။ အစ္စရေးနိုင်ငံသား သုံးဦးသည် ကြာသပတေးနေ့ နှောင်းပိုင်းက အနောက်ဘက်ကမ်းဒေသ၌ ပျောက်ဆုံးသွားခဲ့ရာ အစ္စရေးတို့က ပါလက်စတိုင်း လူငယ်များ ပြန်ပေးဆွဲထားသည်ဟု စွပ်စွဲထားသည်။ အစ္စရေးတပ်များက သောကြာနေ့တွင် အယ်လ်ခါလီဒေသ၌ လူအချို့ကို ဖမ်းဆီးထားသည်။ ဖမ်းဆီးထားသူများတွင် ပါလက်စတိုင်း အကျဉ်းသားဟောင်း နှစ်ဦးလည်းပါဝင်သည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

မြောက်ပိုင်းဝါဇီရစ္စတန်ကို ပါကစ္စတန်လေကြောင်းစီးနင်းတိုက်ခိုက်ခဲ့

အစ္စလမ္မာဘတ် ဇွန် ၁၅

ပါကစ္စတန်စစ်တပ်က မြောက်ပိုင်းဝါဇီရစ္စတန်၌ စစ်သွေးကြွများပုန်းခို ရာနေရာရှစ်ခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုသော်လည်း အတည်ပြုခဲ့ခြင်းမရှိသေးပေ။

အဆိုပါစစ်ဆင်ရေး၌ တနင်္ဂနွေနေ့က ကရာချိလေဆိပ်တိုက်ခိုက်မှုကြိုးကိုင်သူဟု ယူဆရသော ဥဇဘတ်စစ်သွေးကြွအုပ်စုခေါင်းဆောင် Abu Rehman ကျဆုံးခဲ့သည်ဟု သတင်းများတွင် ဖော်ပြခဲ့သည်။

တာလီဘန်များနှင့် အယ်လ်ခိုင်ဒါဆက်နွှယ်သည့် စစ်သွေးကြွများ အခိုင်အမာခြေကုပ်ယူထားသည့် Datta Khel Tehsil နှင့် Boya ဒေသများကို F-16 ရဟတ်ယာဉ် အလုံးအရင်းဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်စစ်တပ်က စစ်ဆင်ရေးမပြုလုပ်မီ ပြီးခဲ့သည့်စနေနေ့က အာဖဂန် နယ်စပ်မြောက်ပိုင်းဝါဇီရစ္စတန်၌ နေထိုင်သော နိုင်ငံခြားသားစစ်သွေးကြွများကို ၄င်းဒေသမှထွက်ခွာသွားရန်သို့မဟုတ် လက်နက်ချရန် ရာဇသံပေးပို့ခဲ့သည်။ မျက်မှောက်ကာလဖြစ်ပွားနေသောစစ်ပွဲများသည် ပါကစ္စတန်တာလီဘန်နှင့် အစိုးရအကြား မြေစမ်းခရမ်းပျိုးငြိမ်းချမ်းရေးဆွေးနွေးမှုအခြေအနေကို ပျက်စီးစေခဲ့သည်။ ပါကစ္စတန်၌ အဆက်မပြတ် တိုက်ခိုက်မှုများသည် ဆယ်စုနှစ်တစ်ခုကျော် ကြာခဲ့ပြီဖြစ်သည်။

(ဆင်ဟွာ)

ကျောင်းသား ကျောင်းသူများ အရည်အသွေးမြင့်မားရေးအတွက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများကို ဌာနလိုအပ်ချက်နှင့်အညီတည်ဆောက်

နေပြည်တော် ဇွန် ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသော စက်မှုနှင့် အသက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရေရှည်ဆောင်ရွက်သင့်

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားလာစေရေးအတွက် လက်တွေ့လုပ်ငန်းများကို သင်ကြားပေးနိုင်ရန် လက်တွေ့ခန်း(Lab)များနှင့် အလုပ်ရုံ(Work Shop) များကို ဌာနလိုအပ်ချက်များနှင့်အညီ တည်ဆောက်နိုင်ရေး တင်ပြသွားရန်၊ သင်ကြားမှု၊ သင်ယူမှုအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ လက်ငင်းလိုအပ်ချက်များ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သလို ရေရှည်အတွက်လည်း Development Plan နှင့် ရေရှည်ဆောင်ရွက်သင့်သည့် Master Plan များကို ရေးဆွဲထားမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်တိုင်းတွင် ဌာနအလိုက် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် Capacity Building မြှင့်တင်နိုင်ရေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်လုပ်ဆောင်ကြရန်၊ သင်ကြားမှုပိုင်းတွင် ဆရာနှင့် ကျောင်းသား အချိုးမျှတမှုရှိစေရန်၊ ဆရာ ဆရာမများအနေဖြင့် သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးရန်နှင့် Lab များကို သင်ကြားပေးရန်၌ လုပ်ငန်းခွင်တွင် အသုံးချနိုင်သော လက်တွေ့များဖြစ်ရန် မှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးများက တက္ကသိုလ်များ၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများ ဆွေးနွေးပြောကြားကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ခေတ္တကျောင်းအုပ်ကြီးများကလည်း တက္ကသိုလ်အလိုက် သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံတားဦးမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး ဖြစ်ထွန်းအောင်မြင်

တံတားဦး ဇွန် ၁၅

တံတားဦးမြို့နယ် မြင်းသည်ကျေးရွာအုပ်စု မြင်းသည်ကွင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးထားကြောင်း သိရသည်။

ယခုစိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးသည် ရက်ပေါင်း ၁၂၀ ပြည့်လျှင် ရိတ်သိမ်းရကြောင်း ပုလဲသွယ် စပ်မျိုးစပါးသည် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးလျှင် တစ်ဧကလျှင် တစ်ကီလိုထုပ် ခြောက်ထုပ် တစ်ထုပ် ငွေကျပ် သုံးထောင်ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း ယခုလ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် အချိန်ကုန်သက်သာကြောင်း ဒါ့အပြင် ကောက်စိုက်စရိတ်၊ ပျိုးနုတ်စရိတ်များလည်း သက်သာကြောင်း ဒေသခံတောင်သူတစ်ဦး ပြောပြချက်အရ သိရသည်။**(၄၀၉)**

ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ လျှို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

နောင်ချို ဇွန် ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု (၂၄)လားရှိုး နောင်ချို လှုပ်ရှားဆွယ်ရဲအုပ်ဇော်မျိုးနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၁၀ ရက် ညနေ ၅ နာရီခွဲခန့်က နောင်ချိုမြို့ အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်းကိုကျော် မောင်းနှင်လာသည့် GI Group ယာဉ်လိုင်းမှ 2G/--- ခရီးသည်တင် မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခုံအမှတ်(၁၅)တွင် ခရီးသည်အဖြစ် စီးနင်းလိုက်ပါလာသူ ခင်မောင်ဝင်းအမည်ဖြင့် လေဘယ်ကတ်တပ်ဆင်ထားသည့် အဖြူရောင်ဆလာအိတ်အတွင်း အဝတ်အစားများဖြင့် ရောနှောထည့်သွင်းထားသော အနီရောင်ရေခဲပုံး၏ အံဝှက်အတွင်း လျှို့ဝှက်ထည့်ထားသော ပလတ်စတစ်အကြည်စဖြင့်ထည့်လျက် တစ်ထုပ်လျှင် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁၃ ဂရမ်စီပါ လေးထုပ်၊ အလေးချိန် ၅၂ ဂရမ်ခန့်ကို ရှာဖွေသိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါး သယ်ဆောင်လာသူ ခင်မောင်ဝင်း(၃၃နှစ်) အလယ်ကျွန်းရွာ အင်းတော်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး နေထိုင်သူအား နောင်ချိုမြို့မရဲစခန်းမှ အမှုဖွင့်၍ အမှုစစ် ဒုရဲအုပ်အောင်နိုင်အေးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်းဆည်းရမိ

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီက မူဆယ်ဘက်မှ ရန်ကုန်မြို့သို့ ယာဉ်မောင်းသန့်ဇော် မောင်းနှင်လာသည့် မြတ်မန္တလာထွန်းယာဉ်လိုင်းမှ 1G/---ခရီးသည်တင်မှန်လုံယာဉ်ကို နောင်ချိုမြို့အဝင် တိုးဂိတ်အနီး၌ သက်သေများနှင့်အတူ ရပ်တန့်စစ်ဆေးရှာဖွေရာ ခုံအမှတ်(၂၁)တွင် ခရီးသည်အဖြစ် စီးနင်းလိုက်ပါလာသူ ဝင်းထိုက် ဝတ်ဆင်ထားသည့်အတွင်းခံ ဘောင်းဘီတို ဝဲ/ယာ ဘေးအိတ်ကပ် နှစ်ဖက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁၃ ဂရမ်ခန့်ပါ နှစ်ထုပ်၊ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများနှင့် ရောနှောထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁၃ ဂရမ်ခန့်ပါ နှစ်ထုပ် စုစုပေါင်းလေးထုပ် အလေးချိန် ၅၂ ဂရမ်ခန့်၊ Hongtasham စာတန်းပါ စီးကရက်ဘူးခွံအတွင်း အပြာရောင်ပလတ်စတစ်ကတ်ခွာအိတ်အတွင်း ထည့်လျက် 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ အလေးချိန် ၁၈ ဂရမ်ခန့်ပါ တစ်ထုပ်၊ ဒေသပေါက်ဈေး တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၃၆၀၀၀၀ ခန့်ကို ရှာဖွေသိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်သူ ဝင်းထိုက်(၂၉ နှစ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူအား နောင်ချိုမြို့မရဲစခန်းမှ အမှုစစ် ဒုရဲအုပ်အောင်နိုင်အေးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဇြ)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ဘင်္ဂါလီလူမျိုးများအား စိစစ်မှုများပြုလုပ်ပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်သင့်မဖြစ်သင့် ဆောင်ရွက်ပေးသွားမည် ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် စတင်ဆောင်ရွက်နေပြီဖြစ်

စစ်တွေ ဇွန် ၁၅

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုကြည့်ရှုပြီး လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာနဝန်ကြီးများဖြစ်သည့် ဦးတင်နိုင်သိန်းနှင့် ဦးစိုးသိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးခင်ရီတို့ပါဝင်သော အဖွဲ့သည် ဇွန် ၁၃ ရက်မှ ၁၅ ရက်ထိ ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း၊ စစ်တွေမြို့တွင်လည်း မြို့မိမြို့ဖများ၊ ရခိုင်ကွန်ရက်များမှ အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ မြေပုံမြို့တွင်လည်း နှစ်ဖက်အဖွဲ့အစည်းများနှင့်ဆွေးနွေးခဲ့ကြောင်း၊ စစ်တွေမြို့နယ်အတွင်းရှိ ဘင်္ဂါလီကယ်ဆယ်ရေးစခန်း ၁၈ ခုမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ပြည်နယ်အတွင်းလိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့ကြောင်း၊ မြေပုံမြို့နယ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဆွေးနွေးစဉ် ဘင်္ဂါလီလူမျိုးများက နိုင်ငံသားဖြစ်သင့် မဖြစ်သင့်ကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရစိစစ်ပြီး စစ်ဆေးသွားမည်ဆိုခြင်းကို သဘောတူကြောင်း၊ အခြားမြို့နယ်များတွင်လည်း စိစစ်သွားမည်ဖြစ်ကြောင်း၊ ဤသို့ စိစစ်မှုများကို ပြုလုပ်ရာတွင် လဝကဝန်ထမ်းများနှင့်အတူ ရခိုင်ကွန်ရက်အဖွဲ့အစည်းများမှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဤသည်ကိုဘင်္ဂါလီလူမျိုးများကလည်း သဘောတူကြောင်း ရခိုင်ပြည်နယ်အစိုးရ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"မြေပုံမှာ ရွှေ့ပြေးဆောင်ရွက်နေပါတယ်။ အခုချိန်ထိ ၃၅ ဦး ပြီးစီးပြီလို့ သိရပါတယ်။ အမျိုးသားမှတ်ပုံတင်ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းကိုယ်တိုင်ကြီးကြပ်ပြီး ဆောင်ရွက်နေတာပါ" ဟု ၎င်းက ဆက်၍ပြောပြသည်။

သတင်းစာရှင်းလင်းပွဲ

ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ သတင်းထုတ်ပြန်ရေးအတွင်းရေးမှူး ပြည်နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြိုင်၊ ပြည်နယ်ဆက်သွယ်ရေးမန်နေဂျာ ဦးဒေဝ၊ သတင်းဌာနမှ သတင်းထောက်များတက်ရောက်ကြသည်။ ဦးစွာ သတင်းထုတ်ပြန်ရေးခေါင်းဆောင်မှ ရှင်းလင်းတင်ပြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းနှင့်ဓာတ်ပုံ-လေးဝတီထွန်းစောခိုင်

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူကြေညာခြင်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ မိုဘိုင်းလ်ဘဏ်စနစ်

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအချက်တစ်ခုက ဘဏ်စနစ်ပဲဖြစ်ပါတယ်။ ဘဏ်စနစ်လို့ပြောတဲ့အခါ နိုင်ငံတော်က တာဝန်ယူတဲ့အပိုင်း ပါဝင်သလို ပုဂ္ဂလိကအခန်းကဏ္ဍကလည်း အရေးပါပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရဟာ ဗဟိုဘဏ်နဲ့ပတ်သက်ပြီး ထူးခြားတဲ့ အခြေခံ ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ခဲ့ပါတယ်။

ယခင်က ဗဟိုဘဏ်ဟာ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပေမယ့် ပြုပြင်ပြောင်းလဲမှုကြောင့် သီးခြားရပ်တည်ပြီး လွတ်လပ်စွာ ဆောင်ရွက်လှုပ်ရှားနိုင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာတယ်။ နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခြေခံပေါ်လစီနှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရပါတယ်။ ပထမပေါ်လစီက Fiscal Policy လို့ခေါ်တဲ့ ဘဏ္ဍာရေးသုံးစွဲမှုနဲ့သက်ဆိုင်တဲ့ မူဝါဒတွေကို ချမှတ်ရပါတယ်။ ဒီပေါ်လစီကို ယေဘုယျအားဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဖော် ထုတ်အကောင်အထည်ဖော်ရပါတယ်။

ဒုတိယပေါ်လစီအမျိုးအစားကတော့ နိုင်ငံတစ်နိုင်ငံရဲ့ Monetary ငွေကြေးဆိုင်ရာပေါ်လစီ ဖြစ်တယ်။ ဒီနေရာမှာ ဘဏ်တွေက သတ်မှတ်တဲ့အတိုးနှုန်း၊ နိုင်ငံရဲ့စီးပွားရေး အသိုက်အဝန်းအတွင်း လှည့်လည်တဲ့ငွေကြေးပမာဏ စတာတွေကို ဗဟိုဘဏ်က သတ်မှတ်ပါတယ်။ ဗဟိုဘဏ်နဲ့ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ မကြာခင်ကာလမှာ စတင်ခဲ့တာမို့ အချိန်ယူရမှာသာ ဖြစ်ပါတယ်။

ဗဟိုဘဏ်ရဲ့ အရေးပါမှုကို ဆန်းစစ်နိုင်ဖို့ အမေရိကန်နိုင်ငံကို ဥပမာကြည့်လို့ရနိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌဟာ သမ္မတထက် စီးပွားရေးအပေါ်မှာ ဩဇာရှိတယ်လို့ မှတ်ချက်ပေးခဲ့ကြတယ်။ မကြာသေးမီက အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌအသစ်ကို ရွေးချယ်ခန့်ထားခဲ့တယ်။ သမိုင်းမှာ ပထမဦးဆုံး အမျိုးသမီး၊ သူကစီးပွားရေးပါမောက္ခတစ်ဦး၊ သုတေသနတွေလည်းလုပ်ခဲ့သူ၊ ထူးချွန်တဲ့သူ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပြင်ပစီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံရဲ့ဘဏ်စနစ် တိုးတက်ဖွံ့ဖြိုးဖို့လိုအပ်တာကို အမြဲထောက်ပြခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကဘဏ်က (၂၀) ကျော်ပဲရှိတယ်။ အခြေခံဆောင်ရွက်မှုတွေကို ပေးနေကြတယ်။ ဒါကြောင့်လည်း နိုင်ငံခြားဘဏ်တွေဟာ မြန်မာပြည်ကိုဝင်ဖို့စိတ်ဝင်စားတယ်။ အခုဆိုရင် လုပ်ငန်းလုပ်ခွင့်လျှောက်ထားတဲ့ နိုင်ငံခြားဘဏ် (၄၀)လောက်ရှိတယ်လို့ သိရတယ်။ ဗဟိုဘဏ်က ဘဏ်(၁၀)ခုကို လုပ်ငန်းဆောင်ရွက်ခွင့်ပေးမယ်လို့သိရတယ်။

ဘဏ်ရဲ့လုပ်ငန်းဆောင်ရွက်မှုဟာ ရိုးရိုးရှင်းရှင်းသာ ဖြစ်ပါတယ်။ အပ်ငွေလက်ခံတာရယ်၊ ငွေချေးတာရယ်။ ဒီနှစ်ခုက အခြေခံဖြစ်တယ်။ မိမိဘဏ်ကို ငွေအပ်နှံတဲ့သူတွေကို အပ်တဲ့အတွက် အတိုးပေးပြီး ဒီအပ်နှံတဲ့ငွေတွေကို ချေးလိုသူတွေကို အတိုးယူပြီး ငွေချေးတယ်။ ဘဏ်က အပ်နှံသူတွေအပေါ်ပေးတဲ့အတိုးနဲ့ ငွေချေးတဲ့အပေါ်ယူတဲ့အတိုးနှုန်း။ ဒီအတိုးနှုန်းနှစ်ခုကို ခွာပြီး စီးပွားရေးတွက်ခြေကိုက်အောင် လုပ်ခြင်းသာဖြစ်တယ်။

မြန်မာပြည်မှာ ယေဘုယျအားဖြင့် အပ်ငွေအပေါ်ဘဏ်တွေက ရှစ်ရာခိုင်နှုန်းအတိုးပေးပြီး ချေးတဲ့နေရာမှာ ၁၃ ရာခိုင်နှုန်းယူတယ်။ အကြမ်းအားဖြင့် ငါး ရာခိုင်နှုန်း အကျိုးအမြတ်ရတဲ့ သဘောပေါ့။ ဘဏ်စနစ်နဲ့ပတ်သက်ပြီး မကြာခဏကြားနေရတဲ့ ဝေဖန်ချက်တွေက လက်ရှိကျင့်သုံးနေတဲ့ အတိုးနှုန်းတွေဟာ အဆမတန်များနေတယ်လို့ သုံးသပ်ကြတယ်။ ပြည်တွင်းမှာ စီးပွားရေးလုပ်ချင်သူတစ်ဦးဟာ ငွေချေးပြီးလုပ်ရင် အတိုးနှုန်းက ၁၃ ရာခိုင်နှုန်း၊ စင်ကာပူလုပ်ငန်းရှင်က မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံလို့ရရင် သူ့ပေးရမယ့် အတိုးနှုန်းက နှစ် ရာခိုင်နှုန်းလောက်သာရှိတယ်။ ဒါကြောင့် စီးပွားရေးယှဉ်ပြိုင်မှုမှာ အခက်အခဲတွေရှိပါတယ်။

တစ်ခုတော့ရှိတယ်။ အတိုးနှုန်းကိုချပါလားလို့ ခပ်လွယ်လွယ်နဲ့ အကြံပေးလို့ မဖြစ်ဘူး။ ချေးငွေအတိုးနှုန်းက လျှော့ရင် အပ်ငွေအတိုးနှုန်းကိုလည်း လျှော့ရမှာဖြစ်တယ်။ အပ်ငွေအတိုးနှုန်းကို လျှော့လိုက်ပြန်ရင် ဘဏ်မှာ ငွေအပ်တဲ့သူတွေ နည်းသွားမယ်။ ဘဏ်တွေရပ်သွားနိုင်တယ်။ ဒါကြောင့် ချေးငွေနှုန်းနဲ့အပ်ငွေနှုန်းကို သတ်မှတ်ခြင်းဟာ ဗဟိုဘဏ်ရဲ့ အဓိကတာဝန်တစ်ရပ် ဖြစ်ပါတယ်။

လက်ရှိခန့်မှန်းချက်များအရ မြန်မာပြည်မှာ လူဦးရေသန်း ၆၀ ခန့်ရှိတယ်လို့ ပြောကြတယ်။ ဒီသန်း ၆၀ ခန့်အနက် လူဦးရေ နှစ်သန်းကနေ သုံးသန်းအထိသာ ဘဏ်တွေနဲ့ထိတွေ့ဆက်စပ်မှု ရှိတယ်။ အင်မတန်နည်းပါးပါတယ်။ အများစုက ဘဏ်နဲ့လုံးဝမပတ်သက်ပါဘူး။ ဘဏ်နဲ့ထိတွေ့မှုများလာအောင် ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ဘဏ်ခွဲတွေဖွင့်တယ်။ စုစုပေါင်း ဘဏ်ခွဲပေါင်း ၁၀၀၀ မရှိဘူး။ ဘဏ်ခွဲတွေဖွင့်ရာမှာလည်း အခက်အခဲရှိတယ်။ ဒါကြောင့် မြန်မာပြည်သူတွေ ဘဏ်နဲ့ထိတွေ့မှုတိုးအောင် နည်းလမ်းတွေ ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဘဏ်စနစ်တိုးတက်မှုဟာ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် သော့ချက်တစ်ခုဖြစ်ပါတယ်။

ဘဏ်စနစ်တိုးချဲ့နိုင်ဖို့ အထိရောက်ဆုံး မဟာဗျူဟာတစ်ရပ်ကို အာဖရိကမှာရှိတဲ့ ကင်းနီးယားနိုင်ငံမှာ ကျင့်သုံးနေတာကို တွေ့ရပါတယ်။ ကင်းနီးယားနိုင်ငံရဲ့စနစ်ဟာ အခုဆိုရင် ကမ္ဘာကျော်နေပြီး ကျင့်သုံးတဲ့စနစ်ကို M-PESA လို့ခေါ်တယ်။ ကင်းနီးယားနိုင်ငံမှာ လူအများစု ပြောဆိုသုံးစွဲတဲ့ ဆွာဟီးလီးဘာသာစကားအရ "ငွေ" လို့ အဓိပ္ပာယ်ရတယ်။ M-PESA ဟာ ငွေ လွှဲပေးတဲ့စနစ်ဖြစ်တယ်။ ဒီစနစ်ကို မိုဘိုင်းလ်တယ်လီဖုန်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Safari.Com က ဆောင်ရွက်ခဲ့တာ။ သန်းနဲ့ချီသော ကင်းနီးယားနိုင်ငံသားတွေဟာ မြန်မာပြည်မှာရှိတဲ့ မိုဘိုင်းလ်တယ်လီဖုန်းကို သုံးစွဲသူတိုင်းသိတဲ့ SMS နဲ့လုပ်နေကြတယ်။

ကင်းနီးယားနိုင်ငံရဲ့ လူဦးရေဟာ ၄၃ သန်းရှိတယ်။ ယင်းလူဦးရေအနက် ၁၉ သန်းဟာ M-PESA ကို သုံးစွဲနေကြတယ်။ လျှပ်စစ်မီတာခ ပေးတဲ့နေရာမှာလည်းကောင်း၊ ကျောင်းလခ ပေးတဲ့နေရာမှာလည်းကောင်း လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်နိုင်တယ်။ သုံးစွဲတဲ့ မိုဘိုင်းလ်တယ်လီဖုန်းဟာလည်း ဈေးပေါပေါနဲ့ ဝယ်လို့ရတဲ့ တယ်လီဖုန်းတွေဖြစ်တယ်။

မြန်မာပြည်ရဲ့ဘဏ်စနစ် ကြီးထွားဖွံ့ဖြိုးမှုဟာ ပဓာနဖြစ်တယ်။ ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနဲ့ ပုဂ္ဂလိကဘဏ်များ ပူးပေါင်းပြီး ဘဏ်စနစ်တစ်ခုလုံးတိုးတက်လာဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်သင့်ကြောင်း အဖြေထုတ်ဖို့လိုအပ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အကျိုး၊ ကုမ္ပဏီတစ်ခုအတွက် သာ စဉ်းစားတာမျိုးမဖြစ်ဘဲ ဘဏ်စနစ်တစ်ခုလုံးအတွက် လွှမ်းခြုံစဉ်းစားပြီး အဖြေရှာရမှာ ဖြစ်ပါတယ်။

အမှန်တော့ M-PESA စနစ်ကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီရဲ့ ၄၀ ရာခိုင်နှုန်းကို ကမ္ဘာကျော် Vodafone ကုမ္ပဏီက ပိုင်တယ်။ Safari.Com ရဲ့ဝင်ငွေဟာ ဖောက်သည်တွေ ငွေသွင်းငွေထုတ်၊ ငွေလွှဲမှုအပေါ်မူတည်ပြီး အခကြေးမှ ရတာဖြစ်တယ်။ ဘဏ်ခွဲတွေဖွင့်လှစ်ပြီး ဆောင်ရွက်တာမဟုတ်ဘဲ M-PESA ကိုယ်စားလှယ် ၄၀၀၀၀ ကျော်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဝန်ဆောင်မှုပေးကြတယ်။ M-PESA ရဲ့ အောင်မြင်မှုကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုပြီး နိုင်ငံအသီးသီးမှာ မိမိနိုင်ငံရဲ့ အခြေအနေအပေါ် အခြေခံပြီး ဆီလျော်အောင် ကျင့်သုံးနေကြတာ တွေ့ရပါတယ်။

M-PESA စနစ်ရဲ့ အောင်မြင်မှုကို ခြေကုပ်ယူပြီး Safari.com ကုမ္ပဏီဟာ နောက်ခြေလှမ်း အသစ်တစ်ခုကိုစတင်ပြီး ဆောင်ရွက်နေတာဖြစ်တယ်။ ဒီစနစ်ကို M-Shwari လို့အမည်ပေးထားပါတယ်။ အဓိပ္ပာယ်က "တည်ငြိမ်မှု" သို့မဟုတ် "အဆင်ပြေမှု"ဖြစ်တယ်။ ဒီစနစ်ဟာ M-PESA လိုပဲ မိုဘိုင်းလ်တယ်လီဖုန်းကို အခြေခံတယ်။ ဆောင်ရွက်ရာမှာ အာဖရိက ကုန်သွယ်မှုဘဏ်နဲ့ ဖက်စပ်လုပ်ငန်းအဖြစ် လှုပ်ရှားတာဖြစ်တယ်။ ဘဏ်ခွဲလုံးဝမရှိဘူး။ M-Shwari စနစ်စတင်တဲ့ လေးလတာ ကာလအတွင်း ဖောက်သည်ပေါင်း ၂ သမ ၃ သန်းကျော် ဝင်ရောက်ခဲ့ပါတယ်။ လက်ရှိအချိန်အထိ စုစုပေါင်းအပ်ငွေပမာဏ အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံကျော်ရှိတယ်။ ဖောက်သည်တွေအနက် သုံးပုံတစ်ပုံဟာ အသေးစားချေးငွေတွေယူခဲ့ကြတယ်။ ပျမ်းမျှပမာဏဟာ အမေရိကန် ၁၂ ဒေါ်လာခန့်ရှိပါတယ်။

M-Shwari ဟာ လူသားတိုင်းရဲ့ ကြီးပွားချမ်းသာချင်တဲ့ အိပ်မက်တွေကို ပုံဖော်ပေးခြင်း ဖြစ်တယ်။ ဒီစနစ်ကိုကြော်ငြာတဲ့ တီဗွီကြော်ငြာမှုတစ်ခုမှာ ကားပြင်ဆရာတစ်ဦး အမေရိကန်ဒေါ်လာ ၆၀ ငွေချေး၊ ကားပြင်တဲ့ ကိရိယာတွေဝယ်ယူခဲ့ပြီး ကြွယ်ဝချမ်းသာလာတာကို ပြသခဲ့တယ်။ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်ရဲ့ ခန့်မှန်းခြေအရ ကင်းနီးယားနိုင်ငံမှာ စုဆောင်းထားတဲ့ ငွေကြေးပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၀၀၀ ကျော်ခန့်ရှိပြီး ယင်းငွေတွေဟာ ဘဏ်စနစ်နဲ့ ထိတွေ့မှုမရှိဘဲ မလုံခြုံတဲ့နေအိမ်တွေမှာ ဖြစ်သလို သိုဝှက်ထားတယ်လို့ ဆိုပါတယ်။

ကင်းနီးယားနိုင်ငံရဲ့ အတွေ့အကြုံတွေဟာ မြန်မာပြည်အတွက် စဉ်းစားစရာတွေဖြစ်ပါတယ်။ အခြေခံစဉ်းစားချက်က Mobile Banking နဲ့ Mobile Payment ဟာ မတူညီကြပါဘူး။ မတူညီတာကို လူသိနည်းပါတယ်။ အတူတူဖြစ်တယ်လို့ ယူဆနေကြတယ်၊ ကင်းနီးယားဥပမာအရ M-PESA ဟာ Mobile Payment ဖြစ်ပြီး M-Shwari က Mobile Banking ဖြစ်ပါတယ်။ တလောက CB ဘဏ်က Mobile Banking စနစ်အကောင်အထည်ဖော်ကြောင်း ကြားသိရတယ်။ ရောဝတီဘဏ်က Internet Banking စနစ်လုပ်ဖို့စီစဉ်နေတယ်။ ဘာပဲဖြစ်ဖြစ်ဒီလုပ်ငန်းတွေကို ကြိုဆိုရမှာသာဖြစ်တယ်။ Timing is Everything အရာရာတိုင်း သူ့အချိန် သူ့အခါဟာ အရေးကြီးပြီး မကြာမီမြန်မာပြည်မှာ မိုဘိုင်းလ်တယ်လီဖုန်းစနစ်သစ်ကို နိုင်ငံခြားကုမ္ပဏီနှစ်ခုနဲ့ ပြည်တွင်းကုမ္ပဏီနှစ်ခုကို အခြေပြုပြီး မိုဘိုင်းလ်ဘဏ် စနစ်ကိုလည်း တစ်ပါတည်း လုပ်ဆောင်သွားနိုင်ဖို့ အရေးကြီးလှပါတယ်။

မြန်မာပြည်ရဲ့ ဘဏ်စနစ် ကြီးထွားဖွံ့ဖြိုးမှုဟာ ပဓာနဖြစ်တယ်။ ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနဲ့ ပုဂ္ဂလိကဘဏ်များ ပူးပေါင်းပြီး ဘဏ်စနစ်တစ်ခုလုံး တိုးတက်လာဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်သင့်ကြောင်း အဖြေထုတ်ဖို့ လိုအပ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့အကျိုး၊ ကုမ္ပဏီတစ်ခုအတွက်သာစဉ်းစားတာမျိုးမဖြစ်ဘဲ ဘဏ်စနစ်တစ်ခုလုံးအတွက် လွှမ်းခြုံစဉ်းစားပြီး အဖြေရှာရမှာဖြစ်ပါတယ်။

ပြည်တွင်း စုဆောင်းငွေပမာဏအများစုဟာ ဘဏ်စနစ်နဲ့ ထိတွေ့မှုမရှိဘဲ ပုံစံအမျိုးမျိုးနဲ့ ကင်းလွတ်လျက်ရှိတယ်။ အကောင်းဆုံးဥပမာက ငွေလွှဲတဲ့ကိစ္စ၊ တရားဝင်လမ်းကြောင်းကို အသုံးမပြုဘဲ "ဟွန်ဒီ" ရိုက်နေတာတွေ့တယ်။ အများယုံကြည်စိတ်ချရမယ့် ဘဏ်စနစ်ကို ဖော်ထုတ်နိုင်ရင် ပြည်တွင်းစုဆောင်းမှုတွေကို နိုင်ငံစီးပွားဖွံ့ဖြိုးမှုအတွက် အသုံးချသွားနိုင်မှာဖြစ်ပါတယ်။ ။

ကျောက်မျက်ရတနာအချောထည်ရောင်းဝယ်ရေးစင်တာ မြစ်ကြီးနားမြို့တွင်ဖွင့်

မြစ်ကြီးနား ဇွန် ၁၆

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကျောက်မျက်ရတနာအချောထည်ရောင်းဝယ်ရေးစင်တာဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်ရှိ အဆိုပါရောင်းဝယ်ရေး စင်တာရှေ့၌ ကျင်းပရာ ရှေးဦးစွာ ကျောက်မျက်ရတနာအချောထည် ရောင်းဝယ်ရေးစင်တာမုခ်ဦး ဆိုင်းဘုတ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်းဂျုံ၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးအောင်နိုင်၊ သတ္တုဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်ထွန်း၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးတေဇနှင့် မြစ်ကြီးနားကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရစ်နန့် ဇေလွမ်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်းငန်ဆိုင်းက ယနေ့သည် ကချင်ပြည်နယ်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကျောက်မျက်ရတနာအချောထည်ရောင်းဝယ်ရေးစင်တာ(မြစ်ကြီးနား)ကို ဖွင့်လှစ်နိုင်ခဲ့သည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ကျောက်စိမ်း အသားကျောက်များ တရားဝင် သယ်ဆောင်ခွင့်ရရှိပြီဖြစ်သည့်အတွက် စနစ်တကျဖြင့် လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ ရရှိပြီးဖြစ်သည့် အခွင့်အရေးတစ်ခုကို တိုးတက်ရန်အတွက် ကြိုးစားလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ တရားမဝင်ရောင်းဝယ်မှုမရှိစေရန် တားမြစ်ရမည်ဖြစ်သကဲ့သို့ တရားမဝင်သယ်ဆောင်မှုများ လုံးဝပျောက်စေရန်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်တွင်းသာမက ပြည်ပမှ လုပ်ငန်းရှင်များ လာရောက်ဆက်သွယ်ဝယ်ယူနိုင်သည့် အတွက် နိုင်ငံတော်အခွန်အခ ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ ချမှတ်ထားသည့်စည်းကမ်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဌာနများနှင့် ချိတ်ဆက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အသင်းအတွက် လိုအပ်သည့် ဘဏ်၊ ပြတိုက်၊ ခတ်ခွဲခန်းနှင့် အထူးလက်ဆောင်ပစ္စည်းအရောင်းဆိုင်အပါအဝင် အဆင့်မြင့်လူနေရတနာဆိုင်ခန်းများ၊ Super Marketများကို ထပ်မံတိုးချဲ့လုပ်ဆောင်ရန်နှင့် ထုတ်လုပ်သည့် အချောထည်များကို နိုင်ငံတကာ အဆင့်မီရောင်းတန်းဝင်ဖြစ်ရေးနှင့် နိုင်ငံတကာ ဈေးကွက်သို့ တရားဝင်တင်ပို့ရောင်းချနိုင်ရေး One Stop Service ရုံးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မြစ်ကြီးနားကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကို ၃-၂-၂၀၁၂ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အဆိုပါ ကျောက်မျက်ရတနာအချောထည်ရောင်းဝယ်ရေးစင်တာကို ၃-၄-၂၀၁၃ ရက်တွင် ပန္နက်တင် ဆောင်ရွက်နိုင်ခဲ့ကာ အသင်းပိုင်မြေ ၁၅ ဒသမ ၃၅၁ ဧကပေါ်တွင် ရတနာဆိုင်ခန်းပေါင်း ၁၇၇ ခန်း၊ ပျံကျဈေးရုံနှစ်ရုံနှင့် ကျောက်ဖြတ်ခုံ၊ သွေးခုံအခန်း ၄၀၊ စားသောက်ဆိုင်များပါဝင်မည်ဖြစ်ပြီး အဆင့်အတန်းမီ တည်ဆောက်ထားခြင်းဖြစ်ကာ ပြည်သူများအလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ပြည်နယ်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်ရေးတို့အတွက်ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ
မိုင် ၇၀ ခန့်ပတ်ခွေ၍ ဘင်္ဂလား ပင်လယ်အော်အတွင်းသို့ စီးဝင်သွားသော သူဌေးချောင်း၌ တည်ဆောက်လျက်ရှိသည်။

ထိုနေရာ ထိုဒေသသို့ ကျွန်တော် ဇွန် ၁၂ ရက်က မြင့်မားလှသော ရခိုင်ရိုးမတောင်တန်းကြီးများပေါ်မှ ကြမ်းတမ်းခက်ခဲလှသော လမ်းများကို ကားတစ်စီးဖြင့် ကျော်ဖြတ်သွားရောက် လေ့လာခဲ့သည်။ သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် သူဌေးချောင်း၏ ရေဆင်းဧရိယာ ၄၄၂ စတုရန်းမိုင်မှ စီးဆင်းလာသော ၂၃ ဒသမ ၃၂ သိန်း ဧကပေရေများကို သိုလှောင်နိုင်ရန် အလျားပေ ၂၀၂၈ ပေ၊ အမြင့် ၂၉၈ ပေရှိသော ဇုန်အမျိုးအစားကျောက်ဖြည့်ရေလှောင်တမံတည်ဆောက်၍ ၁၁၁ မဂ္ဂါဝပ်ထွက်ရှိပြီး နှစ်စဉ် ကီလိုဝပ် နာရီသန်းပေါင်း ၃၈၆ သန်းကို ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းတည်ရှိရာ ရခိုင်ပြည်နယ်သို့ရောက်ပြီး ခရီးရောက်မဆိုက် ကျွန်တော်သည် သူဌေးချောင်းကမ်းနံဘေး ဥမင်လိုဏ်ဖောက်လုပ်သည့်နေရာတွင်တွေ့ရသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်း အမှတ်(၆)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ရခိုင်လူမျိုးအရာရှိ ဦးအောင်နိုင်ထွန်းအား စီမံကိန်းနှင့်ပတ်သက်၍ သိလိုသော အချက်များကိုမေးကြည့်ရာ ၎င်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း ရေအရင်းအမြစ်များမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် သူဌေးချောင်းရေအားလျှပ်စစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှစတင်၍ စူးစမ်းလေ့လာမှုများ၊ အကြိုတည်ဆောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ စီမံကိန်း၌ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော (၁) အကြိုတည်ဆောက်မှုလုပ်ငန်း၊ (၂) မြစ်ရေလွှဲခြင်းလုပ်ငန်း၊ (၃)ပင်မတမံလုပ်ငန်း၊ (၄)ရေပိုလွှဲလုပ်ငန်း၊(၅) ရေယူအဆောက်အအုံလုပ်ငန်း၊ (၆) ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ (၇) ဓာတ်အားပေးစက်ရုံလုပ်ငန်းနှင့် ဆွိစ်ယဒ်လုပ်ငန်းများကို နှစ်အလိုက် လျာထားချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကလုပ်ငန်းဖြစ်သော မြစ်ရေလွှဲခြင်းလုပ်ငန်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းဒေသသည် မိုးများသောဒေသတွင်းတည်ရှိ၍ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၂၄၀ လက်မခန့် ရွာသွန်းသောဒေသဖြစ်သောကြောင့် သူဌေးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်နိုင်ရန် ဦးစွာ မြစ်ရေလွှဲခြင်းလုပ်ငန်းကို ဥမင်လိုဏ်(၁)အလျား ၂၃၁၆ ပေ၊ အချင်း ၃၃ ပေ၊ ဥမင်လိုဏ်(၂) အလျား ၁၇၉၄ ပေ၊ အချင်း ၃၃ ပေစီရှိသော ဥမင်လိုဏ်နှစ်ခုဖြင့် ရေလွှဲနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း။

စီမံကိန်းဒေသသည်မိုးများသောဒေသဖြစ်ပြီး ဘူမိဗေဒအခြေအနေ လွန်စွာဆိုးရွားသဖြင့် ဥမင်လိုဏ်စတင်တူးဖော်ခဲ့စဉ်က ဥမင်လိုဏ်မျက်နှာမြေလျှောကျမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ သို့ဖြစ်၍ ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းကို ပုံမှန်သမားရိုးကျနည်းများဖြင့် တူးဖော်၍မရဘဲ ပြည်ပနိုင်ငံမှ နည်းပညာများရယူကာ ဥမင်လိုဏ်မျက်နှာဝ လျှောစောက်ခိုင်ခံ့မှုလုပ်ငန်း ဥပမာ(၁) သံမဏိသံပေါင်များ လျှောစောက်အတွင်း ထိုးသွင်းခြင်း (Shear Resisting Pile)၊ (၂) သံမဏိကြိုးများ လျှောစောက်အတွင်း ထိုးသွင်းခြင်း (Restressed Tendon) စသည့်လုပ်ငန်းများကို ရန်ပုံငွေကုန်ကျမှုအချိန်ယူကာ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ ဥမင်လိုဏ်မျက်နှာဝ လျှောစောက် ခိုင်ခံ့မှုလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါကြောင်း။

သူဌေးချောင်းသည် ဘူမိဗေဒ စူးစမ်းလေ့လာမှုအရ နုန်းအနည်များ ပို့ချမှုများပြားသော ချောင်းဖြစ်၍ ၎င်းချောင်းမှ စက်လည်ပတ်မည့် ရေယူရန်သည် အခြားပုံမှန်ရေအားလျှပ်စစ်စီမံကိန်းများကဲ့သို့ မြေပြင်ညီ ရေယူအဆောက်အအုံဆောက်လုပ်မည့် အဆိုပါ တပ်ဆင်မည့်စက်များအတွင်း နုန်းအနည်အနှစ်များသည် အချိန်တိုအတွင်း ဝင်ရောက်ပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် သတ်မှတ်ထားသော စက်လည်ပတ်မည့် ကာလအထိ နုန်းအနည်အနှစ်များ ဝင်ရောက်ပိတ်ဆို့ခြင်းမှကာကွယ်ရန်အတွက် အမြင့်ပေ ၁၃၀၊ အချင်း ၃၃ ပေ အဘက်ဘက်မှ ရေစီးဝင်နိုင်သော ကတော့ပုံ (Morning Glory) ရေယူအဆောက်အအုံ တည်ဆောက်ရပါကြောင်း။

ဓာတ်အားပေးစက်ရုံသည် ရေလှောင်တမံအောက်ပိုင်း သူဌေးချောင်း၏ ယာဘက်ကမ်း ပေ ၂၀၀ အကွာတွင် တည်ဆောက်ခြင်း၊ ရေအားအမြင့် ရရှိနိုင်ရေးအတွက် ပင်လယ်ရေမျက်နှာပြင်အောက်ဘက် အနက်ပေ ၃၀ ခန့်ထိ တူးဖော်၍ မြေပေါ်တစ်ဝက် မြေအောက်တစ်ဝက် တည်ဆောက်ထားရကြောင်း Semi Underground Power House တည်ဆောက်ချိန်နှင့် စက်လည်ပတ်ချိန်တွင် စက်များအတွင်းသို့ စိမ့်ဝင်လာမည့် သူဌေးချောင်းမှ ရေများကို ကာကွယ်ရန်ရည်ရွယ်၍ ချောင်းနှင့် စက်ရုံအကြား စိမ့်ရေတားနံရံ (Secant Pile) အလျား ပေ ၉၅၀၊ အနက် ပေ ၈၀ ခန့် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရပါကြောင်း၊ ယခုအချိန်တွင် ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် အခြားရေအားလျှပ်စစ်စီမံကိန်းများထက် မြေကြီး/ကျောက်သားများ၏ ဘူမိဗေဒအခြေအနေ ရှုပ်ထွေးခြင်းကြောင့် ပုံမှန်နည်းပညာထက် အထူးပြုနည်းပညာသစ်များဖြင့် ဆောင်ရွက်ရခြင်း၊ နှစ်စဉ်မိုးရွာသွန်းမှုများပြားခြင်းကြောင့် တည်ဆောက်ရေးကာလ တိုတောင်းခြင်း၊ တည်ဆောက်ရေးပစ္စည်းများဖြစ်သော ဒေသတွင်းရှိ ကျောက်၊ သဲတို့၏ အရည်အသွေး စစ်ဆေးမှုအရရှားပါးခြင်း၊ အဓိကပံ့ပိုးပစ္စည်းများ သယ်ယူနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် ပုံမှန်ထက်ပိုမိုခက်ခဲနက်နဲစွာ ဆောင်ရွက်ရသော စီမံကိန်း တစ်ခုဖြစ်ကြောင်း။

စီမံကိန်း စတင်တည်ဆောက်သည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိလာသောရန်ပုံငွေပေါ်မူတည်၍ တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရကြောင်း၊ စီမံကိန်းစတင်သည်မှ ယခုအချိန်ထိ သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် ၃၆ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ရှင်းပြသည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ရေသိုလှောင်စနစ် (Reservior Type) နှင့် ဓာတ်အားထုတ်လုပ်ပြီး ရခိုင်ပြည်နယ်ဒေသများ လုံလောက်စွာ လျှပ်စစ်ဓာတ်အားပေးနိုင်မည့်အပြင် ပိုလျှံဓာတ်အားကို ၂၀၁၄ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးခဲ့သော ဥသျှစ်ပင်-တောင်ကုတ် 230 KV ဓာတ်အားလိုင်းမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ဒေသတွင်းရေကြီးမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်မည်မှာ အမှန်ဖြစ်ပါသဖြင့် ကွင်းဆင်းသွားရောက် လေ့လာရေးသားတင်ပြလိုက်ရပါသည်။

ခရမ်း-စိုးမြင့်

သူဌေးရေအားလျှပ်စစ်စက်ရုံ၏ ရေလွှဲဥမင်လိုဏ်အမှတ်(၁)ကို တွေ့ရစဉ်။

ပြည်ပမှလာရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို စိတ်အေးကြစေရန်အသိပေး

ဗန်ကောက် ဇွန် ၁၅

ထိုင်းတပ်မတော်၏ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီက ပြည်ပမှလာရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို စိတ်အေးကြစေရန်အတွက် စကားလေပြေထိုးလိုက်ကြောင်းကို ဇွန် ၁၄ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြသွားခဲ့ကြောင်းဖြင့် ထိုင်းနိုင်ငံမဟာချိုင်မြို့ ခုံခုရပ်ကွက်၌ဖွင့်လှစ်ထားသော မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းလွန်ကျောင်း (ဝပ်စီမိန်)မှ ကျောင်းဆရာကိုစောမောင်၏ ဆက်သွယ်ပြောပြချက်အရသိရသည်။

ထိုသတင်းဌာနများမှ ဖော်ပြထားချက်များအရ ထိုင်းတပ်မတော်အနေနှင့် တရားမဝင် ဝင်ရောက်လာကြသော ပြည်ပမှ အလုပ်သမားများအား ရှင်းလင်းနှိမ်နင်းမည်ဆိုသည့် ကောလာဟလ စကားရပ်ကြောင့် နေရပ်မိခင်နိုင်ငံများ အသီးသီးသို့ မပြန်ကြရန် ပြောကြားလိုက်ခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအနေနှင့် အထိတ်တလန့်မဖြစ်ကြစေရန်အတွက် ဖြစ်ကြောင်းဖြင့် သတင်းများတွင် ဖော်ပြထားကြောင်းသိရသည်။

တပ်မတော်အစိုးရအနေနှင့် ကောလာဟလများ အပြင်မှာပျံ့နှံ့လျက်ရှိနေသကဲ့သို့ တပ်မတော်က တရားမဝင်အလုပ်သမားများအား အတင်းအဓမ္မအကြမ်းဖက်ရှင်းလင်းမည်မဟုတ်သည့်အတွက် အထိတ်တလန့်မဖြစ်ကြရန် ပြောကြားသွားခဲ့ပြီး တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများသည် နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေနိုင်သော်လည်း အတင်းအဓမ္မ မောင်းနှင်ထုတ်ခြင်းပြုမည်မဟုတ်ဘဲ တစ်ဆင့်ချင်းသင့်တင့်လျောက်ပတ်သော စည်းကမ်းချမှတ်မှုများဖြင့် လုပ်ဆောင်သွားမည်ဟု လက်ရှိထိုင်းတပ်မတော်၏ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ၏ ပြောပြချက်ကို သတင်းများက ဖော်ပြခဲ့သည်။

ထို့အပြင် တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံအတွင်း အလုပ်သမားလိုအပ်နေကြောင်းကို နားလည်သဘောပေါက်ပါကြောင်း၊ ထို့အတွက်

ထိုင်းနှင့်ကမ္ဘောဒီးယားနယ်စပ်ရှိ ဆာကောပြည်နယ်၌ အလုပ်လုပ်ခွင့်သက်တမ်းတိုးကြမည့် အလုပ်သမားများအား TPBS ဓာတ်ပုံသတင်း၌ ဖော်ပြထားသည်ကို တွေ့ရစဉ်။

ကြောင့် စီးပွားရေးလုပ်ငန်းများအား မဖြစ်မနေ လိုက်နာရမည်ဆိုသည့် သဘောမပါရှိဘဲ တဖြည်းဖြည်း ပြောင်းလဲစီစဉ်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းတပ်မတော်၏ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူက ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်ရှိ ဆာကောပြည်နယ်ကို ဥပမာထားပြီး ပြောသွားခဲ့ခြင်းဖြစ်ပြီး ထိုင်းအလုပ်သမားရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်တွင် အလုပ်လုပ်ခွင့်သက်တမ်းကုန်ဆုံးကြမည့် အလုပ်သမားများနှင့် နိုင်ငံသားအတည်ပြုမှု မလုပ်ရသေးသော အလုပ်သမားများအား အလုပ်လုပ်ခွင့်သက်တမ်း နောက်ထပ်တစ်နှစ်ထပ်မံတိုးမြှင့်ပေးလိုက်သကဲ့သို့ ထိုဒေသရှိ အလုပ်သမားများမှတ်ပုံတင်ရန်အတွက် တာဝန်ရှိသူများက သွားလာရေးစီစဉ်ပေးထားကြောင်းနှင့် နိုင်ငံခြားသား အလုပ်သမားများအနေနှင့်လည်း ထိုကဲ့သို့ပြုလုပ်ရန် ဆန္ဒရှိကြလျှင် လုပ်နိုင်ကြကြောင်းဖြင့် ပြောကြားလိုက်ကြောင်းကို ထိုင်းသတင်းများမှ ဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် မြန်မာအလုပ်သမားများသည်လည်း ရက်ပိုင်းအတွင်း အဆင်ပြေလာရန် အလားအလာရှိနေကြောင်း၊ ယင်းကိစ္စရပ်များသည် ထိုင်းတပ်မတော်အစိုးရ၏ တရားဝင်ပြောရေး ဆိုခွင့်ရှိသူက ယနေ့ နေ့စဉ်ထုတ်သတင်းစာများမှ တရားဝင်ကြေညာ အသိပေးသွားခဲ့ကြောင်း၊ ထို့အပြင် မြန်မာအလုပ်သမားများလည်း နေထိုင်ခွင့်သက်တမ်းတိုးကြရန်အတွက် စိတ်ချရမည့်သူများနှင့်သာ လုပ်ဆောင်သင့်ကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားအချင်းချင်း လက်တစ်လုံးခြား လိမ်စားနေကြသူများ ဒုနှင့်ဒေးရှိနေကြောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံး အလုပ်သမားရေးရာကောင်စစ်ဝန်အနေနှင့်လည်း ထိုင်းအစိုးရက ယခုကဲ့သို့ လမ်းဖွင့်ပေးခိုက် သန်းနှင့်ချီနေကြသော မြန်မာအလုပ်သမားများအရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီဟု ယူဆကြောင်းကို တိုက်တွန်းလိုက်ရကြောင်းဖြင့် ထိုင်းနိုင်ငံရောက် မြန်မာအရေးလုပ်ဆောင်နေကြသောသူများက သုံးသပ်ပြောဆိုခဲ့ကြသည်။

(စိုးဝင်း-SP)

ပညာရေး၊ အလုပ်အကိုင် ရှာဖွေရေးအခွင့်အလမ်းပြပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

နိုင်ငံတကာရှိ ကျောင်းများ၊ ပြည်တွင်းရှိ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးနှင့်ဆက်စပ်သော ပစ္စည်းများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုမ္ပဏီများကို တစ်စုတစ်ဝေးတည်းစုစည်းကာ the 2nd Education & Career 2014 ဒုတိယအကြိမ်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၄ အဖြစ် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုသင်တန်းကျောင်းများ၊ IT နှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာ သင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အလုပ်အကိုင်ရှာဖွေစုစည်းသော လုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် Online Register ပြုလုပ်သူများကို လက်ဆောင်ပေးမည်ဖြစ်ပြီး ပညာရေးလမ်းကြောင်းရွေးချယ်ရန်နှင့် အလုပ်အကိုင်ရှာဖွေသူများအတွက် အခွင့်အလမ်းကောင်းများရရှိစေမည့် အဆိုပါပြပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံပိုမိုတိုးတက်ကောင်းမွန်လာရေး အပြန်အလှန်ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများ၏ ပြည်နယ်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံကဏ္ဍစုံတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများအား ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းပြုလုပ်ရာတွင် အရည်အသွေး၊ ကြိုးစားအားထုတ်မှုနှင့် ဆောင်ရွက်မှုရလဒ်ကို စိစစ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိတက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ဆရာ ဆရာမများ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ပညာရှင်အကြံပေးအဖွဲ့ ကိုယ်စားလှယ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ် ၄၇ ဦးတို့ စုံညီစွာ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၁၉ ခုပါ လုပ်ငန်းစဉ်အတိုင်း ဝန်ထမ်းများအား ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းပြုလုပ်ရာ၌ ဝန်ထမ်းများ၏ အရည်အသွေး၊ ကြိုးစားအားထုတ်မှုနှင့် ဆောင်ရွက်မှုရလဒ်ကို အခြေခံ၍စိစစ်ဆောင်ရွက်သည့်စနစ် ပိုမိုပီပြင်အောင် ဆောင်ရွက်ရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲကြရတော့မည်ဖြစ်ရာ တက္ကသိုလ်၏ စီမံခန့်ခွဲမှုသည် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိရန်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် မိမိတို့ သက်ဆိုင်ရာ တက္ကသိုလ်များရှိ စီမံခန့်ခွဲရေးအဖွဲ့ (Administration Board)၊ တက္ကသိုလ်ပညာရေးအဖွဲ့ (Senate) က ဆရာ ဆရာမများ၏ အရည်အသွေး၊ အရည်အချင်းကို အကဲဖြတ်ဆောင်ရွက်တာဝန်ယူရန်၊ သက်ဆိုင်ရာ ဦးစီးဌာနများက အဖွဲ့ဖြင့် တက္ကသိုလ် ဆရာ ဆရာမများ၏ ရာထူးတိုးနှင့် ပြောင်းရွှေ့တာဝန်ချထားရေးဆောင်ရွက်သည့်အခါ ယင်းအကဲဖြတ်ချက်များကို အခြေခံ၍ စိစစ်ဆောင်ရွက်သွားရန် မှာကြားပြီး မူဝါဒနှင့် စနစ်ရှိရေးနှင့် ပြင်ပပညာရှင်ကြီးများ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရေးတို့ကို အလေးပေးမှာကြားသည်။ **(ဝဲပုံ)**

ဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသော ပညာရှင်ကြီးများက အကြံပြုဆွေးနွေးကြပြီး တက္ကသိုလ်ဆရာ ဆရာမများ ပြောင်းရွှေ့၊ ရာထူးတိုး တာဝန်ချထားရေး ကိစ္စရပ်များကို ဆောလျင်စွာပြီးစီးရေး ပါမောက္ခချုပ်များက စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန အဆင့်မြင့်အရာရှိများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဦးစိုးတင့် ခေါင်းဆောင်သည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ၁၅ ဦးသည် ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ စင်ကာပူနိုင်ငံ လီကွမ်ယူတက္ကသိုလ်မှ ပညာရှင်များနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာများ၊ ပဋိပက္ခကာလအတွင်း စီမံခန့်ခွဲမှု၊ တိုင်းရင်းသားလူမျိုးစုများ၏ ပညာရေးဆိုင်ရာအခန်းကဏ္ဍ စသည်တို့ကို ဆွေးနွေးလေ့လာရန်အတွက် ယနေ့ နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်သို့ လာရောက်သည့်ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

စစ်တွေ ဇွန် ၁၅

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့သည် ရခိုင်ပြည်နယ်သို့ (၁၃. ၆. ၂၀၁၄)မှ (၁၅. ၆. ၂၀၁၄)နေ့အထိ ရခိုင်ပြည်နယ်တိုးတက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် လာရောက်ခဲ့ကြပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးများသည် (၁၃. ၆. ၂၀၁၄)နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်တွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဘင်္ဂါလီလူမျိုးများအား စိစစ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး၊ မြေပုံမြို့ ဘင်္ဂါလီစခန်းကို စမ်းသပ်ကောက်ခံရန်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။

၃။ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေ့လယ်ပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ သွားရောက်လှည့်လည်ကြည့်ရှုခဲ့ပြီး တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်နှင့် အမ်းမြို့နယ်များမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၄။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ (၁၄. ၆. ၂၀၁၄)နေ့တွင် မြေပုံမြို့သို့ သွားရောက်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ပါသည်။ ယင်းနောက် မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်ရှိ ရခိုင်ဒုက္ခသည်စခန်းနှင့် ဘင်္ဂါလီဒုက္ခသည်စခန်းများသို့ သွားရောက်ကြည့်ရှုပြီး၊ မိုးရာသီတွင်ဖြစ်တတ်သောရောဂါများ မဖြစ်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကို စနစ်တကျပြုလုပ်စေရန် လမ်းညွှန်ခဲ့ပါသည်။ ညနေပိုင်းတွင် မြေပုံမြို့မှစစ်တွေမြို့သို့ ရေယာဉ်များနှင့် ထွက်ခွာခဲ့ပြီး စစ်တွေမြို့သက္ကေပြင်ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရေးစခန်းတာဝန်ခံများနှင့်စခန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး၊ လူသားချင်းစာနာသော အထောက်အကူများ ဖြန့်ဝေပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေသန့်ရှင်းရေးနှင့် မိုးရာသီတွင်ကျရောက်တတ်သော ရောဂါများ မဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့ပါသည်။

၅။ ပြည်ထောင်စုဝန်ကြီးများ၏ မြေပုံမြို့ခရီးစဉ်တွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ မြေပုံမြို့ရှိ ဘင်္ဂါလီစခန်းကို စိစစ်နိုင်ရေးအတွက် မြေပုံမြို့မှ မြို့မိမြို့ဖများ၊ လူမှုကွန်ရက်အဖွဲ့မှ ပုဂ္ဂိုလ်၊ဘင်္ဂါလီဒုက္ခသည်စခန်းမှ ပုဂ္ဂိုလ်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းခဲ့ရာ သဘောတူသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း ဦးစီးသော လဝကဝန်ထမ်းများက မြေပုံမြို့ ဘင်္ဂါလီဒုက္ခသည်စခန်းတွင် နိုင်ငံသားစိစစ်ရေးကိစ္စ ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံ တိုင်းရင်းသားများနှင့် ဘင်္ဂါလီဒုက္ခသည်စခန်းမှ စနစ်တကျ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၁၁ နာရီအထိ ဘင်္ဂါလီ ၃၅ ဦး၏ စိစစ်ရန်လျှောက်လွှာကို ဖြည့်စွက်ပြီးဖြစ်ကြောင်း သိရပါသည်။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် စိစစ်ရေးအဖွဲ့များမှတစ်ဆင့် ဗဟိုအဆင့်စိစစ်ရေးအဖွဲ့ထိ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် (၁၅. ၆. ၂၀၁၄)နေ့ နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား တွေ့ဆုံပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု၏ ရှေ့လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စများ၊ ပဋိပက္ခပြီးနောက် ဒုက္ခသည်များအရေးကိစ္စ စီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် ဖော်ဆောင်ထားသောပုံရိပ်နှင့် အစိုးရက ရှင်းလင်းပြောကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေမြို့မှ လေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားပါသည်။

သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ

ဆရာကြီး လယ်တွင်းသားစောချစ်၏ ကလောင်သွေး၍ စာရေးလိုလျှင် စာအုပ်ထွက်ရှိ

ဆရာကြီး လယ်တွင်းသားစောချစ်၏ ကလောင်သွေး၍ စာရေးလိုလျှင် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယင်းစာအုပ်တွင် စာရေးရန် ဝါသနာပါသူများအတွက် စာရေးနည်း အခြေခံလမ်းညွှန်ချက်များကို ပြည့်စုံစွာ ရေးသားဖော်ပြထားသည်။

သုတစာပေ၊ ရသစာပေများ ရေးသားရာတွင် အခြေခံအားဖြင့် မသိမဖြစ် သိရှိထားသင့်သော အချက်များ၊ စာဖတ်ခြင်းဖြင့် မည်သို့စု၍ စာရေးပုံကို မည်သို့တုပြီး ကိုယ်တိုင်ပြုနိုင်သော စာရေးဆရာအဖြစ်သို့ ရောက်အောင် ဖြည့်ဆည်းရမည်တို့ကိုလည်း ဖော်ပြထားသည်။

ထို့ပြင် ရသစာပေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးဖွဲ့ရာတွင် လိုအပ်သော သဘောတရားများနှင့်တစ်ကွ စာပေနှင့်ရသ၊ စာပေနှင့် အလင်္ကာ၊ စာပေနှင့် ဂုဏ်၊ စာပေနှင့် ဒေါသတို့ကိုပါ မချန် ဖော်ပြထားရုံမက စာရေးဆရာဖြစ်ရန်အရေးကြီးသည့် အောင်စိတ်ကိုပါ ဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို ပန်းမြိုင်လယ်စာပေ ဖုန်း-၀၁-၆၃၅၂၆၂၊ ၀၉-၅၅၀၁၈၆၉ မှ ရောင်းဈေး တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဖြန့်ချိထားသည်။ **(မြန်မာ့အလင်း)**

မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများထုတ်ပေး

ဇန်းမော် ဇွန် ၁၅

နိုင်ငံတော်အစိုးရသည် မိုးရာသီသီးနှံများစိုက်ပျိုးရန်အတွက် တောင်သူလယ်သမားများအား ချေးငွေများထုတ်ပေးလျက်ရှိရာ ဇွန် ၁၃ ရက်က ဇန်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးမောက်မြို့နယ် စီကော်-ဟသ်ာကျေးရွာရှိ တောင်သူလယ်သမား ၁၀၆ ဦးတို့အား စပါးစိုက်ဧကတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စိုက် ဧက ၅၁၈ အတွက် ချေးငွေကျပ် ၅၁၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ဆိမ်းခုံ -နန်းရီ**

သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၂၅၀၀ ခန့်သည် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သောနေရာများတွင် နေထိုင်ကြပြီး ထက်ဝက်ကျော်မှာ အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်လျက်ရှိကြကြောင်း၊ အင်ဒိုနီးရှား၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားလေ့ရှိပြီး အာရှပစိဖိတ်ဒေသတွင်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်တည်ရှိနေကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် အာဆီယံသွေးလွန်တုပ်ကွေးနေ့အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၌သွေးလွန်တုပ်ကွေး ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအချိန်အထိ ကုသရေး ၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နည်းပညာအထောက်အပံ့ ပစ္စည်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များရှိနေသေးကြောင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အာဆီယံဒေသဆိုင်ရာ သွေးလွန်တုပ်ကွေးထိန်းချုပ်ရေးနှင့်ကာကွယ်ရေး အစည်းအဝေးမှ အဆိုပြုခဲ့သော အာဆီယံ သွေးလွန်တုပ်ကွေးနေ့ကို အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးမှ အတည်ပြုခဲ့ကြပြီး ပဉ္စမအကြိမ်မြောက် အာဆီယံ လူမှုရေးယဉ်ကျေးမှုကောင်စီအစည်းအဝေးမှ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များအတိုင်း ဇွန် ၁၅ ရက်နေ့တွင် အာဆီယံ သွေးလွန်တုပ်ကွေးနေ့ အဖြစ် အသင်းဝင် ၁၀ နိုင်ငံစလုံး၌ တစ်ပြိုင်နက် ကျင်းပရန်ဖြစ်ကြောင်း၊ ယခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့၏ဆောင်ပုဒ်မှာ "အာဆီယံနိုင်ငံများပေါင်းစည်းလို့ သွေးလွန်တုပ်ကွေးတိုက်ဖျက်စို့" ဟူ၍ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို လူတိုင်းပါဝင်ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် ပြည်သူလူထုမှအသိပညာများ ရရှိလာပြီး ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ခြင်း၊ ခြင်နှင့်ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးလူနာများကို ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါဖြစ်ပွားမှုကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ကပ်ရောဂါအသွင်ဖြစ်ပွားလာပါက ထိရောက်စွာနှိမ်နင်းခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိသည့်လုပ်ငန်းများကို အာဆီယံအသင်းဝင်နိုင်ငံများအားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ခြင်းဖြင့် ရောဂါဖြစ်ပွားမှု နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဒုက္ခလျော့နည်းစေမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲမည့် ခြင်နှင့်ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ပေါင်းစည်း၍ ထိရောက်အောင် ဆောင်ရွက်ရာတွင် အာရှပစိဖိတ် သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းနည်းဗျူဟာများနှင့်အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံသာမက အာရှပစိဖိတ်ဒေသတစ်ခုလုံးတွင် ဦးစားပေးဆောင်ရွက်ရမည့်ရောဂါတစ်ခုအဖြစ် ရရှိလာမည့် အရင်းအနှီးများကို ထိထိရောက်ရောက်အသုံးပြုပြီး လျှော့ချသွားရမည်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးခြင်သည် လူများနေထိုင်ရာ ပတ်ဝန်းကျင်ရှိ ရေကြည်ရေသန့်မှာပေါက်ပွားသည့်အတွက် လူများနှင့်အနီးဆုံးတွင်ရှိသောကြောင့် ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်နိုင်မည်ဖြစ်ကြောင်း၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များပြားတတ်သည့်အတွက် ယနေ့တွင် အာဆီယံသွေးလွန်တုပ်ကွေးနေ့ကို ကျင်းပရသောကြောင့် ပြည်သူလူထုများအနေနှင့် ပိုမိုသတိရှိလာပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာရန် မျှော်လင့်မိပါကြောင်း၊ ယခုနှစ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများတွေ့ရှိနေရပြီး အချို့မြို့နယ်များတွင် ဖြစ်ပွားမှုများပြားနေသောကြောင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နီးနွှယ်လျက်ရှိသော ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက ကျန်းမာရေးဝန်ထမ်းများနှင့် အတူ ပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

တက်ရောက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသောပြခန်းငယ်ကို စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။ အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ကွက်ကြီး (၇၊ ၈၊ ၉)အတွင်းက ကျူးကျော်တဲများ

တွေ့ဆုံမေးမြန်း
မင်းမင်းဇော်(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ၂၀၁၄ခုနှစ် မေ ၂၂ ရက်က ဇမ္ဗူသီရိမြို့နယ် မဟာသိဒ္ဓိရပ်ကွက် အမှိုက်ကျင်းအနီးတွင် ခွင့်ပြုချက်မရှိဘဲ တရားမဝင် ကျူးကျော်ဆောက်လုပ်နေထိုင်သော ကျူးကျော်တဲများကို မေ ၂၅ ရက်နေ့အပြီး ဖျက်သိမ်းဖယ်ရှားပေးရန်နှင့် ဖျက်သိမ်းဖယ်ရှားခြင်းမရှိပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် ကျူးကျော်နေထိုင်သူများက သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးခဲ့ခြင်းမရှိသဖြင့် ပြီးခဲ့သည့် ဇွန် ၁၂ ရက်က ဇမ္ဗူသီရိမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်ဟုလည်း နောက်ဆက်တွဲသတင်းကို ထပ်မံ ကြားသိရသည်။

အဆိုပါ ကျူးကျော်တဲများ ပြဿနာနှင့် ပတ်သက်ပြီး သိရှိလိုသဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်အား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

မေး ။ ။ ကျူးကျော်တဲတွေ ပေါ်ပေါက်လာပုံနဲ့ ဘာကြောင့် ကျူးကျော်တဲတွေအဖြစ် သတ်မှတ်ခဲ့ရသလဲဆိုတာလေးကို အရင်ဆုံး ပြောပြပေးစေလိုပါတယ် ခင်ဗျာ။

ဖြေ ။ ။ ကျွန်တော်တို့ ဇမ္ဗူသီရိမြို့နယ် ဗလရပ်ကွက်၊ ခနသိဒ္ဓိရပ်ကွက်နဲ့ ဒက္ခိဏသီရိမြို့နယ် နေပြည်တော် မြို့ပတ်လမ်းအကြားမှာ နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ကွက်ကြီး(၇၊ ၈၊ ၉)အဖြစ် လျာထားသတ်မှတ်ထားတာရှိပါတယ်။ အဲဒီဧရိယာဟာ အစကတော့ ရန်အောင်မြင်သစ်တောကြိုးဝိုင်းနဲ့ပလွေးသစ်တော ကြိုးဝိုင်းမြေတွေ ဖြစ်ပါတယ်။ နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်း မဆောင်ရွက်မီကာလက အဲဒီဧရိယာမှာ ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ၊ ပေတုံးမြောင်ကျေးရွာ၊ မကျီးကုန်းကျေးရွာစတဲ့ ကျေးရွာတွေက တောင်သူတချို့ သစ်တောမြေအတွင်း ကျူးကျော်စိုက်ပျိုးလုပ်ကိုင်ခဲ့တာရှိပါတယ်။

နောက်ပိုင်း နေပြည်တော်မြို့ပတ်လမ်းဖောက်တာ၊ ဒက္ခိဏသီရိမြို့သစ်ဖော်ထုတ်နေရာချထားတာတွေကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတော့ နေပြည်တော်မြို့ပတ်လမ်းမှာရော၊ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၊ ခနသိဒ္ဓိရပ်ကွက်အကြား ကြိုးဝိုင်းမြေတွေမှာ ကျူးကျော်နေထိုင်မှုတွေ များပြားလာပါတယ်။

အဲဒါကြောင့် သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်သူတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တောရေးရာဝန်ကြီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနက သစ်တောဥပဒေပုဒ်မ ၄၀(က)နဲ့ တရားစွဲဆိုခဲ့ပါတယ်။ တရားစွဲတော့ တရားရုံးကနေ တရားစွဲဆိုခံရသူတွေကို ဒဏ်ငွေကျပ် ၅၀၀၀ စီဒဏ်ရိုက်ခဲ့ပါတယ်။ အမှုပြီးသွားတော့ ကျူးကျော်သူတွေက ဖယ်ရှားသွားတာမရှိတဲ့အပြင် သစ်တောမြေ တွေကို စိတ်ပိုင်းပြီး ပြန်ရောင်းချတာတွေတောင် လုပ်ခဲ့ပါတယ်။

ပြီးတော့လည်း နိုင်ငံတော်က ကြိုးဝိုင်း သစ်တောမြေတွေအတွင်း အိမ်မြေ ၅၀အထက်ရှိရင် သစ်တောမြေစွန့်လွှတ်ပေးမယ်ဆိုတဲ့ အမိန့်ကြောင့် ကျူးကျော်အိမ်ဆောက်လုပ်မှုက အလျှင်အမြန်ကို တိုးပွားလာခဲ့ပါတယ်။ တချို့တောင်သူတွေက သစ်တောမြေတွေကို ဈေးချိုချိုနဲ့ ရောင်းချတဲ့အခါကျတော့ စိုက်ပျိုးမွေးမြူလုပ်လိုတဲ့သူတွေ၊ မြေအရောင်းအဝယ်လုပ်လိုတဲ့ စီးပွားရေးသမားတွေကလည်း ကြိုးဝိုင်းမြေအတွင်းမှာ တရားမဝင် ဝယ်ယူလုပ်ကိုင်တာတွေ လုပ်လာတာလည်း ရှိပါတယ်။ ဒီလို ခွင့်ပြုချက်မရှိဘဲ၊ ပိုင်ဆိုင်မှုမရှိဘဲ နေထိုင်တာမို့ ကျွန်တော်တို့အနေနဲ့ ကျူးကျော်တဲတွေအဖြစ် သတ်မှတ်ခဲ့တာပါ။

မေး ။ ။ အခုရော နေပြည်တော် အထူးဖွံ့ဖြိုးရေး စီမံကိန်းမြေအဖြစ် ပြောင်းလဲပြီးသွားပြီလား။ ကြိုးဝိုင်းမြေအဖြစ်ကနေ ပယ်ဖျက်ပေးပြီးသွားပြီလားဆိုတာ ပြောပြပေးပါခင်ဗျာ။

ဇမ္ဗူသီရိ မြို့နယ် မဟာသိဒ္ဓိရပ်ကွက် အမှိုက်ကျင်းအနီးတွင် ခွင့်ပြုချက်မရှိဘဲ တရားမဝင် ကျူးကျော်ဆောက်လုပ်နေထိုင်သော ကျူးကျော်တဲများကို တွေ့ရစဉ်။

ဖြေ ။ ။ နေပြည်တော် စည်ပင်သာယာရေးကော်မတီကနေ ပလွေးသစ်တောကြိုးဝိုင်းနဲ့ ရန်အောင်မြင် သစ်တောကြိုးဝိုင်းတွေမှာရှိတဲ့ နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ကွက်ကြီးအမှတ် (၇၊၈၊၉)မှာပါတဲ့ ကြိုးဝိုင်းမြေတွေကို စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကို ကြိုးဝိုင်းတောမြေအဖြစ် ကနေ ပယ်ဖျက်ခွင့်ပြုဖို့ လျှောက်ထားခဲ့တဲ့အတွက် ဝန်ကြီးဌာနကနေ ရန်အောင်မြေကြိုးဝိုင်းတောမြေဧရိယာ ၁၂၄၉ ဒသမ ၀၁ ဧက နဲ့ပလွေးကြိုးဝိုင်းတောမှ မြေဧရိယာ ၄၄၃ ဒသမ ၉၄ ဧက တို့ကို ဧပြီလ ၂၂ ရက်နေ့မှာ ကြိုးဝိုင်းမြေအဖြစ်ကနေ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်။ စုစုပေါင်း မြေဧရိယာ ၁၆၉၂ ဒသမ ၉၅ ဧက ဖြစ်ပါတယ်။

မေး ။ ။ ကျူးကျော်နေထိုင်သူ ဘယ်နှဦးရှိပါသလဲ။ သူတို့ကို ဘယ်အချိန်ကစတင်ပြီး တရားစွဲဆိုမှုတွေပြုလုပ်ခဲ့ပါသလဲ ခင်ဗျာ။

ဖြေ ။ ။ ဟုတ်ကဲ့။ ပထမဆုံးအနေနဲ့က သစ်တောဦးစီးကနေ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ အထူးဖွံ့ဖြိုးရေး စီမံကိန်း လုပ်ကွက်ကြီး (၈)မှာ ကျူးကျော်နေထိုင်နေတဲ့ ဦးမြင့်လွင်၊ ဦးရွှေကျော်၊ ဦးကြည်လင်း၊ ဦးကျော်ဦး၊ ဦးဝင်းဦး စတဲ့သူတွေအပါအဝင် ကျူးကျော်နေထိုင်သူ ၄၅ ဦးကို သစ်တောဥပဒေပုဒ်မ ၄၀(က)နဲ့ ဇမ္ဗူသီရိမြို့နယ် တရားရုံးကို ဦးတိုက်ပြီး လျှောက်ထားခဲ့ပါတယ်။ အဲဒီတုန်းက သစ်တောကြိုးဝိုင်းမြေအဖြစ်ပဲ ရှိပါသေးတယ်။

နောက်တော့ ကြိုးဝိုင်းတွေအဖြစ်ကနေပယ်ဖျက်ပြီး နေပြည်တော် အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ကွက်ကြီး (၇၊၈၊၉) မြေနေရာဖြစ်သွားပြီဆိုတဲ့ အခါကျတော့ မေလ ၂၂ ရက်နေ့မှာ စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ပြောင်းရွှေ့ဖယ်ရှားပေးပါဆိုပြီး သက်ဆိုင်သူတွေဆီကို အကြောင်းကြားစာတွေ ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ပို့လိုက်ပါတယ်။ အဲဒီမှာ သူတို့က ဖျက်သိမ်းပြောင်းရွှေ့မှု မရှိတာကြောင့် နေပြည်တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ(၂၆)အရ ဇွန်လ ၁၂ ရက်နေ့မှာ တရားစွဲဆိုခဲ့တာ ဖြစ်ပါတယ်။

မေး ။ ။ အခုကျူးကျော်သူ ဘယ်နှယောက်ကို တရားစွဲဆိုထားပါသလဲ။ ဘယ်မြို့နယ်တွေကလာရောက် ကျူးကျော်နေထိုင်ကြသလဲဆိုတာ ပြောပြပေးပါဦး ခင်ဗျာ။

ဖြေ ။ ။ ကျူးကျော်သူ ၄၃ ယောက်ကို ကျွန်တော်တို့ တရားစွဲဆိုထားပါတယ်။ အဲဒါတွေကတော့ ဒက္ခိဏသီရိမြို့နယ်က ၁၇ ဦး၊ လယ်ဝေးက သုံးဦး၊ ဇမ္ဗူသီရိက တစ်ဦး၊ ပုဗ္ဗသီရိက တစ်ဦး၊ မိတ္ထီလာက ငါးဦး၊ ဥတ္တရက တစ်ဦး၊ ရေတာရှည်က တစ်ဦး၊ တောင်သာက နှစ်ဦး၊ မိုးညှိုက တစ်ဦး၊ ဘားအံက နှစ်ဦး၊ ကျောက်ဆည်က တစ်ဦး၊ ပျဉ်းမနားက တစ်ဦး၊ လှိုင်သာယာက တစ်ဦး၊ ခရမ်းက သုံးဦး၊ ကမာရွတ်က တစ်ဦး၊ ရွှေပြည်သာက တစ်ဦးနဲ့ အခြားမြို့နယ်က တစ်ဦးတို့ဖြစ်ပါတယ်။

အခုလို ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

✻ ကျောဖုံးမှ

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များတွင် နေထိုင်သော အိမ်ထောင်စု ၁၁ စု၊ မိသားစုဝင် အမျိုးသား ၃၀၊ အမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၆၁ ဦး တို့ကို အုတ်ဖိုမော် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တနေရာချထားပေးကြောင်း သိရသည်။

အလားတူ ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက ကျွန်းစုမြို့နယ်စခန်းသစ်ကျေးရွာအုပ်စု ဝါးအော်ကျေးရွာ၌ ဒီရေတက်ချိန် မိုးသက်လေပြင်းတိုက်ခတ်၍ လှိုင်းရိုက်ပုတ်မှုကြောင့် ရွာကမ်းစပ်တွင် ဆောက်လုပ်ထားသော နေအိမ်များအနက် ဦးသန်းထိုက်ဦး (၂၉ နှစ်)ပိုင် နေအိမ်နှင့် အခြားနေအိမ်ခုနစ်လုံး စုစုပေါင်း နေအိမ်ရှစ်လုံး အလျားပေ ၂၀၊ အနံပေ ၃၀ ရှိ ဓနိမိုး၊ ရိုင်ကာ၊ ပျဉ်ခင်း နေအိမ်တို့မှ နေအိမ်အနောက်ဘက် မီးဖိုဆောင်နှင့် လှေကားများပျက်စီးဆုံးရှုံးသွားကာ ပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါနေအိမ်များတွင် နေထိုင်သော အိမ်ထောင်စု ၂၆ စု၊ မိသားစုဝင် အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၆ ဦးတို့အား ဝါးအော်ကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာမူလတန်းကျောင်းတို့တွင် ခေတ္တပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

အလားတူ ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက ကျွန်းစုမြို့နယ် ကော်ဇယာကျေးရွာအုပ်စု ချောင်းကြီးဝကျေးရွာ၌ ဒီရေတက်ချိန် မိုးသက်လေပြင်းတိုက်ခတ်၍ လှိုင်းရိုက်ပုတ်မှုကြောင့် ရွာကမ်းစပ်တွင် ဆောက်လုပ်ထားသော ဒေါ်တင်မြိုင်၏ ကျားပါးစပ်လုပ်ငန်းရှိ အလုပ်သမားတန်းလျား သုံးခန်းတွဲတစ်လုံး၊ အလျား ၃၆ ပေ၊ အနံ ၁၅ ပေရှိ ဓနိမိုး၊ ရိုင်ကာ၊ ပျဉ်ခင်း၊ အလုပ်သမားနှစ်ခန်းတွဲ တစ်လုံး၊ အလျား ၁၈ ပေ၊ အနံ ၁၅ ပေရှိ ဓနိမိုး၊ ရိုင်ကာ၊ ပျဉ်ခင်း၊ ကျေးရွာနေ ဒေါ်စန်းမော် (၃၅ နှစ်)၊ ဒေါ်တင်နွဲ့ (၅၅ နှစ်)၊ ဦးအေးပု (၄၀ နှစ်)ပိုင် နေအိမ်နှင့်ဦးနောင်နီ (၄၇ နှစ်)တို့၏ နေအိမ်လေးလုံး၊ အလျား ၁၈ ပေ၊ အနံ ၂၅ ပေရှိ ဓနိမိုး၊ ရိုင်ကာ၊ ပျဉ်ခင်းတို့ ပြိုကျပျက်စီးသွားပြီး ကျေးရွာကွန်ကရစ်လမ်းမမှာ ရေတိုက်စားမှုကြောင့် အကျယ် ၁၀ ပေ၊ အလျား ၁၂ ပေခန့်ရှိ လမ်းပိုင်းနှစ်နေရာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါနေအိမ်များတွင် နေထိုင်သော အိမ်ထောင်စုရှစ်စု၊ မိသားစုဝင် အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၇ ဦးတို့အား အခြားအလုပ်သမားတန်းလျားများတွင် ရွှေ့ပြောင်းထားရှိခဲ့သည်။

အဆိုပါ နေအိမ်များပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုဝင်မိသားစုများအား ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် ဒေသခံပြည်သူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းသတင်း

အဆင့်မြင့်အိမ်ရာ အရောင်းခန်းမဖွင့်

ရန်ကုန် ဇွန် ၁၅

United GP Development Co.,Ltd. က ဆောက်လုပ်မည့် ကမ္ဘာ့အဆင့်မီကွန်ဒိုမီနီယမ်နှင့် Serviced Residence များပါဝင်သော 68 Residence အဆင့်မြင့်အိမ်ရာ အရောင်းခန်းမဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ် (၄၄-အေ)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ United GP Development Co.,Ltd. မှ Vice Presidentဦးအောင်ကျော်ဦး၊ Managing Director ဒေါ်သက်သက်ခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် United GP Development Co.,Ltd. မှ CEO & Founder ဒေါက်တာ ဦးအောင်ကျော်ဝင်းတို့က 68 Residence အဆင့်မြင့် အိမ်ရာ အရောင်းခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က 68 Residence Sale Gallery ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ မီးထွန်းညှိပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အေးရိပ်သာ(၂) လမ်း အမှတ် (၂၅ အေ/၈)ရှိ KHG Development Co.,Ltd. ၏ ကုမ္ပဏီရုံးခန်း ဖွင့်လှစ်ခြင်းနှင့် Infinity အဆင့်မြင့်ကွန်ဒိုမီနီယမ် မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် KHG Development Co.,Ltd. ဥက္ကဋ္ဌ ဦးကြည်စိုးက ကုမ္ပဏီရုံးခန်းဖွင့်လှစ်ခြင်းနှင့် Infinity အဆင့်မြင့် ကွန်ဒိုမီနီယမ်မိတ်ဆက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က KHG Website ကို လေဆာပွိုင့်တာနှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုမ္ပဏီရုံးခန်းကို ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ရေတက်လာမှုကြောင့် ရေယာဉ်များသွားလာမှုအဆင်ပြေ

ကလေး ဇွန် ၁၅

ချင်းတွင်းမြစ်ဖျား ဒေသတွင် ဇွန်လဆန်းမှစ၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေတက်လာပြီး ကုန်စည်စီးဆင်းမှုများမြန်ဆန်လာကာ ဒေသတွင်း အဓိကကုန်စည်ဖြစ်သည့် ကလေးဝ သစ်ချောက် ကျောက်မီးသွေးများကို ချင်းတွင်းမြစ်ကြောင်းမှ အဓိကတင်ပို့လာကြသည်။ ဟုမ္မလင်း-ကလေးဝ-မုံရွာပြေးဆွဲနေသော အမြန်ရေယာဉ်လိုင်းများမှာ ရွှေနဒီ၊ သီဟထွန်း၊ အေးငြိမ်းချမ်းသာ၊ NGRG စသော အသင်းများရှိပြီး ကလေးဝ-မုံရွာ (ရိုးရိုး) ငွေကျပ် ၆၀၀၀၊ အထူးတန်း ၉၀၀၀၊ ဟုမ္မလင်း- မုံရွာ(ရိုးရိုး) ၉၀၀၀၊ အထူးတန်း ၁၃၀၀၀ စသည်ဖြင့် ဝန်ဆောင်ခ များများယူဆောင်၍ နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် ရေကြောင်းကောင်းမွန်လာပြီဖြစ်၍ ဆောင်းနှင့် နွေကာလများ

တွင် စုပုံနေသော ကျောက်မီးသွေးများကို အမြန်ရေယာဉ်နှင့် ဖလပ်ပြားသင်္ဘောကြီးများဖြင့်တွဲကာ တန်ချိန်တစ်သောင်းအထိ တင်ဆောင်၍ မုံရွာ၊ မန္တလေးဆိပ်ကမ်းများသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုနှင့်ပတ်သက်၍ အမြန်ရေယာဉ်မောင်းသူတစ်ဦးက အစုန်ကုန်စည်အနေဖြင့် ဒေသထွက်ပစ္စည်းဖြစ်သည့် တမူးမိုရေးပစ္စည်းများနှင့်မစိန်ခမောက်များ၊ ဖျာများကိုသာတင်ဆောင်ရပြီး အဆန်ကုန်စည်အနေဖြင့် ကွမ်းရွက်ခြင်းများ၊ ခရမ်းချဉ်သီးများ၊ ပန်းများ၊ စက်ဘီးများ၊ ဆိုင်ကယ်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံကို တင်ပို့ပေးရကြောင်း ပြောသည်။

ချင်းတွင်းမြစ်ကြောင်းသွား အမြန်ရေယာဉ်ကြီးများသည် အစုန်ကုန်စည်အနေဖြင့် ကျောက်မီးသွေးများကို တင်ဆောင်ကာ မုံရွာ၊ မန္တလေး ဆိပ်ကမ်းများသို့ ပို့ဆောင်ပေးနေကြရာ ခရီးအကွာအဝေး အတိုအရှည်မူတည်၍ သယ်ယူပို့ဆောင်ခ တစ်တန်လျှင် ငွေကျပ်တစ်သောင်းမှ နှစ်သောင်းအထိပေးရကြောင်း ကလေးဝ ကျောက်မီးသွေး လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

သျှင်နေမင်း

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လမ်းပန်းဆက်သွယ်ရေးကောင်းလာ

လဟယ် ဇွန် ၁၅

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိပြီး ကျေးလက်နှင့်မြို့ပြကွာခြားမှုမရှိစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ဆပ္ပလော်ရှောင်-ခါးငွေး-ကုန်းလမ်းလမ်းကြောင်းပေါ်ရှိ သစ်သားတံတား ငါးစင်း၊ လောင်ငေါက်-ဟွေကွန်လမ်းကြောင်းပေါ်ရှိသစ်သားတံတားတစ်စင်းကို လည်းကောင်း၊ ကျွန်းခေါင်း၊ လန်းနောက်၊ ကျောက်ကယ်၊ တာမောင် စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများအား ၂၀၁၄ ခုနှစ် မေလအတွင်းက ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုံကြူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်ကျော် (ခန္တီးခရိုင်)၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ရဲမှူး ခင်မောင်ငွေ၊ ခေတ္တမြို့နယ် ပညာရေးမှူး ဦးစန်းမိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံနာဂတိုင်းရင်းသားများ တက်ရောက်ခဲ့သည်။

နာဂဒေသတိုင်းရင်းသား တစ်ဦးကလည်း "ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဘက်စုံ၊ ကဏ္ဍစုံဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လမ်း၊ တံတားတွေလည်း အရင်ကနဲ့မတူကောင်းမွန်လာတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးတာကြောင့် နာဂဒေသနေ တိုင်းရင်းသားပြည်သူများသန့်ရှင်းတဲ့ သောက်သုံးရေ ရရှိနေပြီဖြစ်ပါတယ်။ နယ်စပ်ဒေသ တိုင်းရင်းသားများကိုယ်စား နိုင်ငံတော်အကြီးအကဲများကို အထူးပင်ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဖိုးချမ်း

ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု ဆုနှင်းသဘင်ကျင်းပ

နတ်မောက် ဇွန် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကျေးရွာ ကုန်စွယ်ရာအောင် ပြည်ငြိမ်းချမ်းကျွဲတဲကျောင်းတိုက်သဒ္ဓမ္မပီတိ ဓမ္မဗိမာန်တော်ကြီးတွင် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု အောင်ပွဲဆင်ယင် ဆုနှင်းသဘင် အခမ်းအနားကို ဇွန် ၈ ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ ရွှေဘုံသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိဇ္ဇောဒယနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ စာမေးပွဲအကျိုးတော်ဆောင် ဆရာတော် ရန်ကုန်မြို့ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်တိုက်အုပ် ဆရာတော် အဂ္ဂမဟာအကျော် ဝိနယပါဠိပါရဂူ ဝိနယကောဝိ တိပိဋကရေ ဘဒ္ဒန္တသိရီကဥ္စနဘိဝံသ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုးနှင့် ရွာသူရွာသားများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။ စာမေးပွဲအောင်မြင်သူများနှင့် ဆုရရှိသူများကို ဆရာတော်ကြီးများနှင့် ဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုတံဆိပ် အောင်လက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနဘိဝံသက ရေစက်ချ အနုမောဒနာ တရား ဟောကြားတော်မူခဲ့ကြောင်း သိရသည်။

အောင်သန်းထွန်း(နတ်မောက်)

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ရေစကြိုတွင် တာဝါတိုင်များတည်ဆောက်

ရေစကြို ဇွန် ၁၅

ပြည်သူများဆက်သွယ်ရေးကောင်းမွန်၍ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန် တန်ဖိုးနည်းမိုဘိုင်းဆင်းကတ်များကို လစဉ်မဲဖောက်ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် မြန်မာ့ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်စေရန် ပြည်ပကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နော်ဝေနိုင်ငံအခြေစိုက် တယ်လီနောကုမ္ပဏီနှင့် ကာတာနိုင်ငံအခြေစိုက်အော်ရီဒူးကုမ္ပဏီတို့မှ ယခုနှစ်အတွင်း အင်တာနက်ချိတ်ပြီးဆင်းကတ်များကို ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်ဟု သိရသည်။

ရေစကြိုမြို့တွင် တယ်လီနောကုမ္ပဏီ၏ Sim card တစ်ဦးတည်းကိုယ်စားလှယ်ကို GY ထန်းလျက်ရောင်းဝယ်ရေးမှ ဦးမြင့်အောင်က ကိုယ်စားလှယ်ရယူထားပြီး စက်တင်ဘာလတွင် Sim card စတင်ရောင်းချသွားမည်ဟု သိရသည်။ ဦးမြင့်အောင်ထံမှ Sim card များကို လက်ခွဲရောင်းချလိုသူများအားစာရင်းကောက်ယူလျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့နယ်အတွင်းတွင် လူဦးရေ ၃၆၆၀၀၀ ရှိသည်ဟု သိရသည်။ ရေစကြိုမြို့နယ်တွင် ကြိုးဖုန်း ၉၅၀၊ တန်ဖိုးနည်း CDMA ဖုန်း ၅၅၀၀၊ တန်ဖိုးနည်း GSM ဖုန်း ၈၆၀၀၊ တန်ဖိုးနည်း WCDMA 470 ငါးသိန်းတန် CDMA ဖုန်းအလုံး ၂၀၀၀၊နှစ်သိန်းတန် ဖုန်း GSM 4700စုစုပေါင်းဖုန်းအလုံးရေ ၂၂၂၂၀ ရှိပြီဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် ရေစကြိုမြို့၏ ဖုန်းသိပ်သည်းဆမှာ ၆ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။ အဆိုပါဖုန်းများ ဆက်သွယ်ရေးကောင်းမွန်ရန်အတွက် CDMA 800 MHz ဖုန်း အသုံးပြုတာဝါတိုင်တစ်တိုင်၊ CDMA 450MHz ဖုန်း အသုံးပြုတာဝါတိုင်နှစ်တိုင်နှင့် GSM ဖုန်းအသုံးပြုတာဝါတိုင်ရှစ်တိုင် ရှိသည်ဟု သိရသည်။ GSM ဖုန်းအသုံးပြုတာဝါတိုင် ရှစ်တိုင်မှာ ကျောက်လှေခါး၊ ပခန်းကြီး၊ ရှင်မတောင်၊ ဖူလုံ၊ ရေစကြိုအော်တိုဖုန်းရုံး၊ ရေစကြိုရုံးပေါင်းစုံ၊ ကြက်ဆူကျင်း၊ မအူ စသည်တို့တွင်ရှိသည်ဟု သိရသည်။ CDMA450MHz ဖုန်း အသုံးပြုတာဝါတိုင်နှစ်တိုင်မှာ ရှင်မတောင်နှင့် ရေစကြိုအော်တိုဖုန်းရုံးတွင်ရှိသည်ဟု သိရပြီး ၎င်းတို့ကို MPT မှ တည်ဆောက်ထားသည်ဟု သိရသည်။ CDMA800MHz ဖုန်းအသုံးပြုတာဝါတိုင်ကိုမူ ဖူလုံစစ်တပ်ထဲတွင် တည်ဆောက်ထားပြီး ၎င်းကို MECမှ တည်ဆောက်သည်ဟု သိရသည်။

ရေစကြိုမြို့နယ်တွင် ဖုန်းအလုံးရေများပြားသည့် GSM ဖုန်းနှင့် WCDMA ဖုန်းများ ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် ရေစကြိုပန်းခြံတွင် တာဝါတိုင်တစ်တိုင်၊ တောင်အိုကျေးရွာတွင် တာဝါတိုင် တစ်တိုင်၊ သစ်ခေါက်ဆိပ်ကျေးရွာတွင် တာဝါတိုင်တစ်တိုင်ဖြင့် တာဝါတိုင် သုံးတိုင် တည်ဆောက်ပြီးစီးပြီဖြစ်၍ စက်တပ်ဆင်ရုံသာကျန်တော့သည်ဟု ရေစကြိုမြို့ ဆက်သွယ်ရေးတာဝန်ခံ ဦးမြင့်ကျော်က ပြောပြသည်။

ထို့ပြင် ဒီဂျီဆဲလ်မြန်မာတာဝါကုမ္ပဏီမှလည်း ရေစကြိုမြို့နယ်အတွင်းရှိ အမှတ်(၇)ရပ်ကွက်တွင် တာဝါတိုင် တစ်တိုင်၊ သံပြာချောင်းကျေးရွာတွင်တာဝါတိုင် တစ်တိုင်နှင့် ပခန်းကြီးကျေးရွာတွင် တာဝါတိုင် တစ်တိုင်တို့ကို တည်ဆောက်ရန်မြေကျင်းတူးခြင်းလုပ်ငန်းကို ဇွန် ၁ ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်ဟု သိရသည်။ ဒီဂျီဆဲလ်မြန်မာတာဝါကုမ္ပဏီမှ တာဝါတိုင်များတည်ဆောက်ရာတွင် တာဝါတိုင်တစ်ခုလျှင် အမြင့် မီတာ ၆၀ တည်ဆောက်မည်ဖြစ်ပြီး တာဝါတိုင်တစ်ခုလျှင် တည်ဆောက်ချိန်ရက် ၄၀ ခန့်ကြာမြင့်မည်ဖြစ်သည်ဟု ဒီဂျီဆဲလ်မြန်မာတာဝါကုမ္ပဏီမှ တာဝန်ခံ ကိုတင့်ဇော်ကပြောပြသည်။

အိမွန်ဆွေ(ရေစကြို)

အခြေခံပညာအထက်တန်းကျောင်းသစ်ဖွင့်

နေပြည်တော် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဝွေးပင်ကုန်းကျေးရွာ အထက်တန်းကျောင်းသစ်ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ဝွေးပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်နှင့် ရပ်မိရပ်ဖ ဦးသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး ကျောင်းအုပ်ဆရာမကြီးက ဝွေးပင်ကုန်းအထက်တန်းကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်မှ အမှာစကားပြောကြားကာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ပြီး ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့သည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ပြည်မြန်မာတေးသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ကြော်ငြာရေးတို့ ဆွေးနွေး

ရန်ကုန် ဇွန် ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဗီယက်နမ်နိုင်ငံ HAGL Group က တည်ဆောက်လျက်ရှိသော Hoang Anh Gia Lai Myanmar Centre စီမံကိန်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ Sedona Hotel (Yangon)စီမံကိန်းအဆင့်(၂) တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ်၌ ကျင်းပသော အမေရိကန်နိုင်ငံအခြေစိုက် Peninsula Press အဖွဲ့နှင့် မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များအကြား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ကြော်ငြာရေးတို့အတွက် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုက္ကရစရိယာမြတ်ဗုဒ္ဓရုပ်ပွားတော် ဘုရားဖူးများဖြင့် အထူးစည်ကား

မန္တလေး ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မက္ခရာကျောင်းတိုက်ကြီး အတွင်း ဘုရားဒါယကာ သံဝေဇနိယလေးဌာနပြန် ပြည်တော်အေး ဦးလှဝင်း ပဓာနဦးစီး လှူဒါန်းပူဇော်တည်ထား ကိုးကွယ်သော ကမ္ဘာ့ညဏ်တော်အမြင့်ဆုံး ဒုက္ကရစရိယာမြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ ဇွန် ၁၄ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဒုက္ကရစရိယာမြတ်ဗုဒ္ဓရုပ်ပွားတော်မြတ် မေးစေ့တော်၌ ပျားများအုပ်စုဖွဲ့၍ ဖူးမြော်ပူဇော်လျက်ရှိပြီး ပျားများမှာ လေးပေမှ နှစ်ပေကျော်ခန့် စွဲကပ်၍ ထူးခြားစွာ ပူဇော်နေမှုကို မန္တလေးမြို့ပေါ်နှင့် ဒေသခံပြည်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ အလှူတော်ငွေများ လာရောက်လှူဒါန်း ကုသိုလ်ပြုလျက်ရှိကြောင်း တွေ့ရသည်။ "ညနေ ၃ နာရီကျော်ခန့် ကတော့ နည်းနည်းလေးရှိပြီး မကြာမီ ၃ နာရီခွဲခန့်တွင် ယခုကဲ့သို့ ပျားများ အုပ်စုများဖြင့် လာရောက်ပူဇော်နေကြောင်း ဖုန်းဖြင့် ဘုရားဒါယကာ ဦးလှဝင်းက အကြောင်းကြားမှုကြောင့် သွားရောက်ဖူးမြော်ရာမှ ဘုရားဖူးလာပြည်သူများ စည်ကားစွာ တွေ့ရှိရပြီး လွန်ခဲ့တဲ့ နှစ်လလောက်ကလည်း မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ် ဘယ်ဘက်ရင်ဘတ် ဒုတိယနံရိုးတော် အထက်အောက်တွင် စိမ်းပြာရောင် ရောင်ခြည်တော်များ ကွန့်မြူးခဲ့ကြောင်း၊ ယခုတစ်ခါ ပျားများ ထူးခြားစွာ ပူဇော်စွဲကပ်နေကြောင်း ဘုရားဒါယကာပြည်တော်အေး ဦးလှဝင်းက ပြောသည်။

တင်မောင်(မန္တလေး)

မုံရွာမြို့ရှိ အခြေခံပညာကျောင်းများ နေပူရှိန်ပြင်းသဖြင့် ကျောင်းတက်ချိန်များပြောင်းလဲ

မုံရွာ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် အညာဒေသဖြစ်သည်နှင့်အညီ မေလပိုင်းလောက်မှစတင်ပြီး မိုးရွာသွန်းမှုနည်းပါးသောကြောင့် ရာသီဥတုမှာပူပြင်းပြီး နေ့ပိုင်းအချိန်များတွင် နေပူရှိန်မှာ ပိုမိုပူပြင်းလာသည်။ သို့ဖြစ်၍ ဇွန် ၉ ရက်မှ စတင်ပြီး အခြေခံပညာကျောင်းများတွင် ကျောင်းတက်ချိန်များကို နံနက် ၆ နာရီမှ နံနက် ၁၁ နာရီခွဲအထိ ပြင်ဆင်သတ်မှတ်ထားကြောင်း သိရသည်။

ကျောင်းသား မိဘတစ်ဦးကလည်း "အိမ်က သားလေးက ဒီနှစ် ပထမတန်းပါ၊ မနက်ခင်း ကျောင်းပို့ချိန်က အလွန်မပူသေးဘူး။ နေ့လယ်သားလေး မုန့်စားဆင်းချိန်ဆို နေက အလွန်ပူနေပြီ။ ကလေးက နေပူထဲမှာများ ဆော့နေသလားဆိုပြီး အိမ်ကနေ စိတ်ပူရတယ်။ ကျောင်းကြိုချိန် ညနေ ၃ နာရီကျော်ဆို အလွန်ပူတော့ နေ့စဉ်မလွယ်ဘူး၊ ကြာရင် လူကြီးရော ကလေးပါ ကျန်းမာရေးအတွက် စိုးရိမ်ရတယ်။ တချို့တွေဆို ဖျားကြနာကြနဲ့။ အခုတော့ ကျောင်းချိန်တွေ ပြောင်းလိုက်ပြီဆိုတော့ အလွန်ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဖိုးချမ်း (မုံရွာ)

ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်နည်း သရုပ်ပြ

နေပြည်တော် ဇွန် ၁၅

ပျဉ်းမနားမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ကြံသုတေသနနှင့် မျိုးပွားခြံ(ပျဉ်းမနား)တွင် ဇွန် ၁၃ ရက်နံနက်က ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်နည်းစနစ် သရုပ်ပြပွဲနှင့် လက်တွေ့ကွင်းဆင်းစိုက်ပျိုးခြင်း အခမ်းအနားကို ကျင်းပရာ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(ကြံသီးနှံ) နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးနှင့် ကြံသီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ခရိုင်/မြို့နယ်ဦးစီးမှူးများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးမှ ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်းစနစ်၊ ပျိုးထောင် စိုက်ပျိုးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

တင့်ဇော်ထွန်း

ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများလှူဒါန်း

ပျဉ်းမနား ဇွန် ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီး(အရှေ့) ကျေးရွာအလယ်တန်းကျောင်းတွင် ဇွန် ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မိုး ဦးဆောင်၍ ကျောင်းဝတ်စုံများ လှူဒါန်းပွဲကျင်းပရာ သူငယ်တန်း၊ ပထမတန်း၊ ကျောင်းသား ကျောင်းသူ ၁၀၀ အား ကျောင်းဝတ်စုံအင်္ကျီ၊ မိုးကာနှင့် ထီးများပေးအပ်ခဲ့ပြီး မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးရန်အတွက် အလှူငွေကျပ် ငါးသောင်းပေးအပ်လှူဒါန်းခဲ့သည်။ အခမ်းအနားသို့ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေး၊ မြို့နယ်အဆင့်၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) ကိုမျိုး(ရွှေပေါက်ကံ)

ဒေသန္တရခရီးစဉ် စက်ဘီးအဖွဲ့ တနင်္သာရီမြို့သို့ရောက်ရှိ

တနင်္သာရီ ဇွန် ၁၅

တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ် ဒေသန္တရခရီးစဉ်မှ ဦးဇော်မင်းဦး ဦးဆောင်လျက် ဦးစိုးမင်းသူနှင့် ဦးမျိုးမြင့်တို့ပါ စက်ဘီးစီးအဖွဲ့ သုံးဦးသည် မြိတ်မြို့မှ ဇွန် ၁၄ ရက် နံနက် ၆ နာရီခွဲက ထွက်ခွာလာရာ တနင်္သာရီမြို့သို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က အောင်မြင်စွာရောက်ရှိသည်။

ဆက်လက်ထွက်ခွာ

ထို့နောက် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူက ကြိုဆို အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်ပြီး တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူးထံ ရောက်ရှိကြောင်းနှင့် ဇွန် ၁၄ ရက် ညနေ ၃ နာရီတွင် ဘုတ်ပြင်းမြို့သို့ စက်ဘီးဖြင့် ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။

၄င်းဒေသန္တရစက်ဘီးအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး၊ လူမှုဆက်ဆံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် မြို့နယ်များမှရရှိသော ဂုဏ်ပြုဆုငွေများကို လုံးဝသုံးစွဲခြင်းမရှိဘဲ ထားဝယ်မြို့ရှိ အာယုဒါန အရေးပေါ် အောက်ဆီဂျင်ဘူးများ လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကော့သောင်းမြို့သို့ရောက်အောင် စက်ဘီးစီးနင်း၍ သွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဦးဇော်မင်းဦး(ထားဝယ်)၏ ပြောပြချက်အရ သိရသည်။

နန်းသာရီ-ထိန်ဝင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ငါ့သရောက်မြစ်ရေတင်တောင်သူများ သီးနှံစိုက်ပျိုးရာအဆင်ပြေ

ညောင်ဦး ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်အတွင်း တောင်သူများသည် နွေစပါးစိုက်ချိန်တွင် စပါးမစိုက်ဘဲ ပဲတီစိမ်း၊ နှမ်း၊ စီပီပြောင်းဖူး စသည့် သီးနှံများကို စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ သီးနှံများစိုက်ပျိုးရာတွင် စပါးထက် ပဲတီစိမ်း၊ နှမ်း၊ ပြောင်းဖူးစိုက်ပျိုးခဲ့ရာ တွက်ခြေကိုက်အဆင်ပြေကြသည်။ ငါ့သရောက်မြစ်ရေတင်ကွင်းတွင် အုန်နဲ့ကျောင်းရွာ၊ ဖက်တန်းရွာ၊ ကန်တောရွာ၊ ရွှေပြည်သာရွာ၊ ညောင်လှရွာ၊ လက်ထုပ်ရွာ တောင်သူများက ယခုနှစ်ပိုင်းတွင် စပါးစိုက်ဧက ၂၀၀ ကျော်လောက်သာစိုက်ပြီး ကျန်ဧရိယာတွင် ပဲတီစိမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးခဲ့ကြသည်။

"ကျွန်တော်တို့ တောင်သူတွေ ဒီနှစ်လိုပဲ ပဲတီစိမ်းစိုက်ရပြီး ဈေးကောင်းရမယ်ဆိုရင် မကြာခင် ကြီးပွားနိုင်ပါတယ်။ ယခုလည်း အရင်ကနဲ့စာရင် တောင်သူတွေ တော်တော်အဆင်ပြေပါတယ်။ ကျွန်တော်တို့ကတော့ တစ်သီးမကောင်းရင် တစ်သီးရအောင် ပဲတီစိမ်းလည်း စိုက်တယ်။ နှမ်းလည်းစိုက်တယ်။ စီပီပြောင်းဖူးလည်း အနည်းငယ်စိုက်တယ်။ သီးနှံအစုံစိုက်တော့ တစ်သီးမကောင်းရင် တစ်သီးရတာပေါ့။ ဒီနှစ်အနေနဲ့ ပြောရမယ်ဆိုရင် ပဲတီစိမ်းက ပိုပြီး တွက်ခြေကိုက်တယ်။ အစကတော့ ကျွန်တော်တို့က စပါးပဲစိုက်ချင်ပါတယ်။ အဲဒီအချိန်မှာ စပါးစိုက်ရင် ရေမနိုင်ဘဲ ဖြစ်လိမ့်မယ်ဆိုပြီး ရေအရင်းမြစ်က စပါးမစိုက်ခိုင်းဘဲ အခြားသီးနှံစိုက်ပျိုးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနှစ်တော့ အခြားသီးနှံစိုက်ပျိုးလိုက်တာ ပိုကောင်းသွားတယ် လာမယ့်နွေရာသီမှာလည်း ပဲတီစိမ်းနှင့် အခြားသီးနှံတွေကိုပဲ စိုက်ချင်ပါတယ်"ဟု ကန်တောကျေးရွာ ပဲတီစိမ်းနှင့် တောင်သူ ဦးမြသောင်းထံမှ သိရသည်။ **ညောင်ဦးကျော်ငြေး**

မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်

ခန္တီး ဇွန် ၁၅

မြစိမ်းရောင် စီမံကိန်းကို ခန္တီးမြို့နယ်မှ ကျေးရွာ ၃၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် ကောင်းဟိန်၊ မင်းဆင်၊ နောက်ဝဲ၊ ရပ်နား၊ အရှေ့ကောက်တောင်း၊ အနောက်ကောက်တောင်း ကျေးရွာ ခြောက်ရွာမှ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးလက်နေပြည်သူများအား ကောင်းဟိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဇွန် ၉ ရက် နံနက်ပိုင်းက မြစိမ်းရောင် စီမံကိန်း ရှင်းလင်းပွဲ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်၊ ခန္တီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစန်းငွေနှင့်အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကြပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါ အရင်းမပေါက် မတည်လည်ပတ်ငွေကို ကျေးရွာသူ ကျေးရွာသားများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် သတ်မှတ်သည့် အတိုးနှုန်းဖြင့် ချေးပေးပြီး ရရှိလာသော အတိုးငွေဖြင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖိုးချမ်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၅-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၉၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၀၇၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၉၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၄၀၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၀၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၃၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၅၅၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၅၀၀၀-၈၀၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၅၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	ကျပ် ၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	ကျပ် ၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၈-၃၀၁

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

အမျိုးသမီးအခြေခံအိမ်တွင်းမှု သင်တန်းဖွင့်

စစ်တွေ ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်ပွဲကို စစ်တွေမြို့ ကျောင်းကြီးလမ်းရှိ စစ်တွေတက္ကသိုလ် သဇင်ခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စရီနာတာက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ၎င်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစံရွှေအောင်က အမျိုးသမီးငယ်များ၊ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းတာဝန်ခံ ဒေါ်စိုးစိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတာဝန်ခံ ဒေါ်စိုးစိုးထံ ထောက်ပံ့ငွေများပေးအပ်ပြီး အဆိုပါသင်တန်းတွင် အမျိုးသမီးများအတွက် အပ်ချုပ်နည်းအမျိုးမျိုး၊ ဇာထိုးပန်းထိုးအမျိုးမျိုးကို အခြေခံမှစ၍ တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းသို့ အမျိုးသမီးငယ် သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းတွင် သင်တန်းသူများအတွက် အသုံးအဆောင်ပစ္စည်းများ၊ အနေအထိုင်အစားအသောက်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

ဖခင် အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တညောင် အထက တက္ကသိုလ်ဝင်တန်း (B)တွင် ပညာသင်ကြားနေသော မောင်မျိုးမင်းဦး၏ဖခင်အမည်မှန်မှာ ဦးစန်းနိုင်ဖြစ်ပါသည်။





တစ်ချက်တည်း ကျင်းဝင်

မြစ်ကြီးနားမြို့၊ ဂေါက်ကွင်း၌ ဇွန် ၁၂ ရက်တွင် ဦးလချွန်းသည် ကစားဖော်များဖြစ်ကြသော ယွမ်ဇော်ခေါင်၊ လမိုင်းဝွမ်ဂျာ၊ အင်ခန်းအောင်အောင်(ဥရုခ)၊ ထိန်လင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၃၀ ကိုက်ကွာဝေးသော ကျင်းအမှတ်(၃) သို့ Titleist Pro V1 No.3 ဂေါက်သီးအား Honma Iron-8 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ပါသည်။

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ်နွားနို့သောက်ကြစို့

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ် ၇၈၊ ခြောက်ထပ်တိုက်အဆောက်အအုံ၏ ငါးလွှာ(ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့်ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ဝယ်ယူထားသူ ဒေါ်စံပယ်၏ကိုယ်စား တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးခင်မောင်ညွှန့် ၉/မကန(နိုင်)၀၅၆၁၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P, C.B.L,D.B.L,D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒေါင်းဇရပ်ရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အကွက်အမှတ်၉၀၊ ဦးပိုင်အမှတ် ၆၅/င/၂၊ မြေချိန်ဧရိယာ ၀ဒသမ၅၃၁၈ဧက၊ မြေကွက်မျက်နှာစ ၆၆ပေ၊ နောက်ကျောအကျယ် ၆၀ ½ပေ၊ အရှေ့အနောက်အရှည် ၃၅၈ပေ၊ ဘိုးဘွားပိုင် မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်တစ်လုံးနှင့် အနောက်ဘက်တွင် တစ်ထပ်သစ်သားအိမ်တစ်လုံးအပါအဝင် လျှပ်စစ်မီး၊ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်နှင့် တိုက်အိမ်တွင် တပ်ဆင်ထားသော ဖုန်း-၀၅၇-၂၇၅၉၇၊ ၀၅၇-၂၂၀၃၂ တို့သည် အမည်ပေါက်ပိုင်ရှင် ဒေါ်စန်းရင် ၁၀/မလမ(နိုင်) ၀၅၉၃၅၅ တစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ပြီး မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀-၁-၂၀၁၄ရက်စွဲပါ မှတ်ပုံတင်အမှတ်-၂၀/၂၀၁၄အရ ဦးကျော်ထွေး ၁၂/ဗတထ(နိုင်)၀၁၄၀၆၂ က အထူးကိုယ်စားလှယ်စာရရှိပြီး ဒေါ်စန်းရင်၏ ကိုယ်စား ကာလပေါက်ဈေးဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးထားပြီးဖြစ်ပါသည်။

အထက်ပါဥပစာနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်မှတ်ပုံတင်စာချုပ်၊ တရားရုံးဒီကရီ၊ ကိုယ်စားလှယ်လွှဲစာမူရင်းများနှင့် အခြားခိုင်လုံသော အထောက်အထားမူရင်းများကိုတင်ပြ၍ ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ တရားဝင်အပြီးအပိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်တော့မည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာထွန်း B.A,R.L	**ဒေါ်ဝတ်ရည်ဝင်း LL.B**
တရားလွှတ်တော်ရှေ့နေ(၁၉၀၁)	အထက်တန်းရှေ့နေ(၂၈၂၁၅)
အမှတ် ၂၀၂ဥက္ကာ ၇လမ်း၊	အမှတ် ၁၈၊ မေဓာဝီလမ်းမ၊
(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊	စ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၉၆၉၉၄၈၄၊၀၉-၄၂၁၁၃၉၃၅၇	

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆိပ်ဖြူကုန်စည်ဒိုင်သို့ UNOPS ရုံးမှ လာရောက်လေ့လာ

ဆိပ်ဖြူ ဇွန် ၁၅

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ကြက်သွန်ကုန်စည်ဒိုင်သို့ ရန်ကုန် UNOPS စီမံချက်ရုံး သက်မွေးနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT found) ဌာနခွဲမှ Mr.Jacquetta Elizabeth Htayes,Team Leader, Communications Office နှင့် Ms.Gauri Uday Gadgil,Communications Linterm နှင့် အဆိုပါရုံးမှ Communications Assistant ဖြစ်သူ ဦးရဲမင်းသွင်လိုက်ပါလျက် ဆိပ်ဖြူကုန်စည်ဒိုင်သို့ ဇွန် ၁၃ ရက် နံနက် ၈ နာရီခွဲက ရောက်ရှိခဲ့သည်။ ဆိပ်ဖြူကုန်စည်ဒိုင်မှ ကြက်သွန်နီရောင်းဝယ်မှု အခြေအနေကို ကြည့်ရှုပြီး တောင်သူသုံးဦးအား ကုန်စည်ဒိုင်ရှိသည့်အချိန်နှင့် ကုန်စည်ဒိုင်မရှိစဉ်အချိန်က ရောင်းဝယ်မှုအခြေအနေတို့ကို နှိုင်းယှဉ်၍ အကျိုးဖြစ်ထွန်းမှု၊ အခြားသိလိုသည့်အချက်များကို တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းနောက် ကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးဝင်းမြင့်အား ကုန်စည်ဒိုင်မရှိစဉ် အချိန်က ရောင်းဝယ်မှုအခြေအနေနှင့် ကုန်စည်ဒိုင်ရှိပြီး ရောင်းဝယ်မှု အခြေအနေတို့ကို တွေ့ဆုံမေးမြန်းခဲ့ပြီး MBCA မှ ခရိုင်တာဝန်ခံ ဦးတင့်လွင်မျိုးက ကုန်စည်ဒိုင်ဆောက်လုပ်ထားမှု (LIFT found)နှင့် MBCA တို့မှ ကုန်စည်ဒိုင်အား ထောက်ပံ့ထားရှိမှုအခြေအနေကို ထပ်မံဖြည့်စွက်ကာ ရှင်းလင်းခဲ့သည်။ (LIFT found) ဌာနခွဲမှ Mr.Jacquetta Elizabeth Htayes, Team Leader, Communications Office နှင့် Ms.Gauri Uday Gadgil,Communications Linterm နှင့် အဆိုပါရုံးမှ Communications Assistant ဦးရဲမင်းသွင်သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပခုက္ကူမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

တရားမဝင်မြန်မာအလုပ်သမားများ ဆက်တိုက်လွှဲပြောင်းမည်ဟု ထိုင်းအစိုးရပြော

တာချီလိတ် ဇွန် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ရှိ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီက ခရိုင်မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မကဖ (၈)မှ ဦးသိန်းမောင် ဦးစီး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်မင်းအောင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝက ဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင် လဝကမှူး Kanlayar Phommalin၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadar yansukyan တို့က တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၅၂ ဦးတို့ကို မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ပြီး တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်ခြင်း၊ တရားမဝင်ဝင်ရောက်ခြင်း၊ တံတားကူးကတ်(နယ်စပ်ဖြတ်သန်းခွင့်)ခုနစ်ရက် ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၎င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက် အလုပ်ရှာဖွေလုပ်ကိုင်နေကြသူများဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၅၂ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ မိဘဆွေမျိုးများထံ ညနေ ၅ နာရီခွဲက ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံမှ သုံးနှစ်ကျော်ကာလအတွင်း ဗုဒ္ဓဟူးနှင့် သောကြာတွင် ပုံမှန် လွှဲပြောင်းပေးအပ်ခဲ့ရာ ဇွန် ၁၅ ရက် နောက်ပိုင်းတွင် စနေ၊ တနင်္ဂနွေနှင့် ထိုင်းနိုင်ငံ၏ ရုံးပိတ်ရက်နေ့ကြီးများမှအပ တနင်္လာမှ သောကြာအထိ ငါးရက်အတွင်း လွှဲပြောင်းမှုများ ဆက်တိုက်ပြုလုပ်သွားမည်ဟု ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ နယ်စပ်ဒေသဝင်ပေါက်ထွက်ပေါက်ရှိ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့ရှိ လူဝင်မှုကြီးကြပ်ရေးရုံးမှ တစ်ဆင့် သိရသည်။

မြင့်မိုရ်(တာချီလိတ်)

လူကုန်ကူးမှုအန္တရာယ်
ဝိုင်းဝန်းကာကွယ်

ခိုးမှုကျူးလွန်ထားကြောင်းစစ်ဆေးရာမှ လက်တော့ပ်ခိုးမှုများ ဖော်ထုတ်ရရှိ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၁ ရက်က နယ်မြေအတွင်း သတင်းစုံစမ်းလျက်ရှိစဉ် ခိုးမှုပြစ်ချက်ပေါင်းရှိပြီး ခိုးမှုများ ထပ်မံကျူးလွန်ထားကြောင်း သတင်းရရှိထားသူ စည်သူ(ခ) စည်သူဖြိုးကျော်(၁၉ နှစ်) ၉၆ ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူအား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ၎င်း၏ နေအိမ်ရှေ့၌တွေ့ရှိ ဖမ်းဆီးရမိသည်။

ထို့နောက် ၎င်းအားစစ်ဆေးရာ ပြီးခဲ့သော မေလနှင့် ဇွန်လများအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးအတွင်းရှိ Night Club တွင် ကခုန်နေသူများ၊ အရက်မူးပြီးအိပ်ပျော်နေသူများနှင့် ခုံများပေါ်မှ လက်ကိုင် ဖုန်း ၁၀ လုံးကို ခိုးယူခဲ့ပြီး ရောင်းချထားကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ယင်းနောက် ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းသည် မေလအတွင်းက ညအချိန်များ၌ တာမွေမြို့နယ် ရွှေဗဟိုဆေးရုံရှေ့ လမ်းမပေါ်တွင် အရက်မူးနေသူ အမျိုးသားတစ်ဦးထံမှ HUAWEI 606 အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ တာမွေဈေးကားမှတ်တိုင်အနီး ရပ်ထားသည့် ယာဉ်ပေါ်မှ HUAWEI G 330D အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ကျောက်မြောင်းဈေးနှင့် တာမွေဈေးအကြား ကျိုက္ကဆံလမ်းဘေးတွင် အိပ်ပျော်နေသည့် အမျိုးသားတစ်ဦးထံမှ HUAWEI G 510 အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ သမိန်ဗရမ်းလမ်းရှိ ဆေးဆိုင် တစ်ဆိုင်အတွင်းမှ SUZUKI အမျိုးအစား အနက်ရောင် လက်တော့ပ်တစ်လုံးတို့ကို ခိုးယူရောင်းချထားကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့် ဇွန်လအတွင်း ညအချိန်၌ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၀၅ ရပ်ကွက် ဈေးလမ်းရှိ ကွန်ပျူတာဂိမ်းနှင့် ဖုန်းအရောင်းဆိုင်အတွင်းမှ hp အမျိုးအစား အနက်ရောင်လက်တော့ပ်တစ်လုံးကို ခိုးယူခဲ့ပြီး ရောင်းချထားကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ယင်းသို့ဖော်ထုတ်ရရှိချက်များအရ သက်ဆိုင်ရာမြို့နယ်ရဲစခန်းများတွင် အမှုများရေးဖွင့်ကာ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းပြီး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အမျိုးသမီးတစ်ဦး အနော်ရထာတံတားပေါ်မှ ခုန်ချ

ချောက် ဇွန် ၁၅

ချောက်မြို့ စစ်ကွင်းရပ် ချောက်-ဆိပ်ဖြူသွားကားလမ်း အနော်ရထာတံတား P4 နှင့် P5 အကြားတွင် ဇွန် ၁၃ ရက် ညနေ ၃နာရီ ၃၅ မိနစ်က အမျိုးသမီးတစ်ဦး အနော်ရထာတံတားပေါ်မှ ဧရာဝတီမြစ်အတွင်းသို့ ခုန်ချကြောင်း သတင်းအရ သက်ဆိုင်ရာတာဝန်မှူး ဒုရဲအုပ်ဇော်လင်းနှင့်အဖွဲ့ သက်သေများနှင့် သွားရောက်စစ်ဆေးခဲ့ရာ ချောက်မြို့ စစ်ကွင်းရပ် (ယောက်ျားစိတ်ပေါက်)နေသူ အမျိုးသမီးတစ်ဦးသည် ၎င်းနှင့်ချစ်ကြိုက်နေသည့် မိန်းကလေးမှာ ယောက်ျားနောက်လိုက်သွားသဖြင့် စိတ်ညစ်ပြီး တံတားပေါ်မှ မြစ်အတွင်းသို့ ခုန်ချခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် မိမိကိုယ်သေကြောင်းကြံစည်သူအမျိုးသမီးအား ချောက်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ တေဇလမ်း၊ အမှတ် ၆ နေ ဒေါ်ကလျာမိုး ၁၂/မဂဒ(နိုင်)၀၇၉၉၅၀သည် AMARA GROUP MYANMAR လုပ်ငန်းသုံး ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီး လုပ်ငန်းများဆောင်ရွက်နေပါသည်။

၄/၇၅၂/၂၀၁၂

AMARA GROUP
MYANMAR

ဖော်ပြပါ AMARA GROUP MYANMAR ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း၊ ရေကြောင်းသွားလာရေးဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းနှင့် အခြားလုပ်ငန်းများတွင် ကုမ္ပဏီ၏တစ်ဦးတည်းမူပိုင်ပြုလုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုဆောင်ရွက်နေပါသည်။

ထို့ပြင် AMARA GROUP MYANMAR ကုန်အမှတ်တံဆိပ်၏ လက်အောက်တွင် အောက်ဖော်ပြပါ အမည်အမှတ်အသားပါ ကုန်အမှတ်တံဆိပ်များကိုလည်းဖြည့်စွက်ပြီး လုပ်ငန်းသုံးရာတွင် မိမိ၏တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း၊ ရေကြောင်းသွားလာရေးဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများနှင့်ဆက်စပ်ပစ္စည်းများနှင့် အခြားလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုဆောင်ရွက်နေပါသည်။

AMARA RIVER

AMARA OCEAN

AMARA MOUNTAIN

တစ်ဖန် AMARA GROUP MYANMAR အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လူမှုအကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်ခြင်းလုပ်ငန်း၌ အောက်ဖော်ပြပါအမည်အမှတ်အသား ကုန်အမှတ်တံဆိပ်ကိုလည်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ AMARA FOUNDATION သည် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းမှတ်ပုံတင်အမှတ် ၁၉၇၈ ဖြင့် ခွင့်ပြုမိန့်ရထားပြီး ဖြစ်ပါသည်။

တာယာ/ဘက်ထရီအဟောင်း၊ သံထည်နှင့် သံတိုသံစ စက်ပစ္စည်းအဟောင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ (နေပြည်တော်ကောင်စီနယ်မြေ)ရှိ တာယာအဟောင်း ၁၄၉လုံး၊ ဘက်ထရီအဟောင်း ၁၉၁လုံး၊ သံထည်နှင့် သံတိုသံစ ပစ္စည်းများ ၁၅တန်အား ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉:၀၀ နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ပင်မအလုပ်ရုံ(နေပြည်တော်ကောင်စီနယ်မြေ)
ဖုန်း-၀၆၇-၂၂၀၅၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃က/ ၆၀၄၂ Nissan Candor Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးဝင်း ၁၂/ဗဟန(နိုင်)၀၀၀၄၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

AMARA
FOUNDATION

အသင်းအဖွဲ့ ဖွဲ့စည်းခြင်းမှတ်ပုံတင်အမှတ် ၁၉၇၈

သို့ဖြစ်၍ မိမိတို့ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော AMARA GROUP MYANMAR အမည်အမှတ်အသားပါ ကုန်အမှတ်တံဆိပ်နှင့်တကွ အထက်ပါ AMARA OCEAN RESORT, AMARA RIVER CRUISES, AMARA MOUNTAIN RESORT အမည်အမှတ်အသားပါ ကုန်အမှတ်တံဆိပ်များကို AMARA GROUP Co.,Ltd. မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူကူးခြင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ သုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက AMARA GROUP Co.,Ltd ၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်စေနိုင်သည့်အတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘိုလေး
B.A(Law), LL.B, D.B.L, D.M.L, 101 IP, WIPO(Geneva)
ကုမ္ပဏီဥပဒေအကြံပေး
Amara Group Myanmar
အမှတ် ၆၊ တေဇလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ရိုင်ငံတကာအားကစားနှင့် ကြော်ငြာ

အင်္ဂလန်နဲ့ပွဲမှာ ဆွာရက်ဇ်ပါနိုင်မလား

ကမ္ဘာ့ဖလားအဖွင့်မှာ ရှုံးပွဲနဲ့ ကြုံရတဲ့ ဥရုဂွေးအသင်းအနေနဲ့ လာမယ့် အင်္ဂလန်နဲ့ပွဲမှာတော့ အနိုင်ကစားမယ့် အနေအထား ရှိပါတယ်။ ဥရုဂွေးအသင်းမှာ အဓိက တိုက်စစ်မှူးဖြစ်တဲ့ ဆွာရက်ဇ် မပါဝင်ခဲ့တာကြောင့် ကော်စတာရီကာ အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ရပါတယ်။

ဥရုဂွေးအသင်းဟာ ခြေစွမ်းရှိတဲ့ အသင်းကောင်းဖြစ်ပေမယ့် ဒီတစ်ပွဲမှာတော့ ကော်စတာရီကာအသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်သွားခဲ့ရတာပါ။

တိုက်စစ်မှူး ဆွာရက်ဇ်ဟာ ဒူးခေါင်းခွဲစိတ်ထားရာမှ ပြန်ကောင်းလာတဲ့ အနေအထားရှိပေမယ့် ကော်စတာရီကာနဲ့ပွဲမှာ လူစားတောင် ဝင်ကစားခဲ့တာ မတွေ့ရပါဘူး။ သို့ပေမယ့် လာမယ့် ကြာသပတေးနေ့မှာ အင်္ဂလန်နဲ့ ကစားမယ့် ပွဲမှာတော့ ပါဝင်လာနိုင်တယ်လို့ နည်းပြ အော်စကာတာဘာရက်ဇ်က ပြောလိုက်ပါတယ်။ ဒီပွဲဟာ ပွဲကြီး ပွဲကောင်းဖြစ်လာမယ့်ပွဲလို့ ဆိုနိုင်ပါတယ်။ တစ်ဖက်က အင်္ဂလန်အသင်းကလည်း အီတလီကို အဖွင့်ပွဲမှာ ရှုံးနိမ့်လိုက်တာကြောင့် အုပ်စု ဒုတိယပွဲမှာတော့ အနိုင်ရဖို့ ခြေကုန်ထုတ်မယ့် အနေအထားပါပဲ။ နှစ်သင်းစလုံးက အဖွင့်ပွဲမှာ ရှုံးထားတာဆိုတော့ အကြိတ်အနယ်ရှိမယ့် ပွဲလို့ ပြောလို့ရပါတယ်။

အာဂကာကျော်

ကမ္ဘာ့ဖလားကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးတဲ့ ဥရုဂွေးအသင်းဟာ အင်္ဂလန်နဲ့ အီတလီတို့ကို အနီးကပ် စိန်ခေါ်ပြီး နောက်ဆုံး ရှုံးထွက် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အမှန်တကယ် အလားအလာ အကောင်းဆုံးကတော့ အီတလီနဲ့ ဥရုဂွေးဟာ ဒီအုပ်စုထဲက ရှုံးထွက်နိုင်မယ်လို့ မျှော်လင့်ထားကြပါတယ်။

မူတည်

"ဒီလိုရှုံးနိမ့်လိမ့်မယ်လို့ လုံးဝ ထင်မထားမိပါဘူး။ ဒါပေမယ့် လာမယ့်ပွဲတွေမှာ အနိုင်ရဖို့ အစွမ်းကုန်ကြိုးစားမှာ ဖြစ်ပါတယ်လို့" ဥရုဂွေး နည်းပြ အော်စကာက ပြောလိုက်ပါတယ်။ ဒါကြောင့် လာမယ့် အင်္ဂလန်နဲ့ပွဲဟာ ဥရုဂွေးအသင်း အောင်ပွဲခံဖို့ဆိုတာ ဆွာရက်ဇ် အပေါ်မှာ မူတည်နေပါတယ်။

အာရှသားတို့ အဖွင့်ပွဲ မျက်နှာပန်းမလှခဲ့ (သီဟ)

အုပ်စု(ဂ)ရဲ့ ပွဲစဉ်တစ်ခုဖြစ်သည့် အိုင်ဗရီကို့စ်နှင့် ဂျပန်အသင်းတို့ ဇွန်၁၅ နံနက်ပိုင်းက Arena Pernambuco ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အိုင်ဗရီကို့စ်တို့နိုင်ကာ သုံးမှတ်အပြည့်ရယူသွားသည်။

နှစ်သင်းစလုံးက ဝါရင့်ကစားသမားနှင့် လူငယ်ကစားသမားအစုံအလင်ကို ထုတ်သုံးခဲ့ပြီး ဂျပန်အသင်းမှ ပွဲချိန်၁၆မိနစ်တွင် ဝါရင့်ကစားသမားဟွန်ဒါ၏ အဖွင့်ဂိုးဖြင့်ဦးဆောင်ခဲ့သည်။ ပထမပိုင်းအပြီးထိ ဂျပန်အသင်းမှ တစ်ဂိုးအသာဖြင့် ဦးဆောင်ထားပြီး အိုင်ဗရီကို့စ်တို့ ချေပဂိုး မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းစပြီး ၆၄မိနစ်တွင် ဆွမ်ဆီးမှ ခြေစွမ်းပြနေသော ဘိုနီက အိုင်ဗရီကို့စ် အတွက်ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၆မိနစ်တွင် ရိုးမားတိုက်စစ်မှူး ဂါဗင်ဟို **(အောက်ပုံ)**သည် အိုင်ဗရီကို့စ်အတွက် အနိုင်သေချာသောဂိုးကို သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်း ရှုံးထွက်အဆင့်တက်မည်ဆို

အင်္ဂလန်အသင်းသည် အီတလီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်မိကြောင်း အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်က ပြောကြားလိုက်သည်။ "ကျွန်တော်တို့ အီတလီအသင်းနဲ့ ကစားရာမှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ဒီခြေစွမ်းကိုကြည့်ပြီး ကျွန်တော်တို့သေချာပေါက် ရှုံးထွက်အဆင့်တက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ရွိုင်းဟော့ဆင်က ပြောသည်။

လာမည့်ပွဲတွင် ဥရုဂွေးအသင်းနှင့်ကစားရာမှာ အင်္ဂလန်အသင်းအနေဖြင့် အကောင်းဆုံးကစားနိုင်လိမ့်မည်ဟုလည်း ၎င်းကဆိုသည်။ အုပ်စု (D) ပြိုင်ပွဲ ပွဲစဉ်တတိယအဖြစ် အင်္ဂလန်အသင်းသည် ကော့စတာရီကာနှင့် ဇွန် ၂၄ ရက်တွင် ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘာလော့တယ်လီ၏ခေါင်းတိုက်ဂိုးကြောင့် အင်္ဂလန်အဖွင့်ပွဲ ရှုံးပွဲကြုံရ

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် အီတလီကို ရှုံးနိမ့်သွားခဲ့သည်။ ဒန်နီရယ်စတာရစ်က အီတလီမှ မာချီစီယို၏ ဦးဆောင်ဂိုးကို ချေပခဲ့ပြီးနောက် ဘာလော့တယ်လီက ဒုတိယပိုင်းပြန်စချိန် ခေါင်းတိုက်ဂိုးသွင်း အနိုင်ရခဲ့သည်။ အင်္ဂလန်အသင်းသည် သရေပွဲနှင့် ထိုက်တန်သော်လည်း ခံစစ်မလုံ၍ ဘာလော့တယ်လီ၏ လျှပ်တစ်ပြက် ခေါင်းတိုက်ဂိုး သွင်းယူခြင်း ခံလိုက်ရသည်။ အင်္ဂလန်ကစားသမားများသည် ဘရာဇီးနိုင်ငံ၏ အပူပိုင်းရာသီဥတုကြောင့် ပွဲအပြီး အလွန်ပင်ပန်းနေကြသည်ဟု ဆိုသည်။ လာမည့်ပွဲတွင် တောင်အမေရိကဇုန်မှ ဥရုဂွေးနှင့် ရင်ဆိုင်ရမည်ဖြစ်၍ အင်္ဂလန်ကစားသမားများ နိုင်ပွဲရရှိရန် အကြိတ်အနယ် ကစားရမည့်အနေအထား ရှိသည်။

D.S.A / D.S.T.A / D.S.M.A
Center - 1
Center - 2
Center - 3
09-421052736 , 09-49282366 , 09-49653992

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း

(ယမန်နေ့မှအဆက်)

၁၃။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၂) ဆေးပညာဘွဲ့၊ လက်မှတ်စိစစ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၅) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၆) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၇) ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင် အသိအမှတ်ပြုရေးကော်မတီ၊

(၈) စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကော်မတီ၊

(၉) ဘဏ္ဍာရေးကော်မတီ၊

(၁၀) ဥပဒေရေးရာ ကော်မတီ၊

(၁၁) အခြားလိုအပ်သောကော်မတီများ၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့် လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် ကောင်စီအတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အကြံပြုသော လုပ်ငန်းရပ်များကို ဆောင်ရွက်ခြင်း။

အခန်း(၅)
ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၄။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကောင်စီက သတ်မှတ်သည့် လစာစရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ရရှိခွင့်ရှိသည်၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိသည်၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

အခန်း(၆)
ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၅။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင် တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် (၃) ကြိမ်တိုင်တိုင် ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ (၆)လနှင့် အထက် ထွက်ခွာခြင်း၊

(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အရေးယူ အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရား ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဇ) ကောင်စီမှပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

အခန်း(၇)
အစည်းအဝေးကျင်းပခြင်း

၁၆။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို (၄)လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို (၁)လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

၁၇။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

အခန်း(၈)
ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ညွှန်ကြားရေးမှူးအဆင့်ရှိ ရုံးအဖွဲ့မှူး (၁)ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ ဒုတိယရုံးအဖွဲ့မှူး (၁)ဦးတို့ကို ခန့်ထားပြီး တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) စီမံဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိသူ လက်ထောက်ရုံးအဖွဲ့မှူး ဝန်ထမ်း (၁)ဦးစီ ခန့်ထားနိုင်သည်၊

(ဂ) အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ ဆရာဝန်လက်ထောက်ရုံးအဖွဲ့မှူး ဝန်ထမ်း (၁)ဦးစီ ခန့်ထားနိုင်သည်၊

(ဃ) ဌာနများကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများကို လိုအပ်သလို ခန့်ထား၍ တာဝန်များ သတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

အခန်း(၉)
ဘဏ္ဍာရေး

၁၉။ ကောင်စီသည် ဆရာဝန်မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်ခစရိတ်များကို ကောက်ခံနိုင်သည်။

၂၀။ ကောင်စီသည် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံပြီး၊ ကောင်စီ၏အကျိုးအလို့ငှာ တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင် ရင်းနှီးမြှုပ်နှံနိုင်သည်။

၂၁။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၂၂။ ကောင်စီသည် ရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၂၃။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

အခန်း(၁၀)
ဆရာဝန် မှတ်ပုံတင်ခြင်း

၂၄။ ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဆေးပညာဘွဲ့ရရှိသူ၊

(ခ) ပြည်ပဆေးတက္ကသိုလ်ကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေအပ်နှင်းသော ကောင်စီကအသိအမှတ်ပြုထားသည့် ဆေးပညာဘွဲ့ရရှိသူ၊

(ဂ) ပြည်ပဆေးတက္ကသိုလ်က ဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ ဆေးပညာဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို အောင်မြင်သည့် ဆေးကုသခွင့် လိုင်စင်ရရှိပြီးသူ မြန်မာနိုင်ငံသားဆရာဝန်။

၂၅။ ကောင်စီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က၊ ခ၊ ဂ) အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၆။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲနေခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရသည့်အပြင် ကောင်စီကလည်း ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ဟု သတ်မှတ်ခံရခြင်း၊

(ဂ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ခြင်း၊

(ဃ) ကောင်စီက ဆရာဝန်မှတ်ပုံတင်ထားခြင်း မခံထိုက်ဟု စိစစ်သတ်မှတ်ခံရခြင်း။

အခန်း(၁၁)
ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုခြင်း

၂၇။ ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ပြည်တွင်း၊ ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်ဆေးပညာဘွဲ့ရရှိသူသည် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကောင်စီသည် ပုဒ်မ ၂၇ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဘွဲ့လွန်ရရှိကြောင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၁၂)
ဆေးကုသခွင့်လိုင်စင်

၂၉။ မြန်မာနိုင်ငံသားမှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ကောင်စီသည် ပုဒ်မ ၂၉ အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဘွဲ့ရနိုင်ငံခြားသား ဆရာဝန်သည် ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်ရရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ဆက်လက်ဖော်ပြပါမည်)

မိုးသီးနှံ့ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်

မိုးညှင်း ဇွန် ၁၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် သမဝါယမဦး စီးဌာနကကြီးမှူးပြီး မိုးညှင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ မိုးသီးနှံ့ စိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဇွန် ၄ ရက်က လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းမိသားစုများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူ ၁၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၂၆၆၀၀ နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။

မီးမီး(လှိုင်)

မြစိမ်းရောင်စီမံကိန်းအတွက် ဘဏ်စာရင်းဖွင့်

ပန်းတနော် ဇွန် ၁၅

ပန်းတနော်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ငွေကျပ်သိန်း၄၈၀ ကို ပန်းတနော်မြန်မာ့စီးပွားရေးဘဏ်တွင် ဇွန် ၉ ရက်က စာရင်းရှင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တမူးမြို့နယ်၌ ကွန်းတောင်းရေအားလျှပ်စစ်တည်ဆောက်

မုံရွာ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၈ ရက် နံနက်ပိုင်းက တမူးမြို့နယ် ကွန်းတောင်းရေအားလျှပ်စစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် မြို့သစ်-ယာနိုးလမ်းပိုင်း နန့်အယားချောင်းတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင် လမ်းပိုင်းနှင့်ပြောင်ဘုတ်ချောင်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းအထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မော်လိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မော်လိုက်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကက်ဆက်တစ်လုံး၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးခဲ့သည်။

ယခုဖွင့်လှစ်သော ကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး မော်လိုက်မြို့ တပ်ဦးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ၊ ဗလာစာအုပ်များ လှူဒါန်းကာ ထိုမှတစ်ဆင့် မော်လိုက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး လူနာစောင့်ဆည့်ရိပ်သာ တည်ဆောက်နေမှုနှင့် ဆေးရုံတက်လူနာများအား ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

ထို့နောက် မော်လိုက်မြို့ ချင်းတွင်းမြစ်ကမ်း မြေထိန်းနံရံ တည်ဆောက်ပြုပြင်မည့်နေရာနှင့် မြို့တော်ခန်းမ တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ မော်လိုက်-ကလေးဝလမ်း ကွန်ကရစ်လမ်း ခင်းကျင်းထားမှုအခြေအနေနှင့်ကန့်ဘလူတံတား၊ ပလူဇဝတံတား၊ လိပ်ပုတ်ချောင်းတံတား၊ ယောစုချောင်းတံတား တည်ဆောက်ပြီးစီးမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နန်ဇလိန်ကျေးရွာ၊ ပလူဇဝကျေးရွာ၊ ယောစုကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကလေးဝမြို့ ပြည်သူ့ဆေးရုံဆရာဝန်အိမ်ရာနှင့် သူနာပြုအိမ်ရာများ တည်ဆောက်မည့်နေရာ၊ ချင်းတွင်းတံတား (ကလေးဝ) တည်ဆောက်ရန် လျာထားသည့်နေရာ၊ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံသည့်နေရာတွင် မြေထိန်းနံရံတည်ဆောက်ရန်နေရာနှင့် ကလေးဝ- ရေဦးလမ်း မြေသားတာပေါင်တိုးချဲ့ခြင်းလုပ်ငန်း၊ ယုဇလယ်-ဂဇက်-ဆည်ကြီးလမ်း မြေသားလမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အောင်ချမ်းသာကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ နယ်မြေခံတိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ဇွန် ၁၀ ရက် နံနက်ပိုင်းက ကလေးဝမြို့နယ် သဲဖြူကျောင်းတိုက် ပြည်ထဲရေးဓမ္မာရုံအတွင်း ပူဇော်ထားရှိသော ထိုင်တော်မူ ဗုဒ္ဓကြေးဆင်းတုတော် အနေကဇာတင် ပူဇော်ပွဲအခမ်းအနားကို တက်ရောက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်းပိုင်းနှင့် ကံထူးမ-တမာတော-ရေဦးလမ်း ကျောက်ချောလမ်းခင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေဦးမြို့နယ် မုတ်စီကျေးရွာ ကွင်းအမှတ် (၂၁၈၂)ဦးပိုင်အမှတ် ၂၃/၂ တွင် စိုက်ပျိုးဖြစ်ထွန်းနေသော ရွှေသွယ်ရင်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ကံထူးမကျေးရွာ တိုက်နယ်ဆေးရုံနှင့်စိုင်ပြင်ကြီး တိုက်နယ်ဆေးရုံ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မြစ်ကြီးနား၌ ယင်လုံအိမ်သာများ တည်ဆောက်ပေးလျက်ရှိ

မြစ်ကြီးနား ဇွန် ၁၅

ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါဝင်ကူညီဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပလနကျေးရွာအုပ်စုရှိ ပလန ၁၊၂၊၃၊၄ ကျေးရွာများ၌ ယင်လုံအိမ်သာအလုံး ၂၀၀ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းအောင်

သတင်းတိုများ

စေတနာရှင်များလှူဒါန်းမှုဖြင့် စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နွားဘန်းကြီးကျေးရွာအုပ်စု ပွေးနဖားကျေးရွာတွင် လင်းလက်ကြယ်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၀ ရက်နံနက် ၁၀ နာရီက ပွေးနဖားကျေးရွာ မြသိန်းတန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ အဆိုပါစာကြည့်တိုက်သည် တန်ဖိုး ငွေကျပ် ၂၈ သိန်းဖြင့် အလျား ၂၈ ပေ၊ အနံ ၁၈ ပေ ရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး စေတနာရှင်ပြည်သူများ လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရွာငံ)**

ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့၏ ဝန်ထမ်းမိသားစုဝင်များအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ပညာသင်စရိတ်ထောက်ပံ့ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က ရှင်းလင်းပြောကြားပြီး ဝက်လက်မြို့နယ်အတွင်းရှိ စခန်းနယ်မြေများတွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းသားသမီး ကျောင်းသားများကို ပညာသင်စရိတ် ထောက်ပံ့ရာ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကျောင်းသားများအတွက် ငွေကျပ် ၇၈၀၀၀ နှင့် ကျောင်းသုံးဗလာစာအုပ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ကျောင်းသား ကျောင်းသူ ၄၅ ဦးအတွက် ငွေကျပ် ၉၃၅၀၀ တို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **နန်းမြင့်**

ဗလာစာအုပ်နှင့် စာရေးကိရိယာမျိုးစုံ လှူဒါန်း

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းမှ ကျောင်းသားကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက တယ်ချောင်းကျေးရွာ ရွှေနိဗ္ဗာန်ဓမ္မာရုံ၌ ကျင်းပရာ မတည်အလှူရှင်များဖြစ်ကြသော ကမာရွတ်မြို့နယ် ရွှေစံပယ်မွန်အိမ်ရာနေ ဦးမြင့်ဌေး-ဒေါ်တင်တင်မော် မိသားစု၊ ဦးကျော်မိုးမိသားစု၊ ဦးစောလွင်-ဒေါ်အုံးရီ မိသားစုနှင့် မန္တလေးမြို့မှ အလှူရှင်များစုပေါင်း၍ ငွေကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံး ပစ္စည်းများကို ကျောင်းသား ကျောင်းသူ၁၈၇ ဦးတို့အား ထောက်ပံ့ပေးအပ်ကြပြီး ဆရာ ဆရာမ ခြောက်ဦးကိုလည်း ပညာဒါနအလှူရှင်များက တစ်နှစ်စာ လစာငွေများ ထောက်ပံ့ခဲ့ကြောင်းသိရသည်။ **(ဝ၆၅)**

လက်ဝှေ့အားကစားသမားအား ချီးမြှင့်

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီး၊ ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်နေကြသော ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ကရင်ပြည်နယ် အစိုးရအဖွဲ့က ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက ဂုဏ်ပြုငွေချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ဝှေ့အားကစားသမားများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ ပြိုင်ပွဲဝင်အုပ်ချုပ်သူများကလက်ခံကြပြီး လက်ဝှေ့ပြိုင်ပွဲကို ၄၈ ကီလို (လူသစ်တန်း)၊ ၅၁ ကီလို(လူသစ်တန်း)၊ ၅၄ ကီလိုနှင့် ၅၇ ကီလို (လူသစ်တန်း) Quarter Final ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **နေမျိုးလွင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်
၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သည် ၂၀၁၄ခုနှစ် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအထပ်)တို့တွင် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ (GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ် ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဇွန် ၁၆ ရက်မှ ၂၅ ရက်အထိ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mmတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm ၊ On-line Pre-Registration System တွင် မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၄။ ၂၀၁၄ခုနှစ် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေပြည်တော်တွင် ဖွင့်လှစ်ထားရှိသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	မြို့နယ်	မြေတိုင်းရပ်ကွက်	မြေကွက်အမှတ်	အမည်ပေါက်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်	အကြောင်းအရာ
၁	သာကေတ	၇/အနောက်	၇၃၈		ဒေါ်သိမ့်သိမ့်မွန်း	၁၂/ခရန(နိုင်)၀၀၁၇၄၇	ဂရန်သစ်
၂	မင်္ဂလာဒုံ	၃	၃၄	ဦးသန်းဦး	ဦးစိုးစိုးသန်း(ခ)စိုးစိုး	၁၂/ဗဟန(နိုင်)၀၈၃၈၉၅	။
၃	။	၃	၂၂၂	ဇေကမ္ဘာကုမ္ပဏီ လီမိတက်	ဦးစိုးတင့်	၇/ဝမန(နိုင်)၀၃၆၀၃၇	။
၄	လှိုင်	၁၁.၁၂A ကမာရွတ်	၃၄၇အေ	ဦးဌေးမြင့်	ဦးသန်းအောင်(ခ) ကွာတန်ရှူ+၁	၁၂/လသန(နိုင်)၀၁၃၂၀၂	။
၅	လှိုင်သာယာ	၈	၈၁၂	ဦးရင်မော်	ဒေါ်မြင့်မြင့်ဌေး	၁၄/မမန(နိုင်)၁၀၀၂၆၄	။
၆	လှိုင်သာယာ	၅	၄	ဣန္ဒြိတံကုမ္ပဏီ	ဦးအိုက်ချွင်း	၁၃/တယန(နိုင်)၀၃၇၀၁၅	။
၇	လှိုင်သာယာ	၂၀	F 4	ဒေါ်တင်တင်မြင့်	ဦးရင်မင်း	၁၂/လမန(နိုင်)၀၆၂၄၂၃	။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ချုပ်ဆိုပြီးသောစာချုပ်များအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ကြင်ရွှေ ၁၂/ဥကတ(နိုင်)၁၀၃၃၇၄မှ အမှတ်(၈)၊ ၂၁၀ တပ်ရှေ့၊ ကွေ့ဝမ်းလမ်း၀၊ မုဒုံမြို့နယ်၊ မော်လမြိုင်မြို့တွင်နေထိုင်သူ ဦးအောင်ဘန်း ၁၀/မဒန(နိုင်)၀၃၉၈၇၈အား ၅-၁၀-၂၀၁၃ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် နံပါတ်-၂၁၉၈၉ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးခဲ့ပါသည်။ ကျွန်မအားယုံကြည်အောင်ပြောဆိုပြီး စာချုပ်များ ချုပ်ဆိုခြင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာတို့အား ရယူခဲ့ခြင်းဖြစ်ကြောင်း ယခုအခါစုံစမ်း သိရှိရသည့်အပြင် ကျွန်မထံ တစ်စုံတစ်ရာဆက်သွယ်ပြောဆိုဆောင်ရွက်ခြင်းမရှိသည့်အတွက် ဦးအောင်ဘန်း ၁၀/မဒန(နိုင်)၀၃၉၈၇၈နှင့်ချုပ်ဆိုခဲ့သော စာချုပ်စာတမ်းအားလုံးတို့အား ဖျက်သိမ်းကြောင်းနှင့် လွှဲအပ်ခဲ့သည့်အထက်ဖော်ပြပါကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးအောင်ဘန်း ၁၀/မဒန(နိုင်)၀၃၉၈၇၈နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြင်ရွှေ ၁၂/ဥကတ(နိုင်) ၁၀၃၃၇၄
အမှတ် ၁၂၂၊ ၈ လမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ပြည်တွင်းမော်တော်ယာဉ်ဈေးကွက် အချက်အလက်များနီးနှောဖလှယ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံအတွင်းရှိ မော်တော်ယာဉ်ဈေးကွက်၏ သတင်းအချက်အလက်များ အပြန်အလှန် နီးနှောဖလှယ်ရေး ပထမအကြိမ်မြောက် ပါတနာကွန်ရက် အဖွဲ့အစည်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က ရန်ကုန်မြို့ လမ်း ၅၀ ၌ ကျင်းပခဲ့သည်။

"အဓိက ကျင်းပရတာကတော့ မြန်မာပြည်တွင်းမှာရှိတဲ့ ကားဈေးကွက်အပြောင်းအလဲတွေ၊ မူဝါဒပြောင်းလဲမှုတွေနဲ့ အခြားစိတ်ဝင်စားဖွယ်ရာ သတင်းအချက်အလက်တွေကိုပါ အချိန်နဲ့တစ်ပြေးညီဖော်ပြခြင်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲကတစ်ဆင့် အွန်လိုင်းကားအရောင်းအဝယ်ဈေးကွက် တိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်"ဟု ဦးဆောင်ကျင်းပသည့် အွန်လိုင်းကားဈေးကွက် Motors .com.mm မှ country မန်နေဂျာ Mr. Sasch Woelk က ပြောကြားသည်။

ဆွေးနွေးပွဲ၌ အော်တိုမိုဘိုင်းဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးမိုးကံရှိန်က ကားဈေးကွက် မူဝါဒအပြောင်းအလဲများ၊ စည်းမျဉ်းစည်းကမ်းများအကြောင်း၊ Motors.com.mm ၏ Head of SEO ဦးအောင်ခမ်းက အွန်လိုင်းမှတစ်ဆင့် ကားရောင်းဝယ်လိုသူများအတွက် ဝန်ဆောင်မှုများအကြောင်း၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်က မော်တော်ကား ဝယ်ယူသုံးစွဲမှုအပေါ် သက်ရောက်မှုဖြစ်စေသော ယာဉ်လမ်းကြောင်းစီမံခန့်ခွဲမှုစနစ်များနှင့် စပ်လျဉ်းသည့်ယာဉ်အန္တရာယ်မဖြစ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများအတွက် အကြံဉာဏ်များအကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲကို သုံးလတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံအခြေစိုက် Motors.com.mm အွန်လိုင်းဈေးကွက်ကို မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ် မေလက တည်ထောင်ခဲ့ကြောင်း သိရသည်။ ကားများကိုအွန်လိုင်းမှ အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ ကားရောင်းချလိုသူများ၏ ကားသတင်းအချက်အလက်များ တင်ပေးခြင်းဖြစ်ကြောင်း ဦးအောင်ခမ်းက ပြောကြားခဲ့သည်။

မြတ်စန္ဒီသင်းဇော်

မန်စိမ်းချောင်းကူး ရွှေပြည်သာကြိုးတံတားဖွင့်လှစ်

ဟုမ္မလင်း ဇွန် ၁၅

ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စု ရွှေပြည်မြင့်ကျေးရွာရှိ မန်စိမ်းချောင်းကူး ရွှေပြည်သာကြိုးတံတားဖွင့်ပွဲကို ဇွန် ၁၀ရက်က တံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

- Computerised ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Accounting Software တစ်ခုခုကျွမ်းကျင်စွာ အသုံးပြုနိုင်သူကို ဦးစားပေးမည်။

8) Junior Accountant **Male/Female (4)Posts**
- B.Com, LCCI Level II(or)III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ (၁)နှစ်အထက်ရှိရမည်။
- Computerised ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Accounting Software တစ်ခုခုကျွမ်းကျင်စွာ အသုံးပြုနိုင်သူကို ဦးစားပေးမည်။

9) Junior Sales Analyst **Male/Female (3)posts**
- ဘွဲ့တစ်ခုခုရရှိပြီး LCCI Level I (or) II ရရှိထားသူကို ဦးစားပေးမည်။
- Excel ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သူဖြစ်ရမည်။(Myanmar Font ကို ကောင်းမွန်စွာ ရိုက်နိုင်ရမည်)
- Sales report/ Operation report များကို analyse လုပ်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းနှင့်ပတ်သက်သည့် data များအား Computer တွင် ထည့်သွင်းသည့် အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။

10) HR Executive **Male/Female (4)Posts**
- ဘွဲ့ရ၊ HR နှင့်ပတ်သက်သည့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
- HR & Payroll နှင့် ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများ နားလည်သူ၊ HRM Software သုံးဖူးသူကို ဦးစားပေးမည်။
- Communication Skill ကောင်းမွန်၍ စိတ်ရှည်သူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

AA Medical Products Ltd. အမှတ်(၄၁၈/၄၁၀)၊ ... ရန်ကုန်မြို့ (သို့) **hr@aa.com.mm** သို့ပေးပို့လျှောက်ထားနိုင်ပါသည်။

☎:01-512443, 09-73017656
ရှားပုံ ပေါ်ဆန်းမွှေး
Ks-34000

SSS
အိမ်ပို့ပေါ်ဆန်းမွှေး
:0973077744

ကားဝယ်လိုသည်
ခေါင်မြင့် (14 Seaters) တရုတ်/ဂျပန်၊ အကွာရာ(အနက်) ၈ဗျ/၈ည၊ နောက်လေး/ကွိုင်
ဆက်သွယ်ရန်-ဖုန်း-၀၉-၃၀၀၃၃၁၄၇
၀၉-၅၃၉၆၃၆၂

အမည်ပြောင်း
ဦးတင်ဝင်းရှိန်၏သမီး MEC ကိုယ်ပိုင်အလယ်တန်းကျောင်း မင်္ဂလာဒုံ၊ အဋ္ဌမတန်း A မှ မမြယမုံရှိန်အား မမြယမုန်ရှိန်ဟု ပြောင်းလဲခေါ်ပါရန်။
မမြယမုန်ရှိန်

ပျောက်ဆုံးကြောင်း
မောင်ဟိန်းကိုထက် အမည်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် ID-793839နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၉၁၄၀၀

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၁ခ/၉၂၆၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(ကလေး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၄ဃ/၇၈၇၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ မီးလင်းရေးဆောင်ရွက်ပြီးစီးမှု အခြေအနေ

ပြည်ထောင်စုမြို့ (ကျေးရွာပေါင်း – ၆၄၁၃၄ ရွာ)

ဆောင်ရွက်ပြီး ၂၀၀၇၇ | ဆောင်ရွက်ဆဲ ၃၃၂၅ | ဆောင်ရွက်ရန်ကျန် ၄၀၇၃၂

စစ်ကိုင်းတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၅၉၈၇
ဆောင်ရွက်ပြီးရွာ ၃၉၇၈
ဆောင်ရွက်ဆဲရွာ ၂၇၅
ဆောင်ရွက်ရန်ကျန် ၁၇၃၄

ချင်းပြည်နယ်
ကျေးရွာစုစုပေါင်း ၁၃၅၂
ဆောင်ရွက်ပြီးရွာ ၂၈၀
ဆောင်ရွက်ဆဲရွာ ၇၂
ဆောင်ရွက်ရန်ကျန် ၁၀၀၀

မကွေးတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၄၇၉၄
ဆောင်ရွက်ပြီးရွာ ၂၉၀၇
ဆောင်ရွက်ဆဲရွာ ၅၆၉
ဆောင်ရွက်ရန်ကျန် ၁၃၁၈

ရခိုင်ပြည်နယ်
ကျေးရွာစုစုပေါင်း ၃၈၆၀
ဆောင်ရွက်ပြီးရွာ ၁၀၀၄
ဆောင်ရွက်ဆဲရွာ ၁၆၆
ဆောင်ရွက်ရန်ကျန် ၂၆၉၀

ဧရာဝတီတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၁၁၈၆၉
ဆောင်ရွက်ပြီးရွာ ၇၄၁၉
ဆောင်ရွက်ဆဲရွာ ၁၅၉
ဆောင်ရွက်ရန်ကျန် ၄၂၉၁

ရန်ကုန်တိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၂၀၈၉
ဆောင်ရွက်ပြီးရွာ ၅၂၇
ဆောင်ရွက်ဆဲရွာ ၃၇
ဆောင်ရွက်ရန်ကျန် ၁၅၂၅

မွန်ပြည်နယ်
ကျေးရွာစုစုပေါင်း ၁၂၀၀
ဆောင်ရွက်ပြီးရွာ ၅၈၂
ဆောင်ရွက်ဆဲရွာ ၁၀၅
ဆောင်ရွက်ရန်ကျန် ၅၁၃



ကချင်ပြည်နယ်
ကျေးရွာစုစုပေါင်း ၂၅၈၄
ဆောင်ရွက်ပြီးရွာ ၄၁၀
ဆောင်ရွက်ဆဲရွာ ၁၅၄
ဆောင်ရွက်ရန်ကျန် ၂၀၂၀

မန္တလေးတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၄၈၂၈
ဆောင်ရွက်ပြီးရွာ ၂၇၆၆
ဆောင်ရွက်ဆဲရွာ ၅၁၂
ဆောင်ရွက်ရန်ကျန် ၁၅၅၀

ရှမ်းပြည်နယ်
ကျေးရွာစုစုပေါင်း ၁၅၄၆၇
ဆောင်ရွက်ပြီးရွာ ၂၉၇၂
ဆောင်ရွက်ဆဲရွာ ၆၀၀
ဆောင်ရွက်ရန်ကျန် ၁၁၈၉၅

နေပြည်တော်
ကျေးရွာစုစုပေါင်း ၈၀၈
ဆောင်ရွက်ပြီးရွာ ၄၃၁
ဆောင်ရွက်ဆဲရွာ ၂၂
ဆောင်ရွက်ရန်ကျန် ၃၅၅

ကယားပြည်နယ်
ကျေးရွာစုစုပေါင်း ၆၂၀
ဆောင်ရွက်ပြီးရွာ ၁၈၃
ဆောင်ရွက်ဆဲရွာ ၁၀၆
ဆောင်ရွက်ရန်ကျန် ၃၃၁

ပဲခူးတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၆၄၅၂
ဆောင်ရွက်ပြီးရွာ ၁၁၂၈
ဆောင်ရွက်ဆဲရွာ ၆၁၄
ဆောင်ရွက်ရန်ကျန် ၄၇၁၀

ကရင်ပြည်နယ်
ကျေးရွာစုစုပေါင်း ၂၀၆၁
ဆောင်ရွက်ပြီးရွာ ၂၇၄
ဆောင်ရွက်ဆဲရွာ ၁၀၀
ဆောင်ရွက်ရန်ကျန် ၁၆၈၇

တနင်္သာရီတိုင်းဒေသကြီး
ကျေးရွာစုစုပေါင်း ၁၂၅၀
ဆောင်ရွက်ပြီးရွာ ၇၀၆
ဆောင်ရွက်ဆဲရွာ ၆၄
ဆောင်ရွက်ရန်ကျန် ၄၈၀

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်အထိ မီးလင်းရေးစနစ်အလိုက် ဆောင်ရွက်ပြီးကျေးရွာများနှင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်ပေါင်း	ကျေးရွာပေါင်း	မီးလင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေ					မီးလင်းပြီး ကျေးရွာ	ဆောင်ရွက်ဆဲ ကျေးရွာ	ဆောင်ရွက်ရန်ကျန် ကျေးရွာ	မှတ်ချက်
				ဓါတ်အား စနစ် (ရွာ)	ဒီဇယ် စနစ် (ရွာ)	ရေအား စနစ် (ရွာ)	ဆိုလာ စနစ် (ရွာ)	ဇီဝ စနစ် (ရွာ)				
၁	နေပြည်တော်ပြည်ထောင်စုနယ်မြေ	၈	၈၀၈	၁၆၄	၂၃၆	၁၅	၁၅	၁	၄၃၁	၂၂	၃၅၅	
၂	ကချင်	၁၈	၂၅၈၄	၂၇	၁၀၈	၁၇၄	၅၇	၄၄	၄၁၀	၁၅၄	၂၀၂၀	
၃	ကယား	၇	၆၂၀	၁၂၈	၂၅	၂	၂၈	-	၁၈၃	၁၀၆	၃၃၁	
၄	ကရင်	၇	၂၀၆၁	၆၈	၁၀၃	၆၂	၃၉	၂	၂၇၄	၁၀၀	၁၆၈၇	
၅	ချင်း	၉	၁၃၅၂	၂၆	၄	၂၀၉	၃၅	၆	၂၈၀	၇၂	၁၀၀၀	
၆	စစ်ကိုင်း	၃၇	၅၉၈၇	၈၃၉	၂၁၅၆	၂၇၁	၆၀၇	၁၀၅	၃၉၇၈	၂၇၅	၁၇၃၄	
၇	တနင်္သာရီ	၁၀	၁၂၅၀	၈	၆၄၇	၃၇	၁၄	-	၇၀၆	၆၄	၄၈၀	
၈	ပဲခူး	၂၈	၆၄၅၂	၈၀၄	၂၂၄	၈	၃၅	၇၈	၁၁၂၈	၆၁၄	၄၇၁၀	
၉	မကွေး	၂၆	၄၇၉၄	၃၈၈	၂၀၆၇	၂၀၈	၁၇၈	၆၆	၂၉၀၇	၅၆၉	၁၃၁၈	
၁၀	မန္တလေး	၂၈	၄၈၂၈	၈၄၄	၁၀၅၆	၅၇၀	၂၇၆	၇၀	၂၇၆၆	၅၁၂	၁၅၅၀	
၁၁	မွန်	၁၀	၁၂၀၀	၂၇၈	၂၈၃	၇	၁၄	-	၅၈၂	၁၀၅	၅၁၃	
၁၂	ရခိုင်	၁၇	၃၈၆၀	-	၉၁၉	-	၁၅	၇၀	၁၀၀၄	၁၆၆	၂၆၉၀	
၁၃	ရန်ကုန်	၄၅	၂၀၈၉	၄၃၉	၄၈	၁	၃၈	၁	၅၂၇	၃၇	၁၅၂၅	
၁၄	ရှမ်း	၅၅	၁၅၄၆၇	၆၄၉	၁၀၆၈	၁၁၂၀	၉၀	၄၅	၂၉၇၂	၆၀၀	၁၁၈၉၅	
၁၅	ဧရာဝတီ	၂၆	၁၁၈၆၉	၄၅၅	၆၄၂၂	၂၀	၁၃၈	၃၈၄	၇၄၁၉	၁၅၉	၄၂၉၁	
	စုစုပေါင်း	၃၃၀	၆၄၁၃၄	၅၁၇၈	၁၃၀၈၆	၂၂၈၅	၁၂၅၀	၁၂၆၉	၂၀၀၇၇	၃၃၂၅	၄၀၇၃၂	

ကျေးလက်ဒေသ မီးလင်းရေးနှင့်ရေရရှိရေးကော်မတီ

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်သော သားငယ် **မောင်ဇင်မျိုးတင် ဆဒဂ-၁၁၉ (ခြောက်ဘာသာဂုဏ်ထူး) (ဘာသာစုံဂုဏ်ထူး)**ရရှိ၍ ထူးချွန်စွာ အောင်မြင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများ အားလုံးကိုလည်းကောင်း၊ နည်းပေးလမ်းညွှန် သင်ကြားပေးသော ဆရာမ ဒေါ်ဝါဝါအားလည်းကောင်း လိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ အမြဲတမ်းထူးချွန်ထက်မြက်သူတစ်ဦးဖြစ်စေရန် မိသားစုအားလုံးမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေ - ဗိုလ်မှူးတင်လှိုင်နှင့် မေမေ ဒေါ်ခင်မျိုးသန့်
ကိုကြီး - ရှင်းသန့်လှိုင်
ညီလေး - ဝင်းသန့်လှိုင်

ဝန်ထမ်းအမြန်အလိုရှိသည်

Yuan Da (Myanmar) Construction Development Co.,Ltd.
No.75,YawMinGyi Street,Dagon T/S
Ph-09-5011515,09-5003138

1. Architech [B.Arch/B.Tech (Archi)] ကျား(၂)၊ မ(၁)ဦး
2. Designer [B.Arch/B.Tech,AGTI (Civil)] ကျား(၁)၊ မ(၂)ဦး
3. Engineer [M.E/B.E/B.Tech (Civil/EP)] ကျား(၂)၊ မ(၁)ဦး
4. M & E Inspector (B.E/A.G.T.I (EP or Mech)] ကျား(၂)ဦး
5. Q.S/Q.C Engineer [B.E,B.Tech, AGTI (Civil, Mechanical,Electrical,Electronic)] ကျား(၂)ဦး
6. Asst:Admin Manager ကျား(၁)ဦး
   Computer,Internet,E-mail ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Labour Law နားလည်ရမည်။ အသက် (၃၀ မှ ၄၀) ကြားရှိရမည်။
7. Supervisor (store) ဘွဲ့ရ၊ အသက် (၃၀ မှ ၄၀) ကျား(၁)ဦး
8. Admin Staff မ (၁)ဦး
   -အသက် (၁၈/၂၅) ကြား၊ Computer နှင့် ရုံးလုပ်ငန်းဆိုင်ရာနားလည်ရမည်။
9. Receptionist မ(၁)ဦး
   -အသက် (၁၈/၂၃)ကြား၊ Computer နှင့် English, Chinese စကားပြော အခြေခံနားလည်တတ်ကျွမ်းရမည်။ အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
10. Cashier မ(၁)ဦး
   -အသက် (၂၀/၂၅)ကြား၊ ဘွဲ့ရ LCCI အောင်မြင်ပြီး ငွေစာရင်းကို သေချာစွာကိုင်တွယ်နိုင်ပြီး ယုံကြည်စိတ်ချနိုင်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။
11. Senior Accountant မ(၁)ဦး
   -အသက်(၂၀/၂၈)ကြား၊ ဘွဲ့ရ LCCI အောင်မြင်ပြီး Account နှင့်ပတ်သက်သော Soft Ware များ၊ Format များကို ရေးဆွဲနိုင်ပြီး စာရင်းများအား သေချာစွာကိုင်တွယ်နိုင်ရမည်။
12. Project Operation Officer ကျား(၁)ဦး
   -ဘွဲ့ရ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရုံးပိုင်းဆိုင်ရာ ဝင်ထွက်သွားလာနိုင်ပြီး အထပ်မြင့်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းအဆင့်ဆင့် လျှောက်ထားမှုအဆင့်ဆင့်အား နားလည်တတ်ကျွမ်းသူဖြစ်ရမည်။ အသက်(၃၀ မှ ၄၀)အတွင်း ဖြစ်ရမည်။
13. Security ကျား(၃)ဦး
   -အသက် (၃၀ မှ ၅၀)၊ အသောက်အစားကင်း၊ ကျန်းမာရေးကောင်းရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ တပ်မတော်မှ အငြိမ်းစားများလည်း လျှောက်ထားနိုင်သည်။
14. သန့်ရှင်းရေးဝန်ထမ်း မ(၂)ဦး
   -အသက် (၄၀)အောက်၊ အလယ်တန်းအဆင့်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ရှိပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ ကျန်းမာရေးကောင်းပြီး တစ်ကိုယ်ရေ သန့်ရှင်းမှုရှိရမည်။

ဆောက်လုပ်ရေးနှင့် ပတ်သက်၍ လျှောက်ထားသူအားလုံးသည် အထပ်မြင့်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိပြီး အရည်အချင်းပြည့်မီသူများဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ လုပ်ငန်းနှင့်ပတ်သက်သော အထောက်အထားများ၊ မျှော်မှန်းလစာနှင့်အတူ အထက်ပါလိပ်စာသို့ ၁၀ ရက်အတွင်း လျှောက်ထားနိုင်သည်။

Corporate Social Responsibility
MCC Foundation(2014 Scholarship)

MCC Foundation

UN Global Compact Organization

(၂၀၁၄)ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို
ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား/သူများအတွက် **ပညာသင်ဆု**

ကျပ်သိန်းပေါင်း(၂၀၀၀) - ပညာသင်ဆု (၁၂၃) ဆု

(ပုံမှန်ပေးအပ်လျက်ရှိသောဂုဏ်ထူး(၁)ဘာသာကျပ်(၁)သိန်း ပညာသင်ဆုများလည်းလျှောက်ထားနိုင်ပါသည်)

MCC.i တွင်ဖွင့်လှစ်သင်ကြားလျက်ရှိသော နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာသိပ္ပံဘွဲ့သင်တန်း၊ အင်ဂျင်နီယာသိပ္ပံဘွဲ့သင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်လုပ်ငန်းအုပ်ချုပ်မှုဘွဲ့သင်တန်း၊ ကွန်ပျူတာဂိမ်းတီထွင်ရေးသားထုတ်လုပ်မှုဘွဲ့သင်တန်းများသို့

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် တို့မှ ကျောင်းသား/သူများ သတ်မှတ်ထားသော နေရာများမှတဆင့် စာရင်းပေးသွင်း လျှောက်ထားနိုင်ပြီး

အထူးပညာသင်ဆုဖြင့်သင်တန်းတက်ရောက်ခွင့်

Don't miss the chance!

ဆက်သွယ်ရန် -
MCC.i ပညာသင်ဆုရွေးချယ်ရေးအဖွဲ့
ရန်ကုန်/နေပြည်တော် - ၀၁-၂၄၅၃၃၆၂၊ ၂၄၆၆၆၃၄၊ ၀၉-၃၁၃၅၅၅၈၄၂
မန္တလေး - ၀၂-၇၇၉၃၁၀၊ ၀၉-၄၀၂၆၇၁၅၆၂
ပြင်ဦးလွင် (ရတနာပုံနည်းပညာမြို့သစ်)- ၀၂-၅၁၃၇၈၀၀၃၊ ၀၂-၅၁၃၇၈၀၀၄

ကြော်ငြာကဏ္ဍ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ရှိ မြေဧရိယာ ၃ ဒသမ ၂၅ဧကအား ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း၍ မော်တော်ယာဉ်ဖြင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများ (JV) ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (အင်းစိန်) ဒညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်) ရုံးတွင် ၁၆-၆-၂၀၁၄ ရက် (တနင်္လာနေ့) မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၆၄၀၄၄၂၊ ၀၁-၆၄၀၇၃၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

စက်သုံးဆီအရောင်းဆိုင်၊သိုလှောင်ကန်စခန်းအသစ်များတည်ဆောက်ဖွင့်လှစ်ရန်အတွက်

အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီသိုလှောင်ကန်စခန်းအသစ်များတည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့် အောက်ပါအချက်အလက်များ၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူ၏အမည်/မှတ်ပုံတင်အမှတ်
(ခ) ကုမ္ပဏီ အမည်/မှတ်ပုံတင်အမှတ်
(ဂ) ဆက်သွယ်ရန်လိပ်စာ
(ဃ) ဖုန်းနံပါတ်၊ email၊ Fax
(င) တည်နေရာနှင့်အကျယ်အဝန်း
(စ) လျှောက်ထားလိုသည့်လိုင်စင်အမျိုးအစား(အရောင်းဆိုင်/သိုလှောင်ကန်စခန်း)
(ဆ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားနှင့် သိုလှောင်ကန်များ၏ ဝင်ဆံ့ဂါလန်ပမာဏ
(ဇ) ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ
 (၁) အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ အကွက်ချပုံစံ (Lay out Plan)
 (၂) တည်ဆောက်မည့်အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ Design ပုံစံနှင့် Detail Drawing
 (၃) သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်

၂။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၀၃နှင့် ဒုတိယညွှန်ကြားရေးမှူး(ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၃၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် အောက်ပါလိပ်စာသို့လိပ်မူ၍ အဆိုပြုလျှောက်လွှာများကို ပေးပို့ရန်ဖြစ်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၆)၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန

ကြော်ငြာကဏ္ဍ

STI MYANMAR UNIVERSITY

ဘွဲ့ကြိုသင်တန်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

STI Myanmar University နှင့် The Open University of Hong Kong (OUHK)/ SKU တို့ပူးပေါင်း၍အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြိုသင်တန်းများအားဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Bachelor of Business Administration (BBA)**
- Management

(ခ) **Bachelor of Engineering (BE)**
- Civil and Architectural Engineering
- Electronic Engineering

(ဂ) **Bachelor of Beauty Art (BA)**
- Beauty Design
- Beauty Therapy

Apply Now! JUNE Intake

၁။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ IGCSE(or)GCE 'O' Level အောင်မြင်ပြီးသူများ Bachelor ဘွဲ့သင်တန်းအတွက် ဘွဲ့ကြိုသင်တန်းများအားလျှောက်ထားနိုင်ပါသည်။
၂။ BBA ဘွဲ့ကို The Open University of Hong Kong (OUHK) မှ ချီးမြှင့်ပါသည်။
၃။ BE နှင့် BA ဘွဲ့ကို ဆိုးလ်မြို့၏ထိပ်တန်း SKU တက္ကသိုလ်မှ ချီးမြှင့်ပါသည်။
၄။ နှစ်စဉ်အဆိုပါတက္ကသိုလ်များသို့ (၂)ပတ်ခန့်သွားရောက် ပညာသင်ကြားနိုင်ပါသည်။
၅။ ပညာသင် ထုခွန်းဆုများ ပါရှိပါသည်။
၆။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း နှင့်မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်)

အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 0931702299, 09420254872

ပြင်ဆင်ဖတ်ရှုရန်

ဘီလစ်ဦးခင်မောင်ချစ် အရောင်းအဝယ်မြေပုံကူးလျှောက်ထားရာတွင် ၁၂-၄-၂၀၁၄ ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ(၁၉)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်၄၁၁ အစား မြေကွက်အမှတ် ၄၁၁၏ ထက်ဝက်အစုပေ(၂၀×၆၀)သာဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝန်ထမ်းအလိုရှိသည်

၁။ အမရပူရဆောက်လုပ်ရေးလုပ်ငန်းတွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ စီမံခန့်ခွဲရေး ဝန်ထမ်းနေရာများအား ဖော်ပြပါစာရွက်စာတမ်းများ ပြည့်စုံစွာဖြင့်လာရောက်လျှောက်ထားနိုင်ရန် ကြေညာအပ်ပါသည်။

(က) **မန်နေဂျာ** ၂ ဦး (ကျား-၁/မ-၁)
 (၁) ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။
 (၂) စာရင်းကိုင်တတ်ကျွမ်းသူအား ဦးစားပေးပါမည်။
 (၃) အသက် (၄၀)ထက်မကြီးရ။ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ အသင့်အတင့် နားလည်တတ်ကျွမ်းရမည်။
 (၄) လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
 (၅) ဆောက်လုပ်ရေး/အုပ်ချုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးပါမည်။

(ခ) **ရုံးအုပ်** ၃ ဦး (ကျား/မ)
 (၁) ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။
 (၂) ရုံးလုပ်ငန်းအတွေ့အကြုံရှိရမည်။
 (၃) စာရင်းကိုင်/ကွန်ပျူတာ/အင်္ဂလိပ်စာနားလည်တတ်ကျွမ်းသူ ဦးစားပေးပါမည်။
 (၄) အသက် (၄၀)ထက်မကြီးရ။
 (၅) ဆောက်လုပ်ရေး/အုပ်ချုပ်ရေး/ဈေးကွက်အတွေ့အကြုံရှိသူ ဦးစားပေးပါမည်။

(ဂ) **စာရေး** ၅ ဦး (ကျား/မ)
 (၁) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီးသူဖြစ်ရမည်။
 (၂) စာရင်းကိုင်/ကွန်ပျူတာတတ်ကျွမ်းသူ ဦးစားပေးပါမည်။
 (၃) ဆောက်လုပ်ရေးနှင့်ဈေးကွက်အတွေ့အကြုံရှိသူများ ဦးစားပေးပါမည်။
 (၄) အသက် (၁၈)နှစ်ထက်မငယ်၊ (၃၀)ထက်မကြီးရ။

(ဃ) **ကွန်ပျူတာ/စာရေး** ၂ ဦး (ကျား/မ)
 (၁) DTP ကျွမ်းကျင်ရမည်။
 (၂) Pagemaker, Word, Excel, Photoshop, Power Point Presention ကျွမ်းကျင်ရမည်။
 (၃) လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
 (၄) အသက် (၃၅)နှစ်ထက်မကြီးရ
 (၅) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ (သို့) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(င) **ရုံးအကူ/သန့်ရှင်းရေး** ၂ ဦး (ကျား/မ)
 (၁) အခြေခံပညာမူလတန်းအဆင့်အောင်မြင်ပြီး မြန်မာစာကိုရေးနိုင်၊ ဖတ်နိုင်ရမည်။
 (၂) ကျန်းမာသန်စွမ်းပြီး အသက် (၅၀)ထက်မကြီးရ။
 (၃) အကျင့်စာရိတ္တကောင်းမွန်ပြီး စိတ်ရှည်သည်းခံနိုင်သူဖြစ်ရမည်။

၂။ အထက်ပါအရည်အချင်းပြည့်စုံသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ၂၄-၆-၂၀၁၄ရက်ထုတ် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။
 (က) ကိုယ်ရေးရာဇဝင်အကျဉ်း (မျှော်မှန်းလစာကိုဖော်ပြပေးပါရန်)
 (ခ) နိုင်ငံသားမှတ်ပုံတင်မိတ္တူ (လူတွေ့စစ်ဆေးချိန် မူရင်းတင်ပြရမည်)
 (ဂ) ပညာအရည်အချင်း/ကျွမ်းကျင်မှုလက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးချိန်မူရင်း တင်ပြရမည်)
 (ဃ) ရပ်ကွက်နေထိုင်ကြောင်းထောက်ခံချက်
 (င) ပြည်သူ့ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်

၃။ ဆက်သွယ်ရန်လိပ်စာ
 (က) မေဇင်သိန်း လမင်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်
 အမှတ် (၂၃၆)၊ ရွှေခင်းသာလမ်းမကြီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ (DENKO စက်သုံးဆီဆိုင်အနီး)
 (ခ) အမရပူရဆောက်လုပ်ရေးလုပ်ငန်း
 တိုက် -၄၊ အခန်း ၀၀၁၊ မြေညီထပ်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေး ရပ်ကွက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၃၀၄၅၄၂၊ ၀၉-၃၃၁၈၈၄၁၆

VICTORIA UNIVERSITY COLLEGE

HND ကျောင်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) IGCSE(O)Level အောင်မြင်ပြီးသူများသည် ဗြိတိန်နိုင်ငံ Business and Technology Education Council (Edexcel) မှ ချီးမြှင့်မည့် HND အဆင့်ကိုသင်ယူရန်အတွက် **အောက်ဖော်ပြပါဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။**

(1) Engineering (Civil/ Mechanical/ Electrical & Electronic Engineering)
(2) Business
(3) Hospital and Tourism Management
(4) Computing
(5) Health & Social Care

၂။ HND Levelအတွက် ၂နှစ်ကြာသင်ယူရမည်။ **HND**ကို **ဂုဏ်ထူးအဆင့်ဖြင့်**အောင်မြင်သူများအား **ပညာသင်ဆုကိုမဟာဘွဲ့ရရှိသည်အထိ ချီးမြှင့်မည့်အပြင်အချိန်ပိုင်းနည်းပြများအဖြစ်ခန့်အပ်မည်။**

၃။ HNDရရှိပြီးပါက ပြည်တွင်း ပြည်ပလုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး Bachelor (Hons)ဘွဲ့ကိုဆက်လက်သင်ယူလိုပါက **Victoria University College** ၌ပင် **University of Wolverhampton (UK)** မှ သင်ကြားပို့ချမည့် - **Bachelor (Hons:) Degree** တန်းများအတွက် တစ်နှစ်ဆက်လက်တက်ရောက်ခွင့်ရရှိမည်။

အကယ်၍နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ သွားရောက်သင်ယူလိုပါကလည်း သက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်ရရန်နှင့်ကျောင်းလခလျှော့နှုန်း ၁၀% မှ ၁၅% အထိရရှိစေရန် **Victoria University College** မှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

၄။ ပညာအရည်အချင်းအထောက်အထားမိတ္တူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူစတင်လျှောက်ထားနိုင်ပါသည်။

၅။ စာတွေ့လက်တွေ့ ထိရောက်စွာသင်ကြားသည့် စနစ်ဖြစ်သောကြောင့်သင်တန်းသားဦးရေကန့်သတ်လက်ခံပါသည်။ **HND** သင်တန်းအားလုံး **၂၀၁၄** စတင်ဖွင့်မည်။

ကျောင်းသားရေးရာဌာန - [illegible]
ဖုန်း - [illegible]

ကြော်ငြာကဏ္ဍ

အမည်ပြောင်း

တောင်ကြီးမြို့၊ ပညာရောင်ခြည်ကိုယ်ပိုင် အလယ်တန်းကျောင်း၊ တတိယတန်းမှ မပုံ့ပုံ့စံအား ယနေ့မှစ၍ မမြင့်မြတ်စံဟု ပြောင်းလဲခေါ်ပါရန်။

မမြင့်မြတ်စံ

အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(ခွဲ)အလက(၁)၊တက္ကသိုလ်ဝင်တန်းမှ မဆုလတ်နွယ်အား ယနေ့မှစ၍ မဆုလဒ်နွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုလဒ်နွယ်

မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀)၊ နဝမတန်း(က)မှ မောင်ဘုန်းပြည့်စုံ၏ မိဘအမည်မှန်မှာ ဦးသီဟနိုင်-ဒေါ်ခင်အေးနွဲ့ ဖြစ်ပါကြောင်း။

ဦးသီဟနိုင်-ဒေါ်ခင်အေးနွဲ့

မသက်ဆိုင်တော့ပါကြောင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၂၅၇နေ ဦးအောင်အောင်စိုး-ဒေါ်အေးအေးဝင်းတို့၏ မွေးတော်စပ်သူ စိုင်းတေဇအောင် ၁၃/တကန(နိုင်)၂၇၇၇၆၉သည် မိသားစုအားလုံး၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ ကျွန်တော်၊ ကျွန်မတို့မိသားစုနှင့် မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

အဘိုး-အဘွားနှင့် မိသားစုများ

အများသိစေရန်

ဟင်္သာတမြို့နယ်၊ တာကလေးရပ်ကွက်၊ နတ်မော်လမ်း၊ အမှတ် ၁၀၀ ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးတို့သည် (ဖခင်)ဦးလှအုံး၊ (မိခင်)ဒေါ်ခင်ရီ ပိုင်ဆိုင်ပြီး မွေးဖွားသောသားသမီးများမှာ (၁)ဒေါ်စန်းစန်းမြင့်၊ (၂)ဦးအောင်မြင့်ကျော်၊ (၃)ဦးကျော်စိုးနိုင်၊ (၄)ဒေါ်ခင်မေဝင်း၊ (၅)ဒေါ်ခင်သန်းအေး၊ (၆)ဒေါ်လှလှမိုးတို့ သားသမီး ခြောက်ဦးရှိခဲ့ပါသည်။ အထက်ပါ နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးတို့သည် ဖခင်ကြီး ကွယ်လွန်ပြီး ညီအစ်ကိုမောင်နှမတစ်ဦးချင်းစီ၏ သဘောတူညီမှုမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရပါ။ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးအောင်မြင့်ကျော်(ဘ)ဦးလှအုံး
၁၄/ဟသတ(နိုင်)၀၁၆၇၃၃
(ခေတ္တ)တောင်ကိုရီးယား

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၂၉၁၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/က၊ မြေကွက်အမှတ် ၆၊ မြေကွက်တည်နေရာအမှတ် ၅၃၊ မောင်းမကန်ကမ်းသာလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်ငွေစိန် အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ငွေစိန် ကွယ်လွန်သဖြင့် သေစာရင်း၊ ဖခင် ဦးမြလှိုင် ကွယ်လွန်ကြောင်း ရပ်ကွက်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ဂရန်၊ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်အေးအေးမာ ၁၂/ဒဂတ(နိုင်)၀၅၈၉၁၄၊ ဦးသိန်းစိုး၁၂/ဗဟန(နိုင်) ၀၁၁၆၆၀၊ ဒေါ်စိန်လှ၁၂/သဃက(နိုင်)၁၂၉၁၂၂၊ ဒေါ်ချိုချို ၁၂/ဗဟန(နိုင်)၀၁၁၇၉၈၊ ဒေါ်သန်းသန်းအေး၁၂/ဗဟန(နိုင်)၀၁၂၆၈၁၊ ဒေါ်မာမာအေး၁၂/လမတ(နိုင်)၀၀၉၆၉၉၊ ဦးမြင့်မိုး၁၂/ဗဟန(နိုင်)၀၁၃၁၉၃၊ ဒေါ်အေးအေးမူ၁၂/ဗဟန(နိုင်)၀၂၂၈၇၈၊ဦးသိန်းဇံ ၁၂/ဗဟန(နိုင်)၀၁၃၀၉၆တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

AIR KBZ

စောင့်ကြည့်ရမယ့် ပေါ်တူဂီရဲ့လားရာ . . . .

ဝေမိုးဆက်

ပေါ်တူဂီဘောလုံးသမားများ လေ့ကျင့်နေစဉ်

ပေါ်တူဂီ၊ တစ်နည်းပြောရရင် လူရှိသေရှင်ရှိသေအဆင့်ထက် ဘယ်တုန်းကမှ မပိုခဲ့တဲ့အသင်း။ သူတို့မှာ အူစီဘီယိုလိုကစားသမားလောက် ရှိခဲ့ဖူးပါတယ်။ သူတို့မှာ ဖီဂိုလိုကမ္ဘာ့ထိပ်တန်း ကစားသမားတစ်ဦးလည်း ထွက်ပေါ်ခဲ့ဖူးပါတယ်။ သူတို့မှာ အခုလည်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဒုတိယအကြိမ်ရထား၊ ယူထားနိုင်တဲ့ ရော်နယ်ဒိုလိုကစားသမားလည်း ရှိနေပါတယ်။ ဒါပေမယ့် ခက်တာက သူတို့ဟာ ဘယ်တုန်းကမှ ထိရောက်တဲ့၊ ပြီးပြည့်စုံတဲ့ အောင်မြင်မှုကို မရခဲ့ကြဘူး။ ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေမှာ ဘယ်ပြိုင်ပွဲဖြစ်ဖြစ် အစဉ်အဆက် သူတို့ဟာအဖျားရှူးခဲ့ကြတယ်။ နာမည်ကြီးသလောက်၊ အထင်ကြီးလေးစားခံရသလောက်အဆုံးမှာ ဘာမှမည်မည်ရရ မဆုပ်ကိုင်နိုင်ခဲ့ကြဘူး။ ပထမအကြိမ် ရွှေရောင်မျိုးဆက်လို့ခေါ်တဲ့ အူစီဘီယို၊ ဩဂတ်စ်တို၊ ဂျိုဆေးတောရက်စ်တို့ခေတ်မှာ ၁၉၆၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း တတိယပဲရတယ်။ ဒုတိယအကြိမ် ရွှေရောင်မျိုးဆက်လို့သတ်မှတ်ကြတဲ့ ဖီဂို၊ ရူအီကော်စတာ၊ နူနိုဂိုမက်ဇ်၊ ဂျာအိုပင်တို၊ ပေါ်လိုဘင်တို၊ ကော်စတင်တာတို့ခေတ်မှာကျတော့ ယူရို ၉၆ မှာကွာတား၊ ယူရို ၂၀၀၀မှာ ဆီမီးပဲရောက်တယ်။ တတိယအကြိမ် မျိုးဆက်တစ်ခုထပ် ထွန်းပခဲ့တဲ့ ဒေကို၊ ကာဗယ်ဟို၊ ဆီမာအို၊ ဖာရဲရာ၊ မီဂွဲလ်တို့ခေတ်မှာကျတော့ ယူရို ၂၀၀၄ကို အိမ်ကွင်းမှာ ကစားရပါလျက် ဒုတိယသာရခဲ့တာဆိုတော့၊ သေချာတယ်၊ ပေါ်တူဂီဟာ ဆုဖလားနဲ့ ကံပါမလာတဲ့အသင်းလို့တောင် ဆိုနိုင်တယ်။

"ယူရို ၂၀၁၂ မှာလည်း ရော်နယ်ဒို လှုပ်မရတဲ့အခါ ဆီမီးမှာ စပိန်ကိုရှုံးပြီး ပိုလ်လုပွဲနဲ့ ဝေးခဲ့ရသေးတယ် ဆိုတော့"

အထူးသဖြင့် သူတို့ဟာ အစဉ်အဆက် တစ်ဦးတစ်ယောက်တည်းရဲ့အားအပေါ် လုံးလုံးလျားလျားမှီခိုခဲ့ကြတယ်။ အူဆီဘီယို၊ ဖီဂိုတို့မှသည် အခု ရော်နယ်ဒိုခေတ်အထိ အသင်းလိုက်စုစည်းညီညွတ်တဲ့အားဆိုတာထက် ဦးဆောင်ဘောလုံးသမားတစ်ယောက်အပေါ် ပိုပြီးအမှီသဟဲပြုခဲ့ကြတယ်။ ကစားကွက်၊ ကစားပုံ၊ နည်းစနစ်တွေကအစ အဲဒီကစားသမားအပေါ်အခြေတည်ပြီး အထိုင်ချတယ်။ အဲဒီကစားသမားကို မဏ္ဍိုင်အဖြစ်ထားပြီး ဝန်းရံတည်ဆောက်တဲ့အခါ အသင်းတစ်သင်းလုံးရဲ့ဟန်ချက်ဟာ အဲဒီကစားသမားရဲ့ခြေစွမ်းအတိုးအဆုတ်နဲ့ ပါဝင်နိုင်မှု၊ မပါဝင်နိုင်မှုတွေအပေါ် တိုက်ရိုက်အချိုးကျသွားတယ်။ အဲဒီကစားသမားမပါတဲ့အခါ တစ်သက်လုံးမကစားတတ်တော့သလို အဲဒီကစားသမားကို ပြိုင်ဘက်က အပိုင်ထိန်းချုပ်လိုက်နိုင်ပြီဆိုရင်လည်း တစ်သင်းလုံးဒေါက်တိုင်ရိုက်ချိုးခံလိုက်ရသလို ကစားကွက်ကအစ ပျက်သွားတတ်တယ်။

ပြောရရင် အဲဒီအရာဟာ သူတို့ဘာသာသူတို့ တရားသေဆုပ်ကိုင်ထားတဲ့အမှား။ ဒါကို ပြင်ရင်ရပေမယ့် သူတို့ဟာ ဘယ်တုန်းကမှ မပြင်ခဲ့ကြသလို အဲဒီလိုမပြင်မှုရဲ့အကျိုးဆက်ကိုလည်း အကြိမ်ကြိမ်ခံခဲ့ရပြီးပြီ။ ယူရို ၂၀၀၄ မှာ ရော်နယ်ဒိုလှုပ်ရှားမရတာနဲ့

စာမျက်နှာ ၃ သို့

အသင်းအပေါ် ယုတ္တိဆန်ဆန် သုံးသပ်ပြလိုက်တဲ့ အမေရိကန်နည်းပြ ကလင်းစမန်း

အမေရိကန်အသင်းရဲ့ နည်းပြ ကလင်းစမန်းတစ်ယောက်က အမေရိကန်အသင်းအနေနဲ့ ဘရာဇီးကမ္ဘာ့ဖလားမှာ ဗိုလ်စွဲမယ်ဆိုတဲ့ ပြောနေမှုများ ဟာယုတ္တိမဆန်သော ပြောဆိုမှုများသာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသွားပါတယ်။

အမေရိကန်အသင်းဟာအုပ်စု (G) မှာ ပေါ်တူဂီ၊ ဂျာမနီ၊ ဂါနာတို့နဲ့ အတူ တွေ့ဆုံကစားရမှာဖြစ်ပြီး အုပ်စုအဆင့် တက်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးစားရန်ရှိနေတဲ့ အသင်းလည်းဖြစ်ပါတယ်။

New York Times ရဲ့ အင်တာဗျူးတစ်ခုမှာတော့ အမေရိကန်နည်းပြ ကလင်းစမန်းက “လက်ရှိကမ္ဘာ့ထိပ်တန်းအသင်းတွေနဲ့အဆင့်တူမဟုတ်တဲ့အတွက် ကျွန်တော်တို့အသင်းဟာ ကမ္ဘာ့ဖလားဆုကိုရယူနိုင်ဖို့ကတော့ မလွယ်ကူပါဘူး” လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါပေမယ့် သူ့ရဲ့မှတ်ချက်စကားကိုတော့ အမေရိကန်တိုက်စစ်မှူး ယောင်း ဒိုနိုဗန်က အမေရိကန်အသင်းအနေနဲ့ ဂျာမနီအသင်းကိုသာ ဖြတ်ကျော်နိုင်မယ်ဆိုပါက ဆုဖလားရရှိနိုင်မယ့်အခွင့်အရေးတွေ ရှိနေတဲ့အသင်းဖြစ်တယ်လို့ ဒေါသတကြီးနဲ့ တုံ့ပြန် ပြောဆိုလိုက်ပါတယ်။

ဒါပေမယ့် နည်းပြကလင်းစမန်းကတော့ “အခုအချိန်မှာ ကျွန်တော်တို့အသင်းအနေနဲ့ ကမ္ဘာ့ဖလား ရယူသွားဖို့ကိုသာ ပြောနေမယ်ဆိုရင် ယုတ္တိမဆန်ဘူးလို့ ဆိုနိုင်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တို့အသင်းအဓိကလုပ်ရမှာက အုပ်စုအဆင့်ဖြတ်ကျော်နိုင်ရေးပါ။ ဒါကြောင့် လာမယ့်ပွဲတွေမှာ အကောင်းဆုံးခြေစွမ်းပြ ကစားဖို့ကိုအာရုံစိုက်ရမှာလည်းဖြစ်ပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ကလင်းစမန်းက“ယူရို ၂၀၀၄တုန်းကဆိုရင် ဘယ်သူကမှ ဂရိ အသင်းကို ချန်ပီယံဖြစ်လိမ့်မယ်လို့ မမျှော်မှန်းထားခဲ့ပါဘူး။ ဘောလုံးလောကမှာ အလွန်လှပတဲ့ အချိုးအကွေ့တွေကို ဘယ်သူကမှ မခန့်မှန်းနိုင်ပါဘူး”ဟု ထပ်မံပြောဆိုခဲ့ပါတယ်။

ဒါကြောင့်လည်း အမေရိကန်အသင်းအနေနဲ့ အုပ်စုအဆင့်ဖြတ်ကျော်ချင်တယ်ဆိုပါက အာဖရိကရဲ့ အကောင်းဆုံးအသင်း တစ်သင်းဖြစ်တဲ့ ဂါနာအသင်းကို နိုင်ဖို့အတွက် ကြိုးစားရမှာလည်းဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်အသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၀ကမ္ဘာ့ဖလားမှာ ဂါနာအသင်းကို ၁၆သင်းအဆင့်မှာ ရှုံးနိမ့်ခဲ့ဖူးပါတယ်။

ဒါကြောင့်လည်း ဂါနာအသင်းနဲ့ပတ်သက်ပြီး အမေရိကန်နည်းပြ ကလင်းစမန်းက “ဂါနာတစ်သင်းလုံးဟာ တစ်ဦးချင်းအရည်အချင်းတွေနဲ့ ပြည့်ဝနေတဲ့ အသင်းတစ်သင်းပါ။ အသင်းအနေနဲ့ သတိမထားဘူးဆိုရင် ချက်ချင်းကို ဒုက္ခပေးနိုင်တဲ့ အသင်းပါ။ ဒါပေမယ့် အမေရိကန်အသင်းအနေနဲ့ကလည်း အဖွင့်ပွဲစဉ်ကို အကောင်းဆုံးကစားနိုင်ဖို့အတွက် အကြိုပြင်ဆင်မှုတွေကို ပြုလုပ်ထားပါတယ်”လို့လည်း ပြောဆိုခဲ့ပါတယ်။

အမေရိကန်အသင်း အတွက် ကမ္ဘာ့ဖလားမှာအမြင့်ဆုံး အောင်မြင်မှုကတော့ ၁၉၃၀ ကမ္ဘာ့ဖလားမှာ ဆီမီးအဆင့်နဲ့ ၂၀၀၂ ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ် အဆင့်အထိတို့သာ ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။

■ အောင်က

ဂိုးသွင်းမှုကို အောင်ပွဲခံခဲ့ရာက အင်္ဂလန် ဆေးအဖွဲ့ဝင်တစ်ဦး ဒဏ်ရာရ

အင်္ဂလန်အသင်း၏ ဆေးအဖွဲ့ဝင် ဂယ်ရီလီဝမ်သည် အင်္ဂလန်အသင်းတိုက်စစ်မှူး စတာရစ်၏ ချေပဂိုးသွင်းယူမှုကို အောင်ပွဲခံခဲ့ရာတွင် ဒဏ်ရာရရှိခဲ့သည်။

မာချီစီယိုက အင်္ဂလန်ကို ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး မကြာမီမှာပင် လီဗာပူးတိုက်စစ်မှူး စတာရစ်က အင်္ဂလန်အတွက် ချေပဂိုးသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဂိုးသွင်းယူပြီးချိန်တွင် အင်္ဂလန်အသင်း အဖွဲ့ဝင်များသည် ခုန်ပေါက်အောင်ပွဲခံနေစဉ် ဂယ်ရီလီဝမ်မှာ မြက်ခင်းပြင်ပေါ်သို့ လဲကျသွားခဲ့ပြီး ဆေးအဖွဲ့၏ ဆေးကုသမှု ခံယူခဲ့ရသည်။ **(အောက်ပုံ)**

အဆိုပါ ဒဏ်ရာရရှိမှုအနေထားနှင့်ပတ်သက်ပြီး အင်္ဂလန်မန်နေဂျာ ရွိုင်ဟော့ဆင်က “ဒါက ကျွန်တော်တို့အတွက် အလွန်ဝမ်းနည်းစရာ အခိုက်အတန့်ဖြစ်ခဲ့ပါတယ်။ သူဟာ စတာရစ် ဂိုးသွင်းယူအပြီးမှာ ရေပုလင်းတွေရှိတဲ့ နေရာမှာ ခုန်ပေါက်အောင်ပွဲခံခဲ့ပြီး အဲဒီနောက်မှာ ခြေချင်းဝတ် လည်သွားခဲ့တာပါ။ အဲဒီနောက် ဆေးရုံကို ပို့ခဲ့ရပါတယ်။ လီဝမ်အတွက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲက ပြီးဆုံးသွားခဲ့ပါပြီ”ဟု ပြောသွားသည်။

လီဝမ်ဒဏ်ရာရရှိခဲ့ခြင်းနှင့် ပတ်သက်၍ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကလည်း လီဝမ်၏ဒဏ်ရာ အမြန်ဆုံး ပြန်လည်ကောင်းမွန်ပါစေဟု တွစ်တာမှတစ်ဆင့် ဆုတောင်းပေးခဲ့သည်။

ထို့နောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ ပြောဆိုခွင့်ရှိသူတစ်ဦးက “ကျွန်တော်တို့လီဝမ်နေရာကို အစားထိုးဖို့အတွက် နောက်ထပ်ဆေးအဖွဲ့ဝင်တစ်ဦးကို ရှာသွားဖို့ရှိနေပါတယ်” ဟု ပြောဆိုသည်။

ဖြိုးဒေါ်လာ

အမေရိကန်အသင်း ကမ္ဘာ့ဖလားရရှိခဲ့ပါက ဆုကြေးများစွာရရှိမည်

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အမေရိကန်အသင်း၏ ကစားသမားများသည် ကမ္ဘာ့ဖလားရရှိပါက ဆုကြေးအဖြစ် ပေါင် ၁၉ ဒသမ ၅ သန်းရရှိသွားမည်ဟု သိရသည်။ အဆိုပါ ဆုကြေးမှာ ကလင်းစမန်း ကိုင်တွယ်သည့် အမေရိကန်အသင်းတွင် ပါဝင်လာသည့် ကစားသမားတစ်ဦးလျှင် ပေါင် ၈၅၀၀၀ အထိ ရရှိသွားမည်ဖြစ်သည်။

ဗီဇာအနေဖြင့် ကမ္ဘာ့ဖလားရရှိမည့်အသင်းကို ဆုကြေးအဖြစ် ပေါင် ၂၂ သန်းဆုချီးမြှင့်သွားမည်ဟု အတည်ပြုထားပြီး အမေရိကန်အသင်း တာဝန်ရှိသူများအနေဖြင့် အဲဗာတန်ဂိုးသမားတင်ဟောင်းဝပ်၊ အက်စတွန်ဗီလာဂိုးသမား ဘရက်ဂူဇန်တို့ ပါဝင်နေသည့် အမေရိကန်ကစားသမားများကို များပြားသည့် ဆုကြေးများအဖြစ် ပြန်လည်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အမေရိကန်ဘောလုံးအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက “ကျွန်တော်တို့ ကမ္ဘာ့ဖလားရခဲ့မယ်ဆိုရင် ဖီဖာကချီးမြှင့်မယ့် များတဲ့ဆုကြေးငွေတွေကို ကစားသမားတွေကို ဆုကြေးအဖြစ် ပေးအပ်သွားမှာပါ”ဟု ပြောသွားသည်။

ထို့အပြင် ရွိုင်ဟော့ဂ်ဆင် ကိုင်တွယ်နေသည့် အင်္ဂလန်အသင်းတွင် ပါဝင်နေသည့် ကစားသမားများမှာလည်း ကမ္ဘာ့ဖလားရရှိခဲ့ပါက ဆုကြေး အများအပြား ရရှိမည်ဖြစ်သည်။ အာဖရိကအသင်းများဖြစ်သည့် ဂါနာနှင့် နိုင်ဂျီးရီးယားတို့ရှိ ကစားသမားတို့မှာ ကမ္ဘာ့ဖလားရရှိခဲ့ပါက ဆုကြေးတစ်ဦးလျှင် ပေါင် ခြောက်သောင်း ရရှိမည်ဖြစ်သည်။

အသင်းအပေါ်အထင်မသေးဖို့ ပြိုင်ဘက်တွေကို သတိပေးလိုက်တဲ့ အီရန်နည်းပြ ကွီယာရော့စ်

အီရန်အသင်းရဲ့ ဂျာမနီလူမျိုး နည်းပြ ကွီယာရော့စ်ကတော့ အုပ်စု (F) ရဲ့အုပ်စုတွင်း ပြိုင်ဘက်တွေကို မိမိတို့အီရန်အသင်းကို လွယ်လွယ်ကူကူနဲ့ အနိုင်ကစားလို့ ရနိုင်မယ့် အသင်းတစ်သင်းအဖြစ် မသတ်မှတ်ဖို့ သတိပေးပြောဆိုသွားပါတယ်။

ကမ္ဘာ့ဖလားဝင်ခွင့်ကို စုစုပေါင်း လေးကြိမ်သာ ရရှိထားတဲ့ အီရန်အသင်းဟာ ယခုနှစ်ကမ္ဘာ့ဖလားမှာတော့ အာဂျင်တီးနား၊ ဘော့စနီးယား၊ နိုင်ဂျီးရီးယားအသင်းတွေနဲ့ တွေ့ဆုံရမှာဖြစ်ပြီး အာရှအသင်းတွေထဲမှာတော့ အုပ်စုအဆင့်ကနေ တက်နိုင်ဖို့အတွက် မျှော်လင့်ချက်အနည်းငယ်ရှိနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

အီရန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ခြေစမ်းပွဲ လေးပွဲမှာ သုံးပွဲဟာ သရေကျခဲ့ပြီး ထရီနီဒက်အသင်းနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ၂-၀နဲ့နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ဘော့စနီးယားနဲ့ နိုင်ဂျီးရီးယားအသင်းတို့ဟာ အီရန်အသင်းကို ဖြတ်ကျော်နိုင်ပြီး အာဂျင်တီးနား နောက်အုပ်စုဒုတိယအဆင့်ကနေတက်ဖို့အတွက် ရှိနေတယ်လို့ ထင်ကြေးပေးခံနေရတဲ့အသင်းတွေလည်းဖြစ်ပါတယ်။

ဒါပေမယ့် အီရန်အသင်းနည်းပြ ကွီယာရော့စ်က “ကျွန်တော်တို့ဟာ လာမယ့်ပွဲတွေမှာ အကောင်းဆုံးကစားဖို့ကို ပြင်ဆင်ထားပါတယ်။နိုင်ဂျီးရီးယားနဲ့ပွဲမှာလည်း အကောင်းဆုံးရလဒ်တွေ ရယူနိုင်မယ်လို့လည်း ယုံကြည်ထားပါတယ်။ ယုံကြည်ချက်အတိုင်းလည်း လုပ်ဆောင်သွားမှာပါ။ ဘယ်တော့မှ လက်လျှော့အရှုံးပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘရာဇီးကိုလာတာဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကြည့်ရှုံသက်သက် အတွက်လာတာလည်းမဟုတ်ပါဘူး။ အခုအချိန်ဟာ ကျွန်တော်တို့အတွက် အင်တိုက်အားတိုက်ကစားရမယ့် အချိန်လည်းဖြစ်လာပါပြီ”လို့လည်းပြောဆိုခဲ့ပါတယ်။

ယုံကြည်ချက်အတိုင်းလည်း လုပ်ဆောင်သွားမှာပါ၊ ဘယ်တော့မှ လက်လျှော့အရှုံးပေးမှာမဟုတ်ပါဘူး။

ပေါ်တူဂီ၊ တောင်အာဖရိကအသင်းတို့သာမက စပိန်တင်းလစ္စဘွန်း၊ ရီးရဲအသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးတဲ့ ကွီယာရော့စ်ဟာ အီရန်အသင်းကို ၂၀၁၁ ခု နှစ်မှစတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး စတင်ကိုင်တွယ်ခဲ့တဲ့ နှစ်မှာပဲအသင်းကိုကမ္ဘာ့ဖလားဝင်ခွင့်ရရှိဖို့အတွက် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ ကွီယာရော့စ်ဟာ အီရန်အသင်းကို ကိုင်တွယ်ခဲ့တဲ့ပွဲပေါင်း ၃၈ပွဲမှာပွဲ ၂၀နိုင်၊ ၁၃ပွဲသရေနဲ့ ငါးပွဲသာရှုံးနိမ့်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။သူဟာ အီရန်အသင်းကို ကမ္ဘာ့ဖလားမှာ အောင်မြင်မှုရရှိနိုင်ဖို့အတွက် အီရန်နွယ်ဖွား ဥရောပကစားသမားတွေကိုလည်း အဓိက ခေါ်ယူခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။

ဒါ့အပြင် အီရန်သမ္မတဟက်ဆန်ကလည်း အီရန်လက်ရွေးစင်အသင်းအနေနဲ့ အုပ်စုအဆင့်ကနေသာတက်နိုင်ခဲ့မယ်ဆိုရင် အပိုဆုကြေးတွေပေးသွားဖို့ရှိတယ်လို့လည်း ထုတ်ဖော်ပြောဆိုသွားပါတယ်။

အောင်က

ကြေကွဲည



၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲရဲ့ အင်္ဂလန်အသင်းအဖွင့်ပွဲစဉ်မှာ အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့လို့ ပရိသတ်တွေအတွက် ကြေကွဲညဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် ၁၉၈၆ ခုနှစ်ကစတင်ပြီး ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွေမှာ အင်္ဂလန်အသင်းရှုံးနိမ့်ခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်ခဲ့တာမို့ ကြိုတင်သုံးသပ်လို့ရပေမယ့် အင်္ဂလန်အသင်းဟာ ဝေဖန်ပြစ်တင်မှုတွေနဲ့ကြုံတွေ့ခဲ့ရပါတယ်။

“ကျွန်တော်တို့အားလုံး အကောင်းဆုံးကြိုးစားခဲ့ပေမယ့် အားနည်းချက်တွေရှိခဲ့ပါတယ်” လို့ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေက ပြိုင်ပွဲအပြီး ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ရွန်းနေဟာ တိုက်စစ်မှူးကောင်းတစ်ဦးမှာရှိသင့်ရှိထိုက်တဲ့ စွမ်းရည်တွေ ကျဆင်းနေပြီလို့ ဝေဖန်မှုတွေ ကြုံတွေ့ခဲ့ရပေမယ့် အခုအီတလီနဲ့ပွဲမှာ အတတ်နိုင်ဆုံး ကြိုးစားခဲ့သူ ဖြစ်တယ်လို့ နည်းပြ ရွိုင်ဟော့ဆင်က ဆိုပါတယ်။

ရွန်းနေဟာ အီတလီနဲ့ပွဲမှာ အင်္ဂလန်အသင်း ရရှိခဲ့တဲ့ တစ်ဂိုးကို တိုက်စစ်မှူး စတားရစ် သွင်းယူနိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့သလို ၄၁ မိနစ်မှာ ဟန်ဒါဆင် ဂိုးသွင်းခွင့်ရအောင်လည်း ရွန်းနေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ရွန်းနေရဲ့ ဂိုးသွင်းဖို့ကြိုးစားခဲ့တာကတော့ ၅၃ မိနစ်မှာ ဟန်ဒါဆင် ဖန်တီးပေးတဲ့ဘောလုံးကို ကန်သွင်းပေမယ့် လွဲချော်ခဲ့ပါတယ်။ ဒါ့အပြင် ပွဲချိန် ၈၆ မိနစ်မှာလည်း ရွန်းနေဘယ်ခြေနဲ့ ကန်သွင်းချက်ကလည်း လွဲချော်ခဲ့တာမို့ အီတလီနဲ့ပွဲမှာ ရွန်းနေဟာ အကောင်းအဆိုးတွေနဲ့ ဒွန်တွဲခဲ့ပါတယ်။

ရွန်းနေကတော့ သူဘယ်နေရာမှာကစားရလို့ အံဝင်ခွင်ကျမရှိဘူး။ နည်းပြရဲ့ နည်းဗျူဟာနဲ့ နေရာချထားမှုတွေအပေါ် ဘာတစ်ခွန်းမှ ဝေဖန်မှု မရှိခဲ့ပါဘူး။ ဒါပေမယ့် အလန်ရှီးယားကတော့ ရွန်းနေဟာ အီတလီနဲ့ပွဲမှာ စိတ်တိုင်းကျလှုပ်ရှားခွင့်မရခဲ့ဘူးလို့ဆိုနေပြီး အထောင် တိုက်စစ်မှူး အဖြစ်သာ ကစားစေသင့်တယ်လို့ ဝေဖန်နေပါတယ်။

ဒါပေမယ့် ဘရာဇီးနိုင်ငံရဲ့ ပူပြင်းတဲ့ရာသီဥတုဒဏ်ကို အင်္ဂလန်ကစားသမားတွေ ခံစားခဲ့ကြရတယ်လို့ ဆိုနေပေမယ့် လက်ရှိစုဖွဲ့မှု၊ အသင်းလိုက်စွမ်းရည်တွေဟာ အီတလီကို အနိုင်ကစားဖို့တော့ ခက်ခဲတဲ့အနေအထားပါပဲ။ အီတလီအသင်းဟာ အကောင်းဆုံးပုံစံမရှိပေမယ့် အင်္ဂလန်တို့ကို သရေတစ်မှတ်ခွဲယူဖို့တောင် ခက်ခဲတဲ့အနေအထားနဲ့ကစားသွားခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဖွင့်ပွဲစဉ်မှာ အင်္ဂလန်တို့ အမှတ်လက်မဲ့ ဖြစ်ခဲ့လို့ အင်္ဂလန်ပရိသတ်တွေရော၊ ကစားသမားတွေပါ ကြေကွဲည ဖြစ်ခဲ့ရတာပါပဲ။ ။

ကိုဝ

ပေါ်တူဂီရဲ့လားရာမှ

တိုက်စစ်တစ်ခုလုံး အသက်မဲ့ပြီး ဂရိကို ဗိုလ်လုပွဲမှာရှုံးရတာက သက်သေ။ ယူရို ၉၆ မှာလည်း ဖီဂိုလှုပ်မရတဲ့အခါ ကစားကွက်ပျက်ပြီး ကွာတားမှာ ချက်ကိုရှုံးခဲ့ရတာက သက်သေ။ ယူရို ၂၀၁၂ မှာလည်း ရော်နယ်ဒိုလှုပ်မရတဲ့အခါ ဆီမီးမှာ စပိန်ကိုရှုံးပြီး ဗိုလ်လုပွဲနဲ့ ဝေးခဲ့ရသေးတယ်ဆိုတော့ ဒီတစ်ကြိမ်မှာလည်း သူတို့ရဲ့ အကြီးမားဆုံး အားနည်းချက်ဖြစ်တဲ့ တစ်ဦး တစ်ယောက်တည်းအပေါ် မှီခိုလွန်းတဲ့စိတ်ကို မပြုပြင်နိုင်ရင် သူတို့ အောင်ပွဲရပါ့မလားလို့ ထပ်စိုးရိမ်နေကြရပြန်တယ်။

အထူးသဖြင့် လက်ရှိအချိန်မှာ ရော်နယ်ဒိုဟာ ပေါ်တူဂီရဲ့ မျှော်လင့်ချက်။ တစ်သင်းလုံးရဲ့ အားထားရာ။ ဒါဟာ ကောင်းတဲ့လားရာတော့ မဟုတ်ဘူး။ ပြောရရင် ရော်နယ်ဒိုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆိုတာ မှန်တယ်။ အသက်အပိုင်းအခြားအရလည်း ၂၉ နှစ်။ ကစားသမားတစ်ဦးတစ်ယောက်အတွက် အရင့်မှည့်ဆုံးအချိန်။ အတွေ့အကြုံ၊ ခြေစွမ်းအားလုံးအထွတ်အထိပ်။ ဒါကို ပေါ်တူဂီအတွက်ရော ရီးရဲအတွက်ပါ စွမ်းဆောင်ခဲ့တဲ့သူ့ရဲ့ စွမ်းဆောင်မှုတွေကို ကြည့်ရင်မြင်သာတယ်။ ဒါပေမယ့် ခက်တာက ရော်နယ်ဒိုရဲ့ ပခုံးပေါ်မှာ ဖိအားများလွန်းတယ်။ တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်ကို ထမ်းထားရသလို တစ်သင်းလုံးရဲ့ စိတ်ပိုင်းရော ရုပ်ပိုင်းကိုပါ ဦးဆောင်မှုပေးနေရတဲ့သူ။ ဒီတော့ အဲဒီလို အားကိုးမှုလွန်ကဲခြင်းနဲ့ မျှော်လင့်ချက် ကြီးကြီးမားမားအထားခံရတဲ့ ဖိအားကြားမှာ ရော်နယ်ဒိုပုံမှန်ခြေရပ့ါမလား။ ရော်နယ်ဒို ပုံမှန်ခြေမရရင် ပေါ်တူဂီနိုင်ပွဲရပ့ါမလား။ စိုးရိမ်ဖို့ကောင်းတယ်။

တခြားမကြည့်နဲ့။ ခြေစမ်းပွဲတွေကို ပြန်ကြည့်။ ပေါ်တူဂီဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီးမှာ ခြေစမ်းပွဲ လေးပွဲကစားတယ်။ အဲဒီ လေးပွဲမှာ ရော်နယ်ဒိုပါတာက နှစ်ပွဲ။ ရော်နယ်ဒိုမပါတာက နှစ်ပွဲ။ အဲဒီလေးပွဲရဲ့ နှစ်ပွဲတစ်ခြမ်းစီမှာ ခြားနားချက်ကြီးကြီးမားမားကိုရှိတယ်။ ရော်နယ်ဒိုက ကင်မရွန်း၊ အိုင်ယာလန်တို့နဲ့ နှစ်ပွဲမှာ ပါခဲ့ပြီး အဲဒီနှစ်ပွဲမှာ ၁၀ ဂိုးအထိပေါ်တူဂီဂိုးရတယ်။ မက္ကဆီကို၊ ဂရိတို့နဲ့ကျတော့ ရော်နယ်ဒိုမပါဘူး။ အဲဒီမှာ ဂရိကို ဂိုးမသွင်းနိုင်သလို မက္ကဆီကိုနဲ့ပွဲမှာလည်း နာကျင်အချိန်ပိုရောက်မှ ဂိုးသွင်းပြီး အနိုင်ရခဲ့တယ်ဆိုတော့။ ရော်နယ်ဒိုရဲ့ လောင်းရိပ်ပေါ်တူဂီမှာ ဘယ်လောက်အထိရှိသလဲ။ ရော်နယ်ဒို ပါခြင်း မပါခြင်းဟာ ပေါ်တူဂီအပေါ် စိတ်ဓာတ်အခြေခံကအစ ဘယ်လောက်အထိ အပြောင်းအလဲဖြစ်စေသလဲဆိုတာ ရှင်းတယ်။ ဒီတော့ ဒီကမ္ဘာ့ဖလားပွဲမှာ ရော်နယ်ဒိုရဲ့ ခြေစွမ်းအပြောင်းအလဲပေါ် တည်မှီပြီး ပေါ်တူဂီရဲ့ လားရာကလည်း ဘယ်လောက်အထိ အတိုးအဆုတ်ရှိမလဲဆိုတာလည်း မသေချာဘူး။ ခန့်မှန်းလို့မရဘူး။

ထပ်ပြောရရင် ဒီတစ်ကြိမ် ပေါ်တူဂီဟာ ဖီဂို၊ ရူအီကော်စတာ၊ နူနိုဂိုမက်ဇ်တို့ခေတ်က ဖွဲ့စည်းမှုကိုမမီဖို့အသာထား။ ဒေကို၊ ဆီမာအို၊ ကာဗယ်ဟိုတို့ခေတ်ကိုတောင်မမီဘူး။ ရော်နယ်ဒိုကို ဖယ်လိုက်ရင် ကျန်ကစားသမားတွေထဲမှာ ပီပီ၊ ကွန်ထရာအိုတို့လောက်ပဲ အဆင့်မီတယ်။ ဒါတောင် ထိပ်တန်းအဆင့် မဟုတ်ဘူး။ကျန် နာနီ၊ အဲဗက်စ်၊ မော်တင်ဟိုဗီလိုဆို၊ အဲယ်မဲဒါတို့က သာမန်အဆင့်တွေ။ ဒီတော့ ရူအီကော်စတာ၊ နူနိုဂိုမက်ဇ်၊ဒေကို၊ကာဗယ်ဟိုတို့ရှိနေတုန်းကတောင် တစ်ဦးတစ်ယောက်အပေါ် အားကိုးလွန်းတဲ့ ပေါ်တူဂီ အခုအခြေအနေမျိုးနဲ့ ရော်နယ်ဒိုအပေါ် ဘယ်လောက်အမှီသဟဲပြုသွားနိုင်မလဲ။ အခုတောင် ရော်နယ်ဒို ဂျာမနီနဲ့ပွဲမှာ ပါနိုင်မပါနိုင်အပေါ် အခြေခံပြီး ပေါ်တူဂီတစ်သင်းလုံး ပေါ်တူဂီတစ်နိုင်ငံလုံး စိုးတထိတ်ထိတ် ဖြစ်နေကြရတယ်ဆိုတော့။

သေချာတယ်။ ပေါ်တူဂီရဲ့ လားရာ၊ ရော်နယ်ဒိုရဲ့ဦးဆောင်ကယ်တင်နိုင်စွမ်း ဘယ်လောက်ရှိမလဲ။ ဂျာမနီနဲ့ ပွဲကစလို့ စောင့်ကြည့်ရတော့မယ်။ လေ့လာရတော့မယ်။

အဖွင့်ပွဲမှာ ပေါ်တူဂီကို အနိုင်ယူမယ့် နာမည်ကြီး ဂျာမနီအသင်း

ကစားခဲ့ပြီးတဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အချို့မှာ နာမည်ကြီးအသင်းအချို့ မထင်မှတ်တဲ့ရလဒ်တွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ ဇွန်လ ၁၆ ရက်မှာကစားမယ့် ဂျာမနီနဲ့ ပေါ်တူဂီတို့ပွဲမှာလည်း မထင်မှတ်တဲ့ရလဒ်မျိုးထွက်ပေါ်လာမလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပြီး အီရန်နဲ့ နိုင်ဂျီးရီးယား၊ ဂါနာနဲ့ အမေရိကန်ပွဲတို့ကလည်း စိတ်ဝင်စားဖို့ကောင်းနေတယ်။

ကလိုဆေး

ဂျာမနီ Vs ပေါ်တူဂီ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၆-၆-၂၀၁၄၊ ည ၁၀း၃၀ Arena Fonte Nova
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂျာမနီ ၁-၀ ပေါ်တူဂီ (၁၀-၆-၂၀၁၂)

အုပ်စု(G)မှာရဲ့ ထိပ်သီးအသင်းနှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်သလို အဖွင့်ပွဲမှာ ရလဒ်ကောင်းရရှိဖို့ အားစိုက်လာကြမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါ။ ဂျာမနီအသင်းမှာ တိုက်စစ်မှူးစစ်စစ်အဖြစ် ကလိုဆေးတစ်ဦးသာပါတယ်ဆိုပေမယ့် ကွင်းလယ်ကစားသမားအများစုဟာ ဂိုးသွင်းခြေရှိပြီး တိုက်စစ်အားသန်သူတွေမို့ ဂျာမနီရဲ့တိုက်စစ်ကို ပေါ်တူဂီ ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်တယ်။ ဒါပေမယ့် ဂျာမနီအသင်းရဲ့ ခံစစ်ပိုင်းအားနည်းမှုအနည်းငယ်ရှိနေတာကို သတိပြုရမယ်။ ပေါ်တူဂီအသင်းရဲ့ အဓိက ကစားသမား ရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့ခဲ့ရပေမယ့် ဂျာမနီနဲ့ပွဲမှာ ပါဝင်ကစားနိုင်လိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ်နေတယ်။ ဂျာမနီလို အသင်းမျိုးနဲ့ ရင်ဆိုင်ရတဲ့ ပွဲမှာ ပေါ်တူဂီအတွက် ဂိုးရရှိရေးဟာ ရော်နယ်ဒိုလို ကစားသမားမျိုးအပေါ် အဓိကတည်မှီနေတာကြောင့် ရော်နယ်ဒိုရဲ့ ကြံ့ခိုင်မှု ရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိဘူးဆိုရင် ပေါ်တူဂီဂိုးရဖို့ ခက်ခဲနိုင်တာကို သတိပြုရမယ်။ ပေါ်တူဂီအသင်းက အသင်းလိုက်စုဖွဲ့မှုကောင်းမွန်တာမို့ ဂျာမနီအသင်းအတွက် ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ်။ ဒါပေမယ့် စုဖွဲ့မှုအားပိုမိုကောင်းမွန်တဲ့ ဂျာမနီအသင်းကသာ တစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁

ဂါနာ Vs အမေရိကန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၇-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena das Dunas
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂါနာ ၂-၁ အမေရိကန် (၂၇-၆-၂၀၁၀)

ဂါနာအသင်းဟာ ဟော်လန်နဲ့ကစားခဲ့တဲ့ခြေစမ်းပွဲမှာ တစ်ဂိုးတည်းနဲ့ ကပ်ရှုံးခဲ့ရပြီး ခြေစွမ်းပိုင်းလည်း အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ခဲ့တယ်။ အမေရိကန်နဲ့ ဆုံတွေ့တဲ့ပွဲတွေမှာ ရလဒ်ပိုင်းကောင်းမွန်တဲ့ အစဉ်အလာကို ပိုင်ဆိုင်ထားတဲ့ ဂါနာအသင်းမှာ တိုက်စစ်နဲ့ ခံစစ်ပိုင်း ကစားပုံတည်ငြိမ်မှု အနည်းငယ်အားနည်းနေတာကိုတော့ သတိပြုရမယ်။ ဒါပေမယ့် အက်ဆီယန်၊ အန်ဒရီဘာယော၊ မွန်တာရီတို့လို ကွင်းလယ်ကစားသမားကောင်းတွေ ရှိနေတာမို့ ဂါနာဟာ အမေရိကန်ရဲ့ ကစားအားကို ထိန်းချုပ်ကစားနိုင်စွမ်းရှိတယ်။ ဒ့ါအပြင် အဆာမိုဂျန်၊ ဂျော်ဒန်အာယောတို့လို တိုက်စစ်မှူးတွေကလည်း ပွဲကိုအလှည့်အပြောင်းဖြစ်အောင် လုပ်ဆောင်နိုင်စွမ်းရှိသူတွေမို့ အမေရိကန်အသင်း ရုန်းကန်ရနိုင်တယ်။ အမေရိကန်ဟာ အဇာဘိုင်ဂျန်၊ တူရကီ၊ နိုင်ဂျီးရီးယားတို့နဲ့ ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းရရှိခဲ့တာမှန်တယ်။ အဓိကတိုက်စစ်မှူး ဒမ်ဆေးဟာ အသက်အရွယ်အရ အကောင်းဆုံးအချိန်ကို ကျော်ဖြတ်စပြုနေပြီဖြစ်ပေမယ့် ဆန်းဒါးလန်းတိုက်စစ်မှူး အယ်တီဒေါလိုကစားသမားမျိုးရှိနေတာကြောင့် အမေရိကန်တိုက်စစ်ရဲ့တိုးအားကောင်းမွန်နိုင်တယ်။ ဒါပေမယ့် ဘရက်ဒလေ၊ ဂျာမိန်းဂျုံးစ်တို့နဲ့ ဦးဆောင်လာမယ့် အမေရိကန်ကွင်းလယ်ဟာ ဂါနာကွင်းလယ်ကို အသာစီးယူနိုင်ဖို့ခက်တယ်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းတယ်ဆိုပေမယ့် ဂါနာအသင်းကသာ တစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁

အီရန် Vs နိုင်ဂျီးရီးယား	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၇-၆-၂၀၁၄၊ နံနက် ၁း၃၀ Arena da Baixada
နောက်ဆုံးဆုံတွေ့မှုရလဒ်	အီရန် ၀-၁ နိုင်ဂျီးရီးယား (၂၈-၁-၁၉၉၈)

ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ထရီနီဒက်စ်ကို အနိုင်ယူနိုင်ခဲ့တဲ့ အီရန်အသင်းဟာ အင်ဂိုလာ၊ မွန်တီနီဂရိုး၊ ဘီလာရုစ်တို့နဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာတော့ သရေရလဒ်သာ ရယူနိုင်ခဲ့တယ်။ အီရန်ရဲ့ ခံစစ်ပိုင်း ထက်မြက်မှုရှိတာမှန်ပေမယ့် ချာလ်တန်တိုက်စစ်မှူး ရီဇာဦးဆောင်တဲ့ အီရန်တိုက်စစ်ကတော့ ခြေစွမ်းပိုင်း အနည်းငယ်အားနည်းမှု ရှိနေတာကို သတိပြုရမယ်။ ဒါပေမယ့် အီရန်အသင်းရဲ့ အသင်းလိုက်ရုန်းအား ကောင်းမွန်မှုကြောင့် နိုင်ဂျီးရီးယား ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်။ အာဖရိကထိပ်တန်းစာရင်းဝင်တစ်သင်းဖြစ်တဲ့ နိုင်ဂျီးရီးယားက အကောင်းဆုံးခြေစွမ်းပုံစံ မရှိသေးပေမယ့် အသင်းလိုက်စုစည်းမှုအား ကောင်းမွန်တာကြောင့် မက္ကဆီကို၊ စကော့တလန်၊ ဂရိတို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ သရေရလဒ်ရယူနိုင်ခဲ့တယ်။ ဒါပေမယ့် နိုင်ဂျီးရီးယား တိုက်စစ်မှူးတွေဖြစ်တဲ့ အမီယိုဘီ၊ အိုဒမ်ဝင်ဂီနဲ့ အူချီဘိုတို့ဟာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာမရှိကြလို့ အီရန်ခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ မော့ဆက်၊ အိုနာဇီ၊ မီခေးလ်တို့ ပါဝင်လာမယ့် ကွင်းလယ်ကတော့ အီရန်ကွင်းလယ်ကို ထိန်းချုပ်နိုင်စွမ်းရှိတယ်။ သရေရလဒ်သာ ထွက်ပေါ်လာနိုင်တဲ့ပွဲပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

ထက်အောင်